# ကွန်မြူနစ်ပါတီ
# ကြေညာစာတမ်း

# MANIFESTO
## OF
## THE COMMUNIST PARTY




KARL MARX

AND

FREDERICK ENGELS

ကားလ်မာ့က်စ်၊ ဖရက်ဒရစ် အိန်ဂယ်



ဗဟိုဝါဒဖြန့်ချိရေးဌာန





ဗမာပြည်ကွန်မြူနစ်ပါတီ

ကားလ်မာ့က်စ်၊ ဖရက်ဒရစ်အိန်ဂယ်

# ကွန်မြူနစ်ပါတီကြေညာစာတမ်း

တတိယအကြိမ်ပုံနှိပ်ထုတ်ဝေခြင်း

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ



ဗဟိုဝါဒဖြန့်ချိရေးဌာန
ဗမာပြည်ကွန်မြူနစ်ပါတီ



ကားလ်မာ့က်စ်



ဖရက်ဒရစ် အိန်ဂယ်

# ကားလ် မာ့က်စ် ၊ ဖရက်ဒရစ် အိန်ဂယ်
# ကွန်မြူနစ်ပါတီ ကြေညာစာတမ်း

တိုင်းပြည်အားလုံးရှိ ပစ္စည်းမဲ့များ သွေးစည်းကြလော့ !

“ဤစာတမ်းသည် ကမ္ဘာ့အမြင်သစ်ကို ဉာဏ်ပညာထက်မြက်စွာနှင့် ရှင်းလင်းစွာ ဖော်ပြထားပေသည်။ ၎င်းကမ္ဘာ့အမြင်သည် လူမှုရေးဘ၀ နယ်ပယ်ပါ အကျုံးဝင်သည့် စွဲမြဲခိုင်မာသော ရုပ်ဝါဒဖြစ်ပေါ်တိုးပွားမှုဆိုင်ရာ ဘက်ပေါင်းစုံအကျဆုံးနှင့် နက်ရှိုင်းသောသင်ကြားချက်ဖြစ်သည့် အနုပဋိလောမ၊ လူတန်းစားတိုက်ပွဲသဘောတရား၊သစ်လွင်သော ကွန်မြူနစ်လူ့အဖွဲ့အစည်းကိုဖန်တီးသူ၊ ပစ္စည်းမဲ့လူတန်းစား၏ သမိုင်းဆိုင်ရာတော်လှန်သော အခန်းနှင့် ပတ်သက်သည့် သဘောတရား ဖြစ်ပေသည်။”

လီနင်

“မာ့က်စ်နှင့် အိန်ဂယ်တို့သည် သူတို့၏ **ကြေညာစာတမ်း**ဖြင့် ခေတ်တခေတ်ကို ဖန်တီးလိုက်ပေ၏။”

စတာလင်

ပထမ ပုံနှိပ်ခြင်း၊ ၁၉၄၈ ခုနှစ်
ဒုတိယ ပုံနှိပ်ခြင်း၊ ၁၉၇၇ ခုနှစ်
တတိယပုံနှိပ်ခြင်း၊ ၂၀၀၈ ခုနှစ်

**KARL MARX and FREDERICK ENGELS**

**MANIFESTO OF THE COMMUNIST PARTY**

**ဗမာဘာသာပြန်**

# တတိယအကြိမ်ပုံနှိပ်ခြင်းအမှာ

(၁) ‘ကြေညာစာတမ်း’ နှစ်(၁၆၀) တင်းတင်း ပြည့်ခဲ့ပြီ။ ‘ကြေညာစာတမ်း’ ဟာ မာ့က်စ်ရဲ့ ပစ္စည်းမဲ့တော်လှန်ရေးကျမ်း ဖြစ်သည်။ နှစ်(၁၆၀) အတွင်းမှာ ခေတ်ကာလနှင့် လိုက်လျောညီစွာ မာ့က်စ်ဝါဒကို တိုးချဲ့ခဲ့ ကြပါသည်။ မာ့က်စ်ကိုယ်တိုင် တိုးချဲ့ခဲ့တာရှိသလို အိန်ဂယ်၊ လီနင်၊ မော်စီတုန်းတို့ကလည်း ခေတ်နှင့်အမီဖြစ်အောင် တိုးချဲ့ခဲ့ပါသည်။ ယခုလည်း ၂၁ ရာစု ခေတ်နှင့်အညီ တိုးချဲ့နေကြပါသည်။ တိုးချဲ့တာမလုပ်လျှင် မာ့က်စ်ဝါဒ၏ သက်ဝင်လှုပ်ရှားမှု ရပ်သွားပြီး တရားသေဖြစ်သွားလိမ့်မည်။ မိမိတို့လုပ်ရမည်မှာ ဘာတွေကို ၂၁ ရာစုခေတ်နှင့်အညီဖြစ်အောင် တိုးချဲ့မလဲ ဆိုတာကို စဉ်းစားတွေးခေါ်ဖို့ ဖြစ်ပါသည်။

(၂) မာ့က်စ်၊ အိန်ဂယ်တို့ ရေးခဲ့သည့် ‘ကြေညာစာတမ်း’တွင် နယ်ချဲ့ ဆန့်ကျင်ရေး၊ ကိုလိုနီဝါဒဆန့်ကျင်ရေး စာတကြောင်း၊ စာတပိုဒ်မျှ မပါခဲ့ပါ။ သူတို့ သက်ရှိထင်ရှားရှိခဲ့စဉ်က ကြေညာစာတမ်းရေးစဉ်က နယ်ချဲ့စနစ် ရှိနေပါပြီ။ ကိုလိုနီကျွန်ပြုမှုလည်း ရှိနေပါပြီ။ “အင်္ဂလိပ်–ဗမာ ပထမစစ်ပွဲ” ဖြစ်ပြီးပါပြီ။ ရခိုင်နှင့် တနင်္သာရီ ကိုလိုနီနယ်မြေ ဖြစ်နေပါပြီ။ တရုတ်ပြည်မှာ ဘိန်းစစ်ပွဲဖြစ်ပြီး ဟောင်ကောင် ကိုလိုနီ ဖြစ်သွားပါပြီ။ အိန္ဒိယ ကတော့

တပြည်လုံး ကိုလိုနီ ဖြစ်နေပါပြီ။

ဘာကြောင့် မာ့က်စ်၊ အိန်ဂယ်တို့က ကြေညာစာတမ်းမှာ ထည့်မရေးခဲ့သလဲ။ ကျွန်တော့်စဉ်းစားချက်မှာ မာ့က်စ်၊ အိန်ဂယ်တို့ အဓိက အာရုံရောက်နေသည်မှာ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမဏီ၊ အမေရိကားတွင် တပြိုင်တည်း 'ပစ္စည်းမဲ့ ဆိုရှယ်လစ် တော်လှန်ရေး' လုပ်ဖို့ပဲ အာရုံစူးစိုက်ထားလို့ ဖြစ်သည်။ ထိုတိုင်းပြည် (၄) ပြည်တွင် ဆိုရှယ်လစ်တော်လှန်ရေး အောင်မြင်ပါက ကမ္ဘာတခုလုံးသည်လည်း တနွယ်ငင်တစင်ပါ ဆိုရှယ်လစ်လမ်းကြောင်းပေါ် ရောက်သွားမှာ ဖြစ်သည်။ အရင်းရှင်စနစ် (ဂလိုဘယ်လိုက်ဇေးရှင်း) လမ်းကြောင်း လုံးဝရပ်တန့်သွားမှာ ဖြစ်သည်။ ဒါ့ကြောင့် အကိုင်းအခက်ကို ချိုင်မနေတော့ဘဲ ပင်စည်ကိုချိုင်ဖို့ မာ့က်စ်၊ အိန်ဂယ်တို့ လုံးပန်းခဲ့ကြတာဟု ယူဆပါသည်။

(၁၈၇၁) ခုနှစ်ရောက်တော့ ဂျာမဏီ၊ ပြင်သစ် စစ်ဖြစ်သည်။ ပဲရစ်ဘုံအဖွဲ့ တော်လှန်ရေး ရှုံးနိမ့်သွားသည်။ ဒီနောက်မှာတော့ မာ့က်စ်၊ အိန်ဂယ်တို့၏ ရေးသားချက်များတွင် နယ်ချဲ့ဆန့်ကျင်ရေး၊ ကိုလိုနီဝါဒဆန့်ကျင်ရေးတွေ ပါလာခဲ့ပြီ။ ဒါဟာ မာ့က်စ်ဝါဒကို ခေတ်နှင့်အညီ တိုးချဲ့ခြင်းဟု ဆိုရပါမည်။

မာ့က်စ်၊ အိန်ဂယ်တို့ ကွယ်လွန်ပြီးနောက် လီနင်က မာ့က်စ်ဝါဒကို ခေတ်နှင့်အညီ တိုးချဲ့ခဲ့သည်။ ပထမကမ္ဘာစစ်ဖြစ်တော့ လီနင်က နယ်ချဲ့စနစ်ကို ပယ်ပယ်နယ်နယ် အခြေခံကျကျ ဆန့်ကျင်ခဲ့သည်။ နယ်ချဲ့အချင်းချင်း စစ်တိုက်နေတာကို ချက်ကောင်းယူပြီး 'အောက်တိုဘာ ဆိုရှယ်လစ် တော်လှန်ရေး' လုပ်သည်။ မာ့က်စ်၊ အိန်ဂယ်တို့ မျှော်မှန်း ခဲ့သည့် ရှေ့တန်းရောက် တိုင်းပြည် (၄) ပြည်က တပြိုင်နက် တော်လှန်ရေး လုပ်ရေးနည်းနာကို စွန့်ပယ်လိုက်သည်။ အခြေအနေပေးလျှင် ခေတ်နောက်ကျနေသည့် တိုင်းပြည်တပြည်တည်းကပင် 'ဆိုရှယ်လစ် တော်လှန်ရေး' အောင်မြင်အောင်လုပ်နိုင်သည်ဆိုတာကို လက်တွေ့ လုပ်ပြလိုက်သည်။

ပြီးတော့ တတိယအင်တာနေရှင်နယ် (ကွန်မြူနစ် အင်တာနေရှင်နယ်) ထောင်သည်။ ကိုလိုနီတိုင်းပြည်တွေမှာ ကွန်မြူနစ်ပါတီတွေ အလျှိုလျှို ပေါ်သည်။ ဒါဟာ မာ့က်စ်ဝါဒကို ခေတ်နှင့်အညီ တိုးချဲ့ခြင်း

ကြောင့် ရလာသည့် အသီးအပွင့်များ ဖြစ်သည်။ 'ဆိုဗီယက်' ကွန်မြူနစ်က အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှုများကို အားတက်သရော ထောက်ခံ အားပေးခဲ့၍လည်း လွတ်လပ်ရေးတိုက်ပွဲဝင် အင်အားစုများ၏ စိတ်ချရ သော သဘာဝမဟာမိတ် ဖြစ်လာခဲ့သည်။

နယ်ချဲ့အချင်းချင်း စစ်တိုက်နေလို့ပဲ ဒုတိယကမ္ဘာစစ်အတွင်းမှာ မော်စီတုန်းအတွေးအခေါ် ရှေ့ဆောင်မှုနှင့် တရုတ်ပြည်တော်လှန်ရေး အား ကြီးလာပြီး အောင်မြင်ခဲ့တာ ဖြစ်သည်။

(၃)ဒုတိယကမ္ဘာစစ် ပြီးသည့်နောက်မှစပြီး ယခုအချိန်အထိ နယ်ချဲ့အချင်းချင်း စစ်မဖြစ်တော့ပါ။ စစ်မဖြစ်ရုံမက သူတို့အချင်းချင်း ကွန်မြူနစ်ဆန့်ကျင်ရေး အတွက် စည်းလုံးမိနေသည်။ အမေရိကန်ကို ခေါင်းဆောင်တင်ထားကြ သည်။ တချို့က လိုလိုချင်ချင် ခေါင်းဆောင်တင်သည်။ (ဥပမာ အင်္ဂလိပ်) တချို့က မတတ်သာလို့ ခေါင်းဆောင် တင်သည်။ (ဥပမာ ပြင်သစ်၊ ဂျာမဏီ) ဘာပဲဖြစ်ဖြစ် ခေါင်းဆောင်တော့ တညီတညွတ်တည်း တင်ထားသည်။ သူ တို့တတွေ ကွန်မြူနစ်ဆန့်ကျင်ရေးမှာ ညီညွတ်ကြသည်။

ဤအဖြစ်မှန်ကို သတိမပြုဘဲ၊ ထည့်မစဉ်းစားဘဲ ဆိုဗီယက် ကွန်မြူ နစ်က "တနိုင်ငံတည်းမှာ ဆိုရှယ်လစ်စနစ်က ကွန်မြူနစ်စနစ်သို့ ချီတက်နိုင် သည်၊ ချီတက်မည်"ဟု လုပ်လိုက်သည်။ တရုတ်ပြည်ပါတီကလည်း အားကျမခံ "ခုန်လွှားချီတက်ရေး" လုပ်သည်။ ခရုးရှက်ကဆိုလျှင် "မင်းတို့ ကို မြေမြှုပ်သင်္ဂြိုဟ်ပစ်မယ်" အထိ ပြောသည်။ နောက်ဆုံးတော့ သင်္ဂြိုဟ် ခံရတာက ဆိုဗီယက် ဖြစ်သွားသည်။

တရုတ်ပြည်ပါတီကတော့ ၁၉၇၀ ပြည့်လွန်နှစ်တွေကတည်းက တဖြည်းဖြည်း နောက်ဆုတ်လို့ သက်သာသွားသည်။ ဖြစ်စဉ်အကျယ်ကို မရေးတော့ပါ။ ရဲဘော်များကိုယ်တိုင်ပဲ လေ့လာကြစေချင်သည်။ အခု တင်ပြ ချင်တာက...

❖ နယ်ချဲ့အချင်းချင်း စစ်ဖြစ်နေတုန်းကလုပ်လို့ အောင်မြင်ခဲ့ တာကို (တရားသေယူပြီး) နယ်ချဲ့အချင်းချင်း စည်းလုံးမိနေချိန်မှာ လုပ် လျှင် နှာခေါင်းကျည်ပွေ့တွေ့တတ်သည်။

❖ ရန်သူဝိုင်းဝိုင်းလည်နေချိန်မှာ ဆိုရှယ်လစ်တိုင်းပြည်များအ

တွင်း စည်းလုံးညီညွတ်ရေးကို ကြံ့ခိုင်စေရမည်။ မိမိတိုင်းပြည်မှ ပြည်သူလူထု၏ စားဝတ်နေရေးကို တဆင့်ချင်း မြှင့်တင်ပေးနေရမည်။

❖ မာ့က်စ်ဝါဒကို ခေတ်နှင့်အညီ တိုးချဲ့နေရမည်။ ၂၁ ရာစုတွင် '၂၁ ရာစု မာ့က်စ်ဝါဒ' ကို ပုံဖော်နိုင်ကြရမည်။ ခေတ်နှင့်အညီ မတိုးချဲ့နိုင်လျှင် တရားသေအမှား၊ ဆန္ဒစွဲအမှား ဖြစ်လိမ့်မည်။

...ဟူ၍ ဖြစ်ပါသည်။

(၄) ၂၁ ရာစု၏ထူးခြားချက်မှာ နယ်ချဲ့အင်အားစုအားလုံးက အမေရိကန်ကို တညီတညွတ်တည်း ခေါင်းဆောင်တင်ထားသည်။ ဗိုလ်လုပ်ခွင့်ပေးထားသည်။ အမေရိကန်ကလည်း ၂၁ ရာစုကို အမေရိကန်ရာစု ဖြစ်စေရမည်ဆိုပြီး တိုင်းပြည်ငယ်များ (အထူးသဖြင့် တကောင်ကြွက် အထီးကျန်ဖြစ်နေသည့် နိုင်ငံငယ်များ) ကို ရန်ရှာနေသည်။

၁၅ ရာစုမှ ၁၉ ရာစုအထိ လုပ်ခဲ့သည့် နယ်ချဲ့စနစ်ဟောင်းကို ပြန်လုပ်လို့ မရမှန်း အမေရိကန်က သိသည်။ ဒါကြောင့်ပဲ "လွတ်လပ်မှုနှင့် ဒီမိုကရေစီ" ကို တကြော်ကြော်လုပ်ကာ နယ်ချဲ့နေတာ ဖြစ်သည်။

အာဖဂန်နစ္စတန်နှင့် အီရတ်ကို စောင့်ကြည့်ရပါမည်။ သူတို့က နယ်ချဲ့စနစ်သစ်နှင့် ကိုလိုနီဝါဒသစ်၏ စံနမူနာဖြစ်လာလိမ့်မည်။

(၅) တရုတ်ပါတီက တရုတ်လက္ခဏာရှိသည့် 'ပဏာမ ဆိုရှယ်လစ်အဆင့်'ကို လုပ်နေသည်။ ဒါဟာ သူ့တရုတ်ပြည်အခြေအနေအရ လုပ်နေသည့် '၂၁ ရာစု မာ့က်စ်ဝါဒ' ကြံဆချက်ဟု ထင်ပါသည်။ ဗမာပြည်ကွန်မြူနစ်ပါတီကလည်း ဗမာပြည်အခြေအနေအရ ၂၁ ရာစု မာ့က်စ်ဝါဒကို လုပ်နေပါသည်။

တရုတ်ပြည်ပါတီက အာဏာရပါတီ ဖြစ်သည်။ ဗမာပြည်ပါတီက မြေအောက် အတိုက်အခံ ပါတီဖြစ်သည်။ အနေအထားချင်း မတူတာကို သတိပြုပါ။ ဗမာပြည်ပါတီက အိန္ဒိယကွန်မြူနစ်ပါတီများနှင့်ပင် မတူပါ။ သူတို့က 'တရားဝင်' ပါတီတွေဖြစ်သည်။ CPI (M) ဆိုလျှင် ဗမာ ပြည်လောက် လူဦးရေများကြသည့် ပြည်နယ် (၂) ခုတွင် အာဏာရနေတာ ဖြစ်သည်။ သူတို့စဉ်းစားသလို၊ သူတို့လုပ်သလို မိမိတို့ လိုက်လုပ်ချင်လို့ မဖြစ်ပါ။

(၆) လီနင်က 'အရင်းရှင်စနစ်၏ အမြင့်ဆုံးအဆင့်ဖြစ်သော နယ်ချဲ့စနစ်' ကျမ်းကို ၂၀ ရာစုက ရေးခဲ့သလို ၂၁ ရာစုတွင်လည်း ၂၁ ရာစုတွင် တည်ရှိသည့် 'နယ်ချဲ့စနစ်သစ်'အကြောင်း ပြုစုသင့်ပါသည်။ မာ့က်စ်၊ အိန်ဂယ်တို့၊ လီနင်တို့ခေတ်က စာအုပ်တအုပ် ပြုစုမည်ဆိုလျှင် စာကြည့်တိုက်ကို ကိုယ်တိုင်သွားပြီး မှတ်စုထုတ်ရသည်။ ပြီးမှ ရေးရသည်။ ယနေ့ခေတ်တွင် ကွန်ပျူတာ တလုံးရှိပြီး အင်တာနက်ချိတ်ဆက်နိုင်လျှင် ထိုင်ရာမထ အိမ်မှာနေရင်း စာအုပ်ပြုစုနိုင်ပါသည်။ နိုင်ငံခြားရောက် ပါတီဝင်များ၊ ပါတီလိုလားသူများ၊ ပါတီပ မာ့က်စ်ဝါဒီများကို ၂၁ ရာစုတွင် တည်ရှိသည့် နယ်ချဲ့စနစ်သစ်အကြောင်း၊ ဂလိုဘယ်လိုက်ဇေးရှင်းအကြောင်းကစပြီး အတွေးအခေါ် အယူအဆ ဟူသမျှကို လေ့လာဆန်းစစ်သော စာစောင်စာတမ်းတွေ ရေးကြစေချင်သည်။ (ဗကပ) ဗဟိုသုတေသနဌာနက ၂၁ စာစဉ်တွင် (သို့မဟုတ်) လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေပေးဖို့ အစီအစဉ် ရှိပါသည်။

များများ လေ့လာစူးစမ်းပြီး သုတေသနစာတမ်းများ ရေးကြစေချင်သည်။ ယနေ့ခေတ်တွင် ကွန်မြူနစ်ပါတီဝင်တိုင်း ကိုယ့်တိုင်းပြည် အခြေအနေအရ ကိုယ့်လမ်းကိုယ်ထွင်ကာ ကိုယ့်တာဝန် ကိုယ်ယူပြီး 'ဆိုရှယ်လစ်လောကသို့' ချီတက်နေပါသည်။ ကျွန်တော်တို့ပါတီကလည်း ကိုယ့်အားကိုယ်ကိုး ၂၁ ရာစု မာ့က်စ်ဝါဒကို ရှာဖွေကြရပါမည်။

(၇) ကွန်မြူနစ်တို့၏ နောက်ဆုံးရည်မှန်းချက်မှာ လူလူချင်း သွေးစုပ်မှု ကင်းစင်သော၊ လူတန်း စားမရှိသော ကွန်မြူနစ်လူ့အဖွဲ့အစည်း ထူထောင်ရန် ဖြစ်သည်။ နိုင်ငံတကာ့ အတွေ့ အကြုံတွေအရဆိုလျှင် အတော်ကြာကြာ ရာစုနှစ်နှင့်ချီပြီး အချိန်ယူ ချီတက်ရ မည့်ခရီး ဖြစ်သည်။ စိတ်ရှည်ရမည်။ ဇွဲရှိရမည်။ သားစဉ်မြေးဆက် ချီတက်ရမည်မှာ သေချာပါသည်။ စိတ်လောလို့ မဖြစ်ပါ။ ဆန္ဒစွဲအမှား ကျူးလွန်လျှင် ရှေ့မတက်ဘဲ နောက်ဆုတ်ရဖို့ပဲ ဖြစ်လိမ့်မည်။ မိမိတို့အဖြစ်ကိုပဲ ပြန်သုံးသပ်ကြစေချင်သည်။ လက်ဝဲသွေဖီရေးမှားလိုက်၊ လက်ယာသွေဖီရေးမှားလိုက် မှားနေခဲ့၍ နောက်ဆုံးကတုတ်အထိ နောက်ဆုတ်နေရသည်။

နောက်ဆုတ်နေရချိန်မှာ ထိုးစစ်ဆင်ဖို့ချည်း တဖွဖွ ပြောနေလို့

မဖြစ်ပါ။ မိမိတို့ နောက်ဆုတ်နေရခြင်းကိုလည်း "ဘယ်သူမပြု မိမိမှု" ဖြစ်ကြောင်း ရဲရဲ လက်ခံလိုက်ပါ။

**(၈)** နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှု အခြေအနေကိုလည်း ပြောချင်သည်။ ပထမ၊ ဒုတိယ၊ တတိယ အင်တာနေရှင်နယ်များ ဖွဲ့ခဲ့ကြသည်။ တတိယ အင်တာနေရှင်နယ်ကို မိမိဘာသာ ဖျက်သိမ်းခဲ့တာ (၁၉၄၃) ခုနှစ်ကဆိုတော့ အင်တာနေရှင်နယ် မရှိတာ (၆၅) နှစ် ရှိပြီ။ အခုတော့ ဘယ်ပါတီကမှ (တရားဝင်) စတုတ္ထအင်တာနေရှင်နယ်ဖွဲ့ဖို့ မပြောကြပါ။ ပြောနေတာက ထရော်စကီဂိုဏ်းဝင် အစုကလေးများပဲ ဖြစ်သည်။ သူတို့ကတော့ စတုတ္ထ အင်တာနေရှင်နယ်ဖွဲ့ဖို့၊ အရင်းရှင်စနစ်ကို အထွေထွေထိုးစစ်ဆင်ဖို့ ပြောနေကြသည်။ အပြောပဲရှိသည်။ အလုပ်မရှိပါ။

အင်တာနေရှင်နယ်အဖွဲ့ချုပ်ဆိုတာ ရှေ့ဆောင်အတွေးအခေါ်ရှိမှ ဖွဲ့လို့ရတာ ဖြစ်သည်။ လူထုအခြေခံရှိသည့် ပါတီများက သဘောတူပြီးဖွဲ့မှ ရတာဖြစ်သည်။ ပထမအင်တာနေရှင်နယ်၊ ဒုတိယအင်တာနေရှင်နယ်ကို မာ့က်စ်ဝါဒရှေ့ဆောင်မှုနှင့် ဖွဲ့တာ ဖြစ်သည်။ တတိယအင်တာနေရှင်နယ်ကို လီနင်ဝါဒ ရှေ့ဆောင်တာ ဖြစ်သည်။ စတုတ္ထအင်တာနေရှင်နယ်ကို ဘယ်'ဝါဒ' နှင့် ရှေ့ဆောင်ကြမှာလဲ။

**(၉)**နောက်ဆုံးတင်ပြချင်တာက ကြေညာစာတမ်းကို မိမိတို့ တော်လှန်ရေး လက်တွေ့ဖြင့် ပေါင်းစပ်ပြီး လေ့လာကြဖို့ ဖြစ်သည်။ ကြေညာစာတမ်း၏ အနှစ်ကိုယူ၊ အကာကို ပယ်ကြဖို့ ဖြစ်သည်။ မာ့က်စ်၊ အိန်ဂယ်တို့ခေတ်ကနဲ့ အခုခေတ် မတူတော့တာကို သတိပြုရမည်။ မီးရထားခေတ်နှင့် အခု ကျည်ဆန်ရထားခေတ်၊ ဂျက်လေယာဉ်ပျံကြီးများခေတ် မတူနိုင်ပါ။

'အလုပ်သမားများတွင် တိုင်းပြည်မရှိ'ဆိုတာကိုကော မည်သို့ နားလည်ကြမလဲ။ နယ်ချဲ့စနစ်ကြီးစိုးနေသောခေတ်၊ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် 'အလုပ်သမားများတွင် တိုင်းပြည်မရှိ' လုပ်နေလို့ ရမလား။ မာ့က်စ်တို့ရေးခဲ့တာက ပစ္စည်းမဲ့လူတန်းစားသည် ဦးစွာပထမ နိုင်ငံရေးအုပ်စိုးမှုကို ရယူရမယ်၊ အမျိုးသားခေါင်းဆောင် လူတန်းစားအဖြစ် မြှင့်တင်ရမယ်လို့ ဆိုသည်။ ဒါက သူတို့ရဲ့ ကမ္ဘာ့တော်လှန်ရေးအမြင်အရ ပြောနေခြင်း ဖြစ်သည်။ မိမိတို့က အခုခေတ်အရ တိုးချဲ့စဉ်းစားရလိမ့်မည်။ ဗကပ က ပြည်ချစ်ဝါဒ

လမ်းစဉ် လုပ်နေခြင်းသည်  အလုပ်သမား(ပစ္စည်းမဲ့) များတွင် တိုင်းပြည်ရှိသည်၊ ထိုတိုင်းပြည်ကို ချစ်ရမည်ဟု ပြောနေခြင်း ဖြစ်သည်။

ကြေညာစာတမ်းကို နောက်တဖန် လေ့လာကြပါ။ ၂၁ ရာစု လက်တွေ့နှင့် ပေါင်းစပ်စဉ်းစားကြပါဟု တိုက်တွန်းပါသည်။   ။

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ။

ရဲဘော်ကြင်မောင်
အထွေထွေအတွင်းရေးမှူး
ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ

# အမှာစကား

ကွန်မြူနစ်ပါတီကြေညာစာတမ်း စာအုပ်ကို ဗမာပြည်ကွန်မြူနစ် ပါတီက ဗမာလိုပုံနှိပ်ထုတ်ဝေခဲ့တာ ခုအခါနဲ့ပါဆိုရင် နှစ်ကြိမ်ရှိပါပြီ။

ပထမဦးဆုံးအနေနဲ့ စာအုပ်ရဲ့နာမည်နဲ့ပတ်သက်ပြီး ရှင်းပြလိုပါတယ်။ ဗမာပြည်မှာ ကွန်မြူနစ်များနဲ့ လက်ဝဲစာပေလေ့လာသူများ အသိုင်းအဝိုင်းအတွင်း ဒီစာအုပ်ကို လွယ်လွယ်နဲ့တိုတို "ကွန်မြူနစ်ကြေညာစာတမ်း" လို့ ခေါ်ခဲ့ကြတယ်။ တကယ့် နာမည်အရင်းက "ကွန်မြူနစ်ပါတီ ကြေညာစာတမ်း" ဖြစ်တယ်။ ယခင်က ဗမာပြည်မှာ ထုတ်ဝေခဲ့တဲ့ "ကွန်မြူနစ်ကြေညာစာတမ်း" နဲ့ အခုထုတ်ဝေတဲ့ "ကွန်မြူနစ်ပါတီကြေညာစာတမ်း" နှစ်ခုစလုံးဟာ အတူတူပဲ ဖြစ်ပါတယ်။

၁၉၄၇ ခုနှစ်က လန်ဒန်မြို့မှာကျင်းပခဲ့တဲ့ "ဗြိတိသျှအင်ပါယာအတွင်းရှိ ကွန်မြူနစ်ပါတီများကွန်ဖရင့်" မှာ ဆုံးဖြတ်ချက်တခု ချမှတ်ခဲ့တယ်။ ဒီဆုံးဖြတ်ချက်ကတော့ ၁၉၄၈ ခုနှစ်ဟာ ကွန်မြူနစ်ပါတီကြေညာစာတမ်း ထုတ်ပြန်တာ အနှစ် ၁၀၀ ပြည့်နေ့ ဖြစ်တဲ့အတွက် တတ်နိုင်တဲ့ ကွန်မြူနစ်ပါတီများက မိမိတို့တိုင်းရင်းဘာသာစကားဖြင့် ဘာသာပြန် ပုံနှိပ်ထုတ်ဝေကြရန်နဲ့ မိတ္တူ ၅ အုပ်မှ ၁၀ အုပ်စီလောက်ကို လန်ဒန်မြို့ရှိ မာ့က်စ်အထိမ်းအမှတ် ဗိမာန်မှာ ထားရှိရန် ဆုံးဖြတ်ခဲ့တယ်။

ဒီအစည်းအဝေးကို ကျွန်တော်တို့ပါတီကလည်း ကိုယ်စားလှယ်အဖွဲ့ တဖွဲ့ စေလွှတ်ခဲ့တယ်။

ဒီဆုံးဖြတ်ချက်အတိုင်း ၁၉၄၈ ခုနှစ် အစောပိုင်းမှာ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီက ဒီစာအုပ်ကို ဗမာဘာသာပြန်ပြီး ထုတ်ဝေခဲ့တယ်။* မိတ္တူ ၁၀ စောင်ကိုလည်း လန်ဒန်မြို့ရှိ မာ့က်စ်အထိမ်းအမှတ်ဗိမာန်သို့ ပို့ခဲ့တယ်။

ကနေ့အထိဆိုရင် ကွန်မြူနစ်ပါတီကြေညာစာတမ်းကို မိမိတို့တိုင်းရင်း

---

* ဗမာပြည်ကွန်မြူနစ်ပါတီ၊ ဗဟိုကော်မတီ၏ ပြည်သူ့အာဏာ စာပုံနှိပ်တိုက်၊ ရန်ကုန်မြို့မှ ပထမဆုံးအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ခြင်း ဖြစ်သည်။

ဘာသာနဲ့ မထုတ်ဝေရသေးတဲ့ တိုင်းပြည်ရယ်လို့ မရှိသလောက် ဖြစ်နေပြီလို့ ယူဆရတယ်။

အခုတခါ ပါတီတွင်းပညာပေးရေး လိုအပ်မှုအတွက် ဒီစာအုပ်ကို ဒုတိယအကြိမ် ထပ်မံ ဘာသာပြန် ပုံနှိပ်ထုတ်ဝေလိုက်ပါတယ်။

ဒီစာအုပ်ရဲ့ အနှစ်သာရကိုခြုံကြည့်ရင် တခြားအချက်များအပြင် အောက်ပါ တလောကလုံးဆိုင်ရာ အမှန်တရားတချို့ကို တွေ့နိုင်ပါတယ်။

၁။ ဒီစာအုပ်အခန်း (၁) ပထမစာကြောင်းမှာ ဖော်ပြထားတာက "ယနေ့ထက်တိုင် တည်ရှိနေသော လူ့အဖွဲ့အစည်းအားလုံး၏ သမိုင်းသည် လူတန်းစားတိုက်ပွဲများ၏သမိုင်းပင် ဖြစ်ပေသည်" ဆိုပြီး လူတန်းစား၊ လူတန်းစားပဋိပက္ခနဲ့ လူတန်းစားတိုက်ပွဲများအကြောင်းကို အဓိကအသားပေး ရေးသား ဖော်ပြထားတယ်။

ဒီအချက်ဟာ အလွန်ပဲအရေးကြီးတယ်။ လူတန်းစား၊ လူတန်းစားပဋိပက္ခနဲ့ လူတန်းစားတိုက်ပွဲများကို မမြင်တဲ့၊ လက်မခံတဲ့၊ မကျင့်သုံးတဲ့ လူတွေဟာ ဘယ်နည်းနဲ့မှ လူမှုဝိဇ္ဇာပညာကို မှန်ကန်စွာ မလေ့လာနိုင်၊ မကျင့်သုံးနိုင်ပါ။

လီနင်သင်ကြားချက်အရ ကွန်မြူနစ်တယောက်အဖို့ဆိုရင် လူတန်းစားနဲ့ လူတန်းစားတိုက်ပွဲကို လက်ခံရုံနဲ့ မလုံလောက်၊ လူတန်းစားနဲ့ လူတန်းစားတိုက်ပွဲ ဖြစ်ပေါ်တိုးပွားမှုတရားအရ ကေန်မုချ ပစ္စည်းမဲ့အာဏာရှင်စနစ်ကို ရောက်စေလိမ့်မယ်လို့ လက်ခံယုံကြည်သူမှသာ ကွန်မြူနစ်တယောက် ဖြစ်နိုင်မယ်။

ဥက္ကဋ္ဌကြီး မော်စီတုန်းက ထပ်မံပြီး ပစ္စည်းမဲ့အာဏာရှင်စနစ်အောက်မှာ ဆက်လက်တော်လှန်ရေး လုပ်ရမယ်လို့ တိုးချဲ့ဖြည့်စွက်လိုက်ပြန်ပါတယ်။

၂။ မြေယာဘုံပိုင်ဆိုင်မှုရှိတဲ့ ရှေးဘုံခေတ်မှာ လူတန်းစား မပေါ်ပေါက်သေးပါ။

ဒီနောက်မှာ ထုတ်လုပ်ရေးပရိဘောဂတွေကို ပုဂ္ဂလိကပိုင်ဆိုင်မှုအဖြစ် ပေါ်လာတာနဲ့အမျှ လူတန်းစားတွေ၊ သွေးစုပ်မှုစနစ်တွေနဲ့ နိုင်ငံတော်တွေဆိုတာ ထွက်ပေါ်လာရတော့တာပဲ။

ဒါကြောင့် အခုအထိ ပေါ်ပေါက်ခဲ့တဲ့ သွေးစုပ်မှုရှိတဲ့ လူ့အဖွဲ့အစည်းတွေဖြစ်တဲ့ ကျေးပိုင်ကျွန်ပိုင်စနစ်၊ မြေရှင်ပဒေသရာဇ်စနစ်နဲ့ အရင်းရှင်စနစ်

အတွင်းမှာ လက်တဆုပ်စာ လူနည်းစုက ထုတ်လုပ်ရေးပရိဘောဂတွေကို ပုဂ္ဂလိကပိုင်ပစ္စည်းတွေအဖြစ် ပိုင်ဆိုင်ထားရှိပြီး လူအများတကာ့ အများစုကြီးကို သွေးစုပ်ဖိနှိပ်ကြတော့တယ်။

ပစ္စည်းမဲ့လူတန်းစားက အရင်းရှင်နဲ့ တခြားဖောက်ပြန်တဲ့ သွေးစုပ်လူတန်းစားတွေကို တော်လှန်ကာ တည်ထောင်လိုက်တဲ့၊ ပစ္စည်းမဲ့လူတန်းစားက ခေါင်းဆောင်တဲ့ နိုင်ငံတော်မှာတော့ အများတကာ့ အများစုကြီးဖြစ်တဲ့ ပစ္စည်းမဲ့လူတန်းစားနဲ့ လုပ်သားပြည်သူလူထုတို့က အုပ်စိုးတဲ့လူတန်းစားဖြစ်လာပြီး အရင်းရှင်တွေ၊ မြေရှင်ပဒေသရာဇ်တွေနဲ့ ဖောက်ပြန်တဲ့ လူတန်းစားတွေအပေါ် အာဏာရှင်စနစ် ကျင့်သုံးရတယ်။ ဒါဟာ လူ့သမိုင်းမှာ အများစုကြီးက လက်တဆုပ်စာ အနည်းစုအပေါ် အာဏာရှင်စနစ်ကျင့်သုံးတဲ့ ပထမဆုံးစနစ်ဖြစ်တယ်။

ကျေးပိုင်ကျွန်ပိုင်စနစ်ကို တက်သစ်စ ပဒေသရာဇ်လူတန်းစားက တော်လှန်ပြီး အာဏာလုယူရာမှာလည်းကောင်း၊ မြေရှင်ပဒေသရာဇ်စနစ်ကို တက်သစ်စ ဓနရှင်လူတန်းစားက တော်လှန်ပြီး အာဏာလုယူရာမှာလည်းကောင်း၊ အရင်းရှင်စနစ်ကို ပစ္စည်းမဲ့များက တော်လှန်ပြီး အာဏာလုယူရာမှာလည်းကောင်း **အကြမ်းဖက်တဲ့နည်း (ဝါ) လက်နက်ကိုင်တိုက်ပွဲနည်း**နဲ့သာ အကြိမ်ကြိမ် တိုက်ပွဲဆင်ပြီးမှသာ အုပ်စိုးတဲ့လူတန်းစားအသစ်ရဲ့ အာဏာဟာ တည်မြဲနိုင်လိမ့်မယ်။

မာ့က်စ်က ထပ်မံသင်ကြားလိုက်တာက သွေးစုပ်တဲ့လူတန်းစား တရပ်က တခြားသွေးစုပ်တဲ့လူတန်းစားဟောင်း တရပ်လက်ထဲက အာဏာကို သိမ်းယူပြီးနောက် နိုင်ငံတော်ယန္တရားကို မဖျက်သိမ်းဘဲ မွမ်းမံပြင်ဆင် အသုံးပြုခဲ့ကြတယ်။ ဒါပေမဲ့ ပစ္စည်းမဲ့လူတန်းစားကတော့ ဓနရှင်လူတန်းစားလက်ထဲက အာဏာကိုလုယူရာမှာ သွေးမစုပ်တဲ့ လူတန်းစားက သွေးစုပ်တဲ့လူတန်းစားဟောင်းရဲ့ အာဏာကို လုယူတာဖြစ်လို့ အရင်းရှင်စနစ်က ထူထောင်ထားတဲ့ နိုင်ငံတော်ယန္တရား အဟောင်းကို ယခင်သွေးစုပ်တဲ့ လူတန်းစားတွေလို မွမ်းမံပြင်ဆင် အသုံးချခြင်းမပြုရဘူး။ ဒါနဲ့ဆန့်ကျင်ဘက်ပဲ ဓနရှင်လူတန်းစားက တည်ထောင်ထားတဲ့ ဗျူရိုကရေစီနိုင်ငံတော်ယန္တရားကို ကေန်မုချ ဖျက်ဆီးပစ်ရမယ်ဆိုတဲ့ ပဲရစ်ဘုံအဖွဲ့က ပေးလိုက်တဲ့ အတွေ့အကြုံကို အလေးအနက်

ဂရုစိုက်ကြရမယ်။

၃။ မာ့က်စ်နဲ့ အိန်ဂယ်တို့ သင်ကြားခဲ့တာက လူတန်းစားတိုက်ပွဲ ဖြစ်ပေါ်တိုးပွားမှု တရားအတိုင်းဆိုရင် အရင်းရှင်စနစ်ဟာ ဦးစွာအားဖြင့် မိမိတို့အမြတ် ရရှိရေးအတွက် ပစ္စည်းမဲ့လူတန်းစားကို ဖြစ်ပေါ်စေခဲ့တယ်။ ဒါပေမဲ့ ဓနရှင်လူတန်းစား မသိတာကတော့ ဒီလိုပစ္စည်းမဲ့လူတန်းစားကို ဖြစ်ပေါ်စေလိုက်တာနဲ့ တပြိုင်နက်၊ မိမိတို့ ဓနရှင်လူတန်းစားနဲ့ အရင်းရှင်စနစ်ကို မြေမြှုပ်သင်္ဂြိုဟ်မယ့်သူတွေကို မွေးဖွားစေလိုက်တယ်ဆိုတဲ့ အချက်ပဲ။ ဒါဟာ သမိုင်းရဲ့ အနုပဋိလောမတရား ဖြစ်တယ်။

ဒါကြောင့် လူတန်းစားတိုက်ပွဲ ဖြစ်ပေါ်တိုးပွားမှုတရားအရ ဓနရှင်လူတန်းစားအုပ်စိုးမှုကို ပစ္စည်းမဲ့လူတန်းစားက မလွဲမသွေတိုက်ဖျက်ပြီး ဓနရှင်လူတန်းစားလက်ထဲမှ အာဏာကို အကြမ်းဖက်တဲ့နည်းနဲ့ လုယူကာ၊ အများစုက အနည်းစုကို အုပ်စိုးတဲ့ နိုင်ငံတော်ကို ထူထောင်ကာ  တဖြည်းဖြည်း လူလူချင်း သွေးစုပ်မှုကင်းတဲ့ ကွန်မြူနစ်စနစ်ကို ဧကန်မုချထူထောင်နိုင်မှာ ဖြစ်တယ်။ လူလူချင်း သွေးစုပ်တဲ့စနစ်၊ လူတန်းစား၊ နိုင်ငံတော်၊ ပါတီဆိုတဲ့ အခြင်းအရာတွေဟာ ထုတ်လုပ်ရေးပရိဘောဂတွေကို ပုဂ္ဂလိကပိုင်ဆိုင်မှုအဖြစ် ထားရှိရာက ပေါ်ပေါက်လာတာတွေ ဖြစ်တယ်။

ဒါကြောင့် ထုတ်လုပ်ရေးပရိဘောဂတွေကို ပုဂ္ဂလိကပိုင်ဆိုင်မှုစနစ်အဖြစ် ထားရှိမှုအား ဖျက်သိမ်းနိုင်မှသာ လူတန်းစား၊ လူလူချင်း သွေးစုပ်မှုစနစ်ဟာ ပပျောက်ပေလိမ့်မယ်။ နိုင်ငံတော်၊ ပါတီဆိုတဲ့ အခြင်းအရာတွေဟာ တဖြည်းဖြည်းညှိုးနွမ်း ကွယ်ပျောက်သွားလိမ့်မယ်။

ဒါကြောင့် ကွန်မြူနစ်လောကမရောက်မီ နောင်ဖြစ်ပေါ်လာမယ့် လူ့အဖွဲ့အစည်းအားလုံးရဲ့ သမိုင်းဟာလည်း လူတန်းစားတိုက်ပွဲရဲ့သမိုင်းပဲ ဖြစ်ပေလိမ့်မယ်။

၄။ ဒီစာအုပ်အခန်း (၂) ထဲမှာ "ဤအဓိပ္ပာယ်အရ ကွန်မြူနစ်များ၏ သဘောတရားကို စာတကြောင်းတည်းဖြင့် ချုပ်လိုက်လျှင် ပုဂ္ဂလိကပိုင်ဆိုင်မှုကို ဖျက်သိမ်းရေးပင်ဖြစ်၏" လို့ပါတယ်။

ဒီနေရာမှာ ပုဂ္ဂလိကပစ္စည်းဖျက်သိမ်းရေးဆိုတာ ဘာကိုဆိုလိုတာလဲ?

လူတဦးချင်းစီပိုင်တဲ့ နေထိုင်မှုဘဝပစ္စည်းများ (ဥပမာ စားဝတ်နေရေး

အတွက် လိုအပ်တဲ့နေ့စဉ်သုံး ပုဂ္ဂလိကပိုင်ပစ္စည်းများ) ကို ပုဂ္ဂလိကပိုင်ပစ္စည်း အဖြစ် ပိုင်ဆိုင်မှု ဖျက်သိမ်းပစ်ရန် ပြောနေတာမဟုတ်။ ဖျက်သိမ်းပစ်ရန် ပြောနေတာက လူလူချင်းသွေးစုပ်မှုကို ဖြစ်ပေါ်စေတဲ့၊ သွေးစုပ်လူတန်းစားကို ဖြစ်ပေါ်စေတဲ့၊ နိုင်ငံတော်ကို ဖြစ်ပေါ်စေတဲ့ ထုတ်လုပ်ရေးပရိဘောဂတွေ (ဥပမာ မြေယာ၊ သစ်တော၊ စက်ရုံ၊ အလုပ်ရုံ၊ သတ္တုတွင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ကုန်သွယ်ရေး၊ ဘဏ်တိုက် အစရှိတာတွေ) ကို ပုဂ္ဂလိကပစ္စည်းအဖြစ် ပိုင်ဆိုင်မှု ကိုသာ ဖျက်သိမ်းပစ်ရန် ပြောနေတာဖြစ်တယ်။

၅။ ဒီစာအုပ်အခန်း (၃) ထဲမှာ ဆိုရှယ်လစ်ဝါဒ အတုအယောင် အမျိုးမျိုးကို ဖော်ပြထားတယ်။ အနှစ် ၁၀၀ ကျော်က မာ့က်စ်နဲ့ အိန်ဂယ်တို့ ရေးသားဖော်ပြခဲ့တဲ့ ဆိုရှယ်လစ်ဝါဒ အတုအယောင်တွေဟာ ကနေ့ထက်တိုင် ရှိနေသေးတာပဲ မဟုတ်လား? ဥပမာ မလွတ်မြောက်မီ ယခင်ကမ္ဘောဒီးယားက သီဟာနု၊ အိန္ဒိယက အင်ဒီရာဂန္ဒီ၊ အီဂျစ်က နာဆာ အစရှိသူအများအပြား ကလည်း သူတို့တိုင်းပြည်တွေမှာ ဆိုရှယ်လစ်ဝါဒ တည်ဆောက်နေပါတယ်လို့ ပြောခဲ့ကြတာပဲ မဟုတ်လား? ဗမာပြည်မှာကော? နေဝင်း၊ စန်းယုတို့ဟာ ဗမာပြည်မှာ ဆိုရှယ်လစ်ဝါဒ တည်ဆောက်နေတာပဲလို့ ပြည်သူလူထုကို လိမ်ညာနေတာပဲ မဟုတ်လား?

သူတို့ပြောနေကြတဲ့ ဆိုရှယ်လစ်ဝါဒဆိုတာတွေဟာ ဆိုရှယ်လစ်ဝါဒ အတု အယောင်တွေသာ ဖြစ်တယ်။ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်း အတွေး အခေါ်ကို လက်မခံဘဲ ဘယ့်နဲ့လုပ်ပြီး ဆိုရှယ်လစ်ဝါဒအစစ်ကို တည်ဆောက် နိုင်မှာလဲ?

ကျွန်တော်တို့ ကွန်မြူနစ်ပါတီအစစ်တွေက တည်ဆောက်မယ့် ဆိုရှယ်လစ်ဝါဒကတော့ မာ့က်စ်ဝါဒ၊ လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ် မူတွေအပေါ် အခြေခံပြီး၊ ဒီမူတွေနဲ့ မိမိတိုင်းပြည်အခြေအနေနဲ့ ကိုက်ညီတဲ့၊ ဝိဇ္ဇာနည်းကျတဲ့ ဆိုရှယ်လစ်ဝါဒ အစစ်ဖြစ်တယ်။

ဒီကွန်မြူနစ်ပါတီကြေညာစာတမ်းကို ထုတ်ပြန်ခဲ့တာ နှစ်ပေါင်း ၁၂၉ နှစ်ရှိပါပြီ။ ဒါပေမဲ့ ဒီစာအုပ်ထဲမှာပါတဲ့ အခြေခံမူတွေဟာ အခုထက်တိုင် မှန်ကန် လျက်ရှိနေတုန်းပဲ။

ကွန်မြူနစ်ပါတီကြေညာစတမ်းဟာ အနှစ်သာရမှာ မှန်ကန်နက်နဲပြီး၊

သဏ္ဍာန်မှာတော့ အလွန်တောက်ပြောင် လှပတိကျတဲ့ စကားလုံးတွေကို ရွေးချယ်သုံးနှုန်း ထားတာကို တွေ့နိုင်ပါတယ်။ ဥပမာ ဒီစာအုပ်ရဲ့ နောက်ဆုံးအပိုဒ် ၂ ပိုဒ်ကို ဖတ်ကြည့်ပါ။ ဒီလိုရေးထားတယ်။

"ကွန်မြူနစ်များသည် မိမိတို့၏အမြင်နှင့် ရည်ရွယ်ချက်များကို ဖုံးကွယ်ထိမ်ဝှက်ထားရန် မုန်းတီးရွံရှာကြသည်။ တည်ရှိနေသော လူမှုရေးအခြေအနေအားလုံးကို **အကြမ်းဖက်သောနည်းဖြင့် ဖြိုချဖျက်ဆီးပစ်နိုင်မှသာ*** မိမိတို့၏ရည်မှန်းချက်ကို ရရှိနိုင်လိမ့်မည်ဟု ပြောင်အတိအလင်း ကြေညာသည်။ ကွန်မြူနစ်တော်လှန်ရေးကို အုပ်စိုးသောလူတန်းစားများက ထိတ်လန့်ပြီး ကြောက်ဒူးတုန်နေကြပါစေ၊ ပစ္စည်းမဲ့များအတွက်ကား သူတို့ကိုတုပ်နှောင်ထားသော နှောင်ကြိုးများမှအပ ဆုံးရှုံးစရာဟူ၍မရှိ။ သူတို့စိုးပိုင်ရမည်ကား တကမ္ဘာလုံးပင်တည်း။"

"တိုင်းပြည်အားလုံးရှိ အလုပ်သမားများ သွေးစည်းကြလော့!"

ကဲ– ဒီစာပိုဒ်ကို ဖတ်လိုက်ရတာနဲ့တပြိုင်နက် ဒီစာအုပ်ရဲ့အနှစ်သာရနက်နဲမှုနဲ့ အလွန်လှပတဲ့ အသွင်သဏ္ဍာန်ကို တွေ့ရပြီမဟုတ်လား? ကွန်မြူနစ်တွေနဲ့ တော်လှန်ရေးသမားတွေအတွက် ဒီစာပိုဒ်ဟာ ဘယ်လောက်များစိတ်အားထက်သန်မှုတွေ တဖွားဖွား တက်စေပါသလဲ? တောက်ပြောင် ကောင်းမွန်တဲ့အနာဂတ်ကို ဘယ်လောက်များ ကွင်းကွင်းကွက်ကွက် ရှင်းလင်း ပြတ်သားစွာ မြင်နိုင်ပါစေသလဲ? ကျွန်တော်တို့ ကွန်မြူနစ်တွေနဲ့ ပစ္စည်းမဲ့ လူတန်းစား လုပ်သားပြည်သူတွေကသာလျှင် နောက်ဆုံး အောင်ပွဲကို ဆွတ်ခူးနိုင်ရမယ်ဆိုတာ ယုံမှားသံသယဖြစ်ဖွယ်ရာ ရှိနိုင်ပါသေးသလား?

တော်လှန်ရေးလုပ်ငန်းမှန်သမျှကို ဆောင်ရွက်ရာမှာ လူတန်းစား၊ လူတန်းစားပဋိပက္ခ၊ လူတန်းစားတိုက်ပွဲဆိုတာကို ကွန်မြူနစ်လောက မရောက်မီ ကွန်မြူနစ်တိုင်းက စွဲစွဲမြဲမြဲဆုပ်ကိုင်ထားရမယ့် သော့ချက်ဖြစ်တယ်ဆိုတာ ဘယ်တော့မှမမေ့ကြပါနဲ့။

ဒီစာအုပ်ကို တကြိမ်မက အကြိမ်ပေါင်းများစွာဖတ်ပါ။ ဖတ်ပြီးရင် လေးလေးနက်နက်စဉ်းစားပါ၊ စဉ်းစားပြီးရင် လက်တွေ့ အကောင်အထည်ဖော်ပါလို့

* အမှာစကားရေးသူ၏ အလေးထားချက်

အကြံပေးလိုပါတယ်။

နောက်ဆုံးအနေနဲ့ ဒီစာအုပ်ကို အခုလို အခက်အခဲအမျိုးမျိုးကြားထဲမှ အောင်မြင်စွာ ပုံနှိပ်ထုတ်ဝေနိုင်အောင် တာဝန်ထမ်းဆောင်ကြတဲ့ သာသာပြန် ရဲဘော်တွေ၊ စာစီပုံနှိပ်တဲ့ ရဲဘော်တွေ၊ စာတည်းဖြတ်တဲ့ ရဲဘော်တွေနဲ့ ဒီလုပ်ငန်းနဲ့ပတ်သက်တဲ့ ရဲဘော် တွေအားလုံးကို ချီးကျူးဂုဏ်ပြုလိုက်ပါတယ်။

ဗမာစာသာ တတ်တဲ့ ရဲဘော်များနဲ့ ပြည်သူလူထုရောမ အများစုကြီး အတွက် မာ့က်စ်၊ အိန်ဂယ်၊ လီနင်၊ စတာလင်နဲ့ ဥက္ကဋ္ဌကြီးမော်စီတုန်းတို့ ပြုစု ရေးသားခဲ့တဲ့ ကျမ်းကြီးကျမ်းငယ် အစောင်စောင်ကို ဆက်လက်ပုံနှိပ်ထုတ်ဝေ နိုင်ပါစေ။

ဗသိန်းတင်

ဥက္ကဋ္ဌ<br>
ဗဟိုကော်မတီ<br>
ဗမာပြည်ကွန်မြူနစ်ပါတီ<br>
၁၉၇၇ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်

# မာတိကာ


၁၈၇၂ခုနှစ် ဂျာမန်ဘာသာပုံနှိပ်ခြင်းနိဒါန်း (၁၈)

၁၈၈၂ ခုနှစ် ရုရှားဘာသာပုံနှိပ်ခြင်းနိဒါန်း (၂၀)

၁၈၈၃ ခုနှစ် ဂျာမန်ဘာသာပုံနှိပ်ခြင်း နိဒါန်း (၂၄)

၁၈၈၈ ခုနှစ် အင်္ဂလိပ်ဘာသာပုံနှိပ်ခြင်း နိဒါန်း (၂၆)

၁၈၉၀ ခုနှစ် ဂျာမန်ဘာသာပုံနှိပ်ခြင်းနိဒါန်း (၃၅)

၁၈၉၂ ခုနှစ် ပိုလန်ဘာသာပုံနှိပ်ခြင်း နိဒါန်း (၄၄)

၁၈၉၃ ခုနှစ် အီတလီဘာသာပုံနှိပ်ခြင်း နိဒါန်း (၄၇)

**ကွန်မြူနစ်ပါတီကြေညာစာတမ်း** (၅၀)

အခန်း (၁) ဓနရှင်များနှင့် ပစ္စည်းမဲ့များ (၅၂)

အခန်း (၂) ပစ္စည်းမဲ့များနှင့် ကွန်မြူနစ်များ (၇၃)

အခန်း (၃) ဆိုရှယ်လစ်နှင့် ကွန်မြူနစ်စာပေ (၈၈)

၁။ ဖောက်ပြန်သောဆိုရှယ်လစ်ဝါဒ (၈၈)

(က) ပဒေသရာဇ်ဆိုရှယ်လစ်ဝါဒ (၈၈)

(ခ) ဓနရှင်ပေါက်စဆိုရှယ်လစ်ဝါဒ (၉၁)

(ဂ) ဂျာမန်သို့မဟုတ်"စစ်မှန်သော"ဆိုရှယ်လစ်ဝါဒ (၉၃)

၂။ သမားရိုးကျ သို့မဟုတ် ဓနရှင်ဆိုရှယ်လစ်ဝါဒ (၉၇)

၃။ ဝေဖန်ရေး စိတ်ကူးယဉ်ဆိုရှယ်လစ်ဝါဒနှင့်
ကွန်မြူနစ်ဝါဒ (၉၉)

အခန်း (၄) တည်ရှိနေသော ဆန့်ကျင်ဘက်
ပါတီအသီးသီးအပေါ် ကွန်မြူနစ်များ၏ သဘောထား (၁၀၄)

နောက်ဆက်တွဲ (၁၀၈)

ဘာသာပြန်အဖွဲ့၏ မှတ်ချက် (၁၀၈)

ရှင်းလင်းချက် (၁၁၀)

အမည်အညွှန်း (၁၂၀)

## ၁၈၇၂ ခုနှစ် ဂျာမန်ဘာသာ ပုံနှိပ်ခြင်းနိဒါန်း

ထိုစဉ်က တည်ရှိနေသည့် အကြောင်းအချက်များကြောင့် လျှို့ဝှက် အသင်း တခုသာ ဖြစ်နိုင်သော နိုင်ငံတကာ့ အလုပ်သမားအစည်းအရုံး တခု ဖြစ်သည့် ကွန်မြူနစ်အသင်းချုပ်သည် လန်ဒန်မြို့တွင် ၁၈၄၇ ခုနှစ် နိုဝင်ဘာလက ကျင်းပသောကွန်ဂရက်၌ ပါတီ၏ သဘောတရားရေးနှင့် လက်တွေ့ အသေး စိတ်လုပ်ငန်းစဉ်တခုကို ပုံနှိပ်ထုတ်ဝေရေးအတွက် အောက်တွင် လက်မှတ် ရေးထိုးထားသူများအား ရေးဆွဲရန်တာဝန်ပေးအပ်ခဲ့ပေသည်။ ဤကား ဖော်ပြ မည့် ကြေညာစာတမ်း ပေါ်ထွက်လာပုံပင် ဖြစ်ပါသည်။ လက်ရေးမူများကို ဖေဖော်ဝါရီတော်လှန်ရေး* မတိုင်မီ ရက်သတ္တပတ်အချို့ကပင် ပုံနှိပ်ရန်အတွက် လန်ဒန်မြို့သို့ ပို့လိုက်သည်။ ဦးစွာဂျာမန်ဘာသာဖြင့် ပုံနှိပ်ခဲ့သည်။ ၎င်း ဘာသာနှင့်ပင် ဂျာမဏီပြည်၊ အင်္ဂလန်ပြည်နှင့် အမေရိကတိုက်တို့တွင် အနည်း ဆုံး ဆယ့်နှစ်ကြိမ်မျှ ပုံနှိပ်ခြင်းအမျိုးမျိုးဖြင့် ပြန်လည်ထုတ်ဝေခဲ့ပါသည်။ ၁၈၅၀ ခုနှစ်၌ **ရက်ဒီပတ်ပလစ်ကင်**[၁] တွင် အင်္ဂလိပ်ဘာသာဖြင့် မစ္စဟယ်လင် မက်ဖာလိန်၏ ဘာသာပြန်ချက်ကို ပထမဆုံးအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပြီး၊ ၁၈၇၁ ခုနှစ်တွင် အမေရိကတိုက်၌ မတူသောဘာသာပြန်ချက် အနည်းဆုံးသုံးမျိုးဖြင့် ထုတ်ဝေခဲ့ပေသည်။ ၁၈၄၈ ခုနှစ် ဇွန်လ ထကြွမှုမတိုင်မီကလေးမှာပင် ပဲရစ်မြို့တွင် ပြင်သစ်ဘာသာပြန်ချက် ပထမဆုံး ပေါ်ထွက်လာခဲ့ပြီးနောက် နယူးယောက်မြို့ **ဆိုရှယ်လစ်ဂျာနယ်**[၂] ထဲတွင် မကြာသေးမီက ဖော်ပြခဲ့ပြန်သည်။ ဘာသာပြန် ဆိုချက် အသစ်တခုကိုလည်း ပြင်ဆင်နေဆဲဖြစ်သည်။ ဂျာမန်ဘာသာနှင့် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပြီးနောက် မကြာမီမှာပင် ပိုလန်ဘာသာဖြင့် လန်ဒန်မြို့တွင် ပေါ်ထွက်လာခဲ့သည်။ ၆၀ စုနှစ်များတွင် ရုရှားဘာသာဖြင့် ဂျီနီဗာမြို့တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ကြေညာစာတမ်း ပထမဆုံးပေါ်ထွက်ပြီး

---

* ပြင်သစ်ပြည် ၁၈၄၈ ခုနှစ် ဖေဖော်ဝါရီတော်လှန်ရေး။ (အယ်ဒီတာ)

နောက် မကြာမီတွင်ပင် ဒိန်းမတ်ဘာသာဖြင့်လည်း ဘာသာပြန်ဆိုလိုက်သည်။

ပြီးခဲ့သော နှစ်ဆယ့်ငါးနှစ်တာကာလအတွင်း အခြေအနေများသည် မည်မျှပင် ပြောင်းလဲစေကာမူ ဤကြေညာစာတမ်းတွင် ချမှတ်ခဲ့သော ယေဘုယျမူများသည် တခုလုံးအနေဖြင့် ယနေ့ထိတလျှောက်လုံး မှန်ကန်ပေသည်။ ထိုနေရာ ဤနေရာတို့၌ အချို့ အသေးစိတ်များကို ပြုပြင်ကောင်း ပြုပြင်ရပေမည်။ မူများကို လက်တွေ့ အသုံးချရေးသည် ကြေညာစာတမ်းက ဖော်ပြထားသည့်အတိုင်း အချိန်နေရာမရွေး ကာလတခုတွင် တည်ရှိနေသော သမိုင်းဆိုင်ရာ အကြောင်းအချက်များပေါ်တွင် တည်ပေလိမ့်မည်။ ဤ အကြောင်းကြောင့် အခန်း (၂) ၏ အဆုံးတွင် တင်ပြထားသော တော်လှန်ရေး ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ အထူးအလေးတင်း မဖော်ပြတော့ပေ။ ယနေ့အဖို့ဆိုပါမူ ဤစာပိုဒ်ရှိ ပြဿနာအမြောက်အမြားကို အလွန်ကွဲပြားခြားနားသော စကားအသုံးအနှုန်းတို့ဖြင့် ရေးသားရပေလိမ့်မည်။ ပြီးခဲ့သော နှစ်ဆယ့်ငါးနှစ်တာကာလအတွင်း ခေတ်သစ်စက်မှုလုပ်ငန်း၏ ခြေလှမ်းကျဲကြီးများနှင့် လှမ်းတက်လာမှု၊ ၎င်းနှင့်အတူ လိုက်ပါလာသော အလုပ်သမားလူတန်းစား၏ ပါတီစည်းရုံးရေး ကောင်းမွန်ကျယ်ပြန့်လာမှုတို့ကို ထောက်ရှုလျှင်လည်းကောင်း၊ ဖေဖော်ဝါရီတော်လှန်ရေးတွင် ပထမဆုံးရရှိလိုက်သော လက်တွေ့အတွေ့အကြုံနှင့် ထိုမျှမက ပစ္စည်းမဲ့လူတန်းစားက နှစ်လတိုင်တိုင် ပထမဆုံးအကြိမ် နိုင်ငံရေးအာဏာကို သိမ်းပိုက်လိုက်သော ပဲရစ်ဘုံအဖွဲ့ တွင် ပိုမို၍ရရှိလိုက်သည့် အတွေ့အကြုံတို့ကို ထောက်ရှုလျှင်လည်းကောင်း၊ အချို့အသေးစိတ်များတွင် ဤလုပ်ငန်းစဉ်သည် ခေတ်မမီတော့ပေ။ ဘုံအဖွဲ့က အချက်တခုကို အထူးသက်သေပြလိုက်ပေ၏။ ၎င်းမှာ "အလုပ်သမားလူတန်းစားသည် အသင့်ရှိပြီးသား နိုင်ငံတော်ယန္တရားကို အလွယ်တကူ ဆုပ်ကိုင်ကာ မိမိ၏ရည်ရွယ်ချက်များကို ထမြောက်အောင် အသုံးပြု၍မဖြစ်နိုင်ပေ" ဟူ၍ဖြစ်သည်။ (**ပြင်သစ်ပြည်ပြည်တွင်းစစ်ပွဲ၊ အင်တာနေရှင်နယ် အလုပ်သမားအစည်းအရုံး အထွေထွေကောင်စီ မိန့်ခွန်း၊** လန်ဒန်မြို့– ထရူးလပ်ဖ်၊ ၁၈၇၁ ခုနှစ်၊ စာမျက်နှာ ၁၅ တွင် ဤအချက်ကို ဆက်လက်ဖြစ်ပေါ်တိုးပွားထားသည်ကို ကြည့်ပါ။) ထို့ပြင် မျက်မှောက်ကာလတွင် ဆိုရှယ်လစ်ဝါဒစာပေအပေါ် ဝေဖန်ရေးသည် မပြည့်စုံသည်မှာ အလိုလိုထင်ရှားပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းဝေဖန်

ရေးသည် ၁၈၄၇ ခုနှစ်အထိသာ ဖြစ်သောကြောင့် ပင်တည်း။ ဆန့်ကျင်ဘက် ပါတီအသီးသီးအပေါ် ကွန်မြူနစ်များ၏ သဘောထားအကြောင်း မှတ်ချက်များ (အခန်း ၄) သည်လည်း မူအရ မှန်ကန်နေဆဲ ဖြစ်စေကာမူ လက်တွေ့တွင် ခေတ်မမီတော့ပေ။ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးအခြေအနေသည် လုံးဝ ပြောင်းလဲသွားသောကြောင့် ဖြစ်သည်။ ထို့အပြင် သမိုင်းတိုးတက်လာမှုက ထိုအခန်းတွင် ဖော်ပြထားသော နိုင်ငံရေးပါတီ အများပိုင်းကို ကမ္ဘာမြေပြင်မှ ဖယ်ရှားပစ်လိုက်ပေပြီ။

သို့သော် ကြေညာစာတမ်းသည် သမိုင်းဆိုင်ရာစာတမ်း ဖြစ်လာရကား ပြောင်းလဲပစ်ရန် မည်သည့်အခွင့်အရေးမှ ကျွန်တော်တို့တွင် မရှိပေ။ နောင်အခါတွင် ၁၈၄၇ ခုနှစ်နှင့် ယနေ့အကြားရှိ ကွာဟမှုကို ပေါင်းကူးပေးသော နိဒါန်းတခုပါဝင်သည့် နောက်တကြိမ် ပုံနှိပ်ခြင်း ပေါ်ထွက်လာနိုင်စရာ ရှိပေသည်။ သို့သော် ဤပြန်လည်ပုံနှိပ်ခြင်းသည် ရုတ်တရက် ပေါ်ထွက်လာသောကြောင့် ထို့ကဲ့သို့သော နိဒါန်းရေးရန်အတွက် ကျွန်တော်တို့တွင် အချိန်မလုံလောက်တော့ပေ။

ကားလ်မာ့က်စ်၊ ဖရက်ဒရစ် အိန်ဂယ်

၁၈၇၂ ခုနှစ် ဇွန်လ ၂၄ ရက်၊လန်ဒန်မြို့။

## ၁၈၈၂ ခုနှစ် ရုရှားဘာသာ ပုံနှိပ်ခြင်းနိဒါန်း

ဘာကူနင် ဘာသာပြန်ဆိုသော **ကွန်မြူနစ်ပါတီကြေညာစာတမ်း** ရုရှားဘာသာ ပထမပုံနှိပ်ခြင်းကို **ကိုလိုကော**[၃] သတင်းစာအား ပုံနှိပ်သည့် စာပုံနှိပ်တိုက်က ၆၀ စုနှစ်များအစောပိုင်း* တွင် ထုတ်ဝေခဲ့သည်။ ထိုစဉ်က အနောက်တိုင်းသည် ၎င်း (ကြေညာစာတမ်း ရုရှားဘာသာပုံနှိပ်ခြင်း) ကို စာပေလောက အထူးအဆန်းတခုအဖြစ်သာ နားလည်နိုင်ကြပေသည်။ ဤအမြင်မျိုးသည် ယနေ့တွင် မဖြစ်နိုင်တော့ပေ။

ထိုအချိန် (၁၈၄၇ ခုနှစ်၊ ဒီဇင်ဘာလ) က တည်ရှိနေသော ပစ္စည်းမဲ့လူတန်းစား လှုပ်ရှားမှုနယ်ပယ်သည် မည်မျှအကန့်အသတ်ရှိနေသည် ဆိုသည်ကို ဤကြေညာစာ တမ်း၏ နောက်ဆုံးအခန်းရှိ တိုင်းပြည်အသီးသီးမှ ဆန့်ကျင်ဘက် ပါတီအသီးသီးအပေါ် ကွန်မြူနစ်များ၏ သဘောထားတွင် အရှင်းလင်းဆုံး ဖော်ပြလျက်ရှိသည်။ ထိုအခန်းတွင် ရုရှားပြည်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် လုံးလုံးမပါခဲ့ကြပေ။ ထိုအချိန်က ရုရှားပြည်သည် ဥရောပဖောက်ပြန်ရေးအားလုံး၏ နောက်ဆုံးအရန်တပ်ကြီး ဖြစ်နေပြီး၊ အမေရိကန်ပြည်ထောင်စုသည် ဥရောပမှ ပိုလျှံသော ပစ္စည်းမဲ့လူတန်းစား အင်အားစုများကို ပြောင်းရွှေ့နေထိုင်ခွင့်ပေးကာ ဝါးမျိုပစ်နေပေသည်။ ထိုတိုင်းပြည်နှစ်ပြည်စလုံးသည် ဥရောပတိုက်သို့ ကုန်ကြမ်းပစ္စည်းများ ထောက်ပံ့ပြီး တချိန်တည်းတွင် ဥရောပတိုက်၏ စက်မှုထွက်ကုန်များ ရောင်းချရာဈေးကွက်များလည်း ဖြစ်ခဲ့သည်။ သို့ဖြစ်၍ ထိုစဉ်က တိုင်းပြည်နှစ်ပြည်စလုံးသည် တည်ရှိနေသော ဥရောပစနစ်၏ ဒေါက်တိုင်များ တနည်းမဟုတ် တနည်း ဖြစ်ခဲ့ပေသည်။

---

* ဤရက်စွဲဖော်ပြချက်မှာ မမှန်ကန်၊ ကိုးကားဖော်ပြထားသည့် ပုံနှိပ်ခြင်းမှာ ၁၈၆၉ ခုနှစ်တွင် ပေါ်ထွက်ခဲ့သည်။ (အယ်ဒီတာ)

ယနေ့ဆိုလျှင် လွန်စွာကွာခြားသွားလေစွ! ဥရောပတိုက်က ပြောင်းရွှေ့နေထိုင်မှုသည် မြောက်အမေရိကတိုက်၏ ကြီးကျယ်လှသော လယ်ယာထုတ်လုပ်ရေးအတွက် လုံးဝအံဝင်ခွင်ကျ ဖြစ်စေခဲ့သည်။ မြောက်အမေရိကတိုက်၏ ပြိုင်ဆိုင်မှုသည် ဥရောပရှိ မြေယာအကြီးအသေးပိုင်ဆိုင်မှုကို အရင်းအမြစ်မှ ကိုင်လှုပ်ပစ်လိုက်တော့သည်။ ထိုမျှမက ၎င်းအခြေအနေက အမေရိကန်ပြည်ထောင်စုအား မိမိ၏ ကြီးမားလှသော စက်မှုလုပ်ငန်းရေသောက်မြစ်များကို အင်တိုက်အားတိုက် သုံးစွဲနိုင်စေသည်။ ဤသုံးစွဲမှုအတိုင်းအတာသည် အနောက်ဥရောပ အထူးသဖြင့် ယခုထိရှိနေသော အင်္ဂလန်ပြည်၏ စက်မှုလုပ်ငန်း လက်ဝါးကြီးအုပ်မှုကို အချိန်အနည်းငယ်အတွင်းတွင် မုချပင် ချိုးဖျက်ပစ်လိမ့်မည် ဖြစ်သည်။ အခြေအနေနှစ်ရပ်စလုံးက အမေရိကတိုက်ကို တော်လှန်သော ဂယက်ရိုက်ခတ်မှု ဖြစ်စေပြန်သည်။ နိုင်ငံရေးအဆောက်အအုံ တခုလုံး၏ အခြေခံအုတ်မြစ်ဖြစ်သည့် အငယ်စားနှင့် အလတ်စား လယ်ယာပိုင်ရှင်များ၏ မြေယာသည် လယ်ယာလုပ်ခင်းကြီးများ၏ ပြိုင်ဆိုင်မှုကို တစတစနှင့် အရှုံးပေးလိုက်ရပေပြီ။ တချိန်တည်းမှာပင် စက်မှုလုပ်ငန်းဒေသများတွင် ပစ္စည်းမဲ့လူတန်းစားထုနှင့်တကွ အရင်းအနှီးများ အံ့မခန်းစုစည်းလာမှုသည်လည်း ပထမဆုံးအကြိမ် ဖြစ်ပေါ်တိုးပွားလာနေပေသည်။

ယခု ရုရှားပြည်ကို ကြည့်ကြစို့! ၁၈၄၈– ၄၉ ခုနှစ် တော်လှန်ရေးဖြစ်ပွားစဉ်က ဥရောပမှ မင်းညီမင်းသားများသာမက၊ ဥရောပဓနရှင်များကပါ နိုးကြားစပြုလာပြီဖြစ်သော ပစ္စည်းမဲ့လူတန်းစား၏လက်တွင်းမှ ၎င်းတို့ကို ကယ်တင်နိုင်သည့် တခုတည်းသော ကယ်တင်ရှင်မှာ ရုရှားပြည်၏ ကျူးကျော်စွက်ဖက်မှုသာဖြစ်ကြောင်းကို တွေ့ရှိခဲ့ကြသည်။ ဇာဘုရင်ကို ဥရောပတိုက်ရှိ ဖောက်ပြန်ရေး ထိပ်သီးအဖြစ် မောင်းခတ်ခဲ့ကြသည်။ ယနေ့တွင်ကား ဇာဘုရင်သည် **ဂတ်ချီနား**[၆] တွင် တော်လှန်ရေး၏ စစ်သုံ့ပန်း ဖြစ်နေလေပြီ။ ရုရှားပြည်သည် ဥရောပတိုက် တော်လှန်ရေးလှုပ်ရှားမှု၏ တပ်ဦးဖြစ်လာပေပြီ။

ကွန်မြူနစ်ကြေညာစာတမ်းက ခေတ်သစ်ဓနရှင်ပိုင်ဆိုင်မှုသည် မုချပျက်သုဉ်းတော့မည် ဖြစ်ကြောင်းကို ကြေညာရန် ရည်ရွယ်ပေသည်။ သို့သော် ရုရှားပြည်တွင် လျင်မြန်စွာ ဖြစ်ပေါ်တိုးပွားလာနေသော အရင်းရှင်လှည့်ဖြားမှုနှင့် စတင်တိုးပွားလာနေသော ဓနရှင်မြေယာပိုင်ဆိုင်မှုတို့သည် လယ်သမားများ

ကိုယ်တိုင် မြေယာထက်ဝက်ကျော်အား ဘုံပိုင်ဆိုင်ထားမှုနှင့် ထိပ်တိုက်ဖြစ်နေသည်ကို ကျွန်တော်တို့ တွေ့မြင်ကြရသည်။ မျက်မှောက်ပြဿနာမှာ အလွန်အမင်း ယိုယွင်းနေစေကာမူ ရှေးဦးမြေယာဘုံပိုင်ဆိုင်မှုသဏ္ဍာန်ပင် ဖြစ်နေသေးသည့် ရုရှား**အော့ဗ်ရှီးနား**[၅] သည် ပိုမိုမြင့်မားသော ကွန်မြူနစ်ဘုံပိုင်ဆိုင်မှုသဏ္ဍာန်သို့ တိုက်ရိုက်ကူးပြောင်းသွားနိုင်သလော? သို့မဟုတ် ဆန့်ကျင်ဘက်အားဖြင့် အနောက်တိုင်း၏ တစတစပြောင်းလဲရေး သမိုင်းဖြစ်ပေါ်မှုကဲ့သို့သော ကြေပြုန်းရေး ဖြစ်စဉ်အတိုင်း ဦးစွာဖြတ်သန်းရမည်လော? ဟူ၍ပင်ဖြစ်၏။ ၎င်းပြဿနာ၏ တခုတည်းသော အဖြေအဖြစ် ယနေ့ဖြစ်နိုင်သည်မှာ၊ အကယ်၍ ရုရှားတော်လှန်ရေးသည် အနောက်တိုင်းပစ္စည်းမဲ့တော်လှန်ရေးအတွက် တပ်လှန့်ပေးမှု ဖြစ်လာပြီး၊ တခုနှင့်တခု အပြန်အလှန် အားဖြည့်ပေးလိုက်ပါက လက်ရှိရုရှားပြည်၏ ဘုံမြေယာပိုင်ဆိုင်မှုသည် ကွန်မြူနစ်စနစ် ဖြစ်ပေါ်တိုးပွားမှုအတွက် အစချီရာအချက်ဖြစ်ပေလိမ့်မည်။

ကားလ် မာ့က်စ်၊ ဖရက်ဒရစ် အိန်ဂယ်
၁၈၈၂ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်၊ လန်ဒန်မြို့။

## ၁၈၈၃ ခုနှစ် ဂျာမန်ဘာသာ ပုံနှိပ်ခြင်းနိဒါန်း

ဤအကြိမ်ပုံနှိပ်ခြင်း၏နိဒါန်းတွင် ကျွန်တော်တဦးတည်းသာလျှင် လက်မှတ်ရေး ထိုးရပေတော့မည်။ ဥရောပနှင့် အမေရိကတိုက်ရှိ အလုပ်သမား လူတန်းစားတရပ်လုံးအား မည်သူ့ထက်မဆို ပိုမိုအကျိုးပြုခဲ့သူ မာ့က်စ်သည် ဟိုင်းဂိတ်သုသာန်တွင် လဲလျောင်းနေပေပြီ။ သူ၏မြေပုံထက်တွင် ပထမ မြက်နု ကလေးများပင်လျှင် ပေါက်၍နေလေပြီ။ သူကွယ်လွန်သွားကတည်းက ဤကြေ ညာစာတမ်းကို ပြင်ဆင်ရန်၊ သို့တည်းမဟုတ် ထပ်မံဖြည့်စွက်ရန်တို့ကို စဉ်းစား မှုတို့သည် ပို၍နည်းပါးသွားလေပြီ။ ဤနိဒါန်းတွင် အောက်ပါအတိုင်း အလေး အနက်ထပ်မံဖော်ပြရန် လိုအပ်သည်ဟု ကျွန်တော်ထင်မြင်ယူဆပါသည်။

ကြေညာစာတမ်းတခုလုံး၏ အခြေခံအတွေးအခေါ်မှာ…သမိုင်း ခေတ်ကာလတိုင်း၏ စီးပွားရေးထုတ်လုပ်မှုနှင့် ၎င်းမှ မုချပေါ်ပေါက်လာသော လူမှုအဆောက်အအုံသည် အဆိုပါ ခေတ်ကာလ၏ နိုင်ငံရေးနှင့် အသိဉာဏ် ဆိုင်ရာ သမိုင်းအတွက် အခြေခံအုတ် မြစ်ဖြစ်ကြောင်း သို့ဖြင့် (မြေယာအပေါ် ရှေးဦးဘုံပိုင်ဆိုင်မှု ပြိုကွဲသွားပြီးကတည်းက) သမိုင်းတခုလုံးသည် လူမှုတိုးပွားမှု အဆင့်အသီးသီးရှိ လူတန်းစားတိုက်ပွဲများ၏သမိုင်း၊ သွေးစုပ်ခံနှင့် သွေးစုပ်သူ၊ အုပ်စိုးခံနှင့် အုပ်စိုးသူ လူတန်းစားများအကြားရှိ တိုက်ပွဲများ၏ သမိုင်းဖြစ်ခဲ့ ကြောင်း၊ သို့သော်လည်း ဤတိုက်ပွဲသည် ယခုအခါ သွေးစုပ်ဖိနှိပ်ခံရသော လူတန်းစား (ပစ္စည်းမဲ့လူတန်းစား) က လူ့အဖွဲ့အစည်းတခုလုံးကို သွေးစုပ်မှု၊ ဖိနှိပ်မှုနှင့်တကွ လူတန်းစားတိုက်ပွဲများမှ ထာဝစဉ် လွတ်ကျွတ်သွားအောင် တချိန်တည်း မလုပ်ဆောင်လျှင် မိမိအပေါ် သွေးစုပ်ဖိနှိပ်သော လူတန်းစား

(ခနရှင်လူတန်းစား) လက်အောက်မှ မိမိကိုယ်တိုင်လည်း လွတ်မြောက်နိုင်တော့မည်မဟုတ်သည့်အဆင့်သို့ ယခုအခါတွင် ရောက်ရှိလာကြောင်း...ဟူ၍ပင် ဖြစ်သည်။ ဤအခြေခံအတွေးအခေါ်ကို မာ့က်စ် တဦးတည်းကသာလျှင် လုံးဝ ပိုင်ဆိုင်ပေ၏။*

ဤအချက်ကို ကြိမ်ဖန်များစွာ ကျွန်တော်ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ သို့သော် ကြေညာစာတမ်း၏ ရှေ့ဆုံးနေရာတွင် ဤအချက်ပါရှိနေရန် ယခုအခါ အမှန်ပင် လိုအပ်လှပါသည်။

အက်ဖ် အိန်ဂယ်

၁၈၈၃ ခုနှစ်၊ ဇွန်လ ၂၈ ရက်၊ လန်ဒန်မြို့။

---

* အင်္ဂလိပ်ဘာသာပြန် နိဒါန်းတွင် “ကျွန်တော့်ထင်မြင်ချက်မှာ ဇီဝဗေဒနယ်ပယ်တွင် ဒါဝင်၏သဘောတရားက အကျိုးပြုခဲ့သည့်အတိုင်း ဤ တင်ပြချက်သည်လည်း သမိုင်းရေးရာအတွက် အကျိုးပြုမှု ဖြစ်ပါသည်။ ၁၈၄၅ ခုနှစ်မတိုင်မီ နှစ်ပေါင်းအချို့က ကျွန်တော်တို့နှစ်ဦးစလုံးသည်၊ ဤအချက်ဆီသို့ တဖြည်းဖြည်း ချဉ်းကပ်လာခဲ့ကြ၏။ ဤအချက်ဆီသို့ ကျွန်တော် အမှီအခို ကင်းစွာ အဘယ်မျှ ဦးတည်တက်လှမ်းသွားခဲ့သည်ကို ကျွန်တော်ရေးသားခဲ့သော ‘အင်္ဂလန်ပြည် အလုပ်သမားလူတန်းစားအခြေအနေ’ စာအုပ်က အကောင်းဆုံး ဖော်ပြလျက်ရှိပါသည်။ သို့သော် ၁၈၄၅ ခုနှစ် နွေဦးကာလ ဘရပ်ဆဲလ်မြို့တွင် ကျွန်တော်နှင့် မာ့က်စ် ထပ်မံတွေ့ဆုံ သောအခါ မာ့က်စ်သည် ၎င်း အချက်ကို အဆင်သင့်ပြုစုပြီး ဖြစ်နေသည်။ ဤအချက်ကို ကျွန်တော့်ထံ တင်ပြရာ၌ အသုံးအနှုန်း အားလုံးနီးပါးပင် ဤနေရာတွင် ကျွန်တော် ဖော်ပြ ထားသကဲ့သို့ ရှင်းလင်းပြတ်သားလှပါသည်။” ဟု ကျွန်တော်ရေးသားခဲ့သည်။ (၁၈၉၀ ခုနှစ် ဂျာမန်ဘာသာ ပုံနှိပ်ခြင်းအတွက် အိန်ဂယ်၏ မှတ်ချက်)။

## ၁၈၈၈ ခုနှစ် အင်္ဂလိပ်ဘာသာ ပုံနှိပ်ခြင်းနိဒါန်း

"ကြေညာစာတမ်း" ကို အလုပ်သမားအစည်းအရုံးတခုဖြစ်သော "ကွန်မြူနစ်အသင်းချုပ်" ၏လုပ်ငန်းစဉ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဤအသင်းချုပ်သည် အစပိုင်းတွင် ဂျာမန်အသင်းချုပ် သက်သက်ဖြစ်ပြီး နောက်ပိုင်းတွင် နိုင်ငံတကာ့အသင်း ဖြစ်လာသည်။ ဤအသင်းသည် ၁၈၄၈ ခုနှစ်မတိုင်မီက ဥရောပတိုက်၏ နိုင်ငံရေးအကြောင်းအချက်များအောက်တွင် မလွှဲမရှောင်သာ လျှို့ဝှက်အဖွဲ့အစည်းတခု ဖြစ်ခဲ့ပေသည်။ ၁၈၄၇ ခုနှစ် နိုဝင်ဘာလက လန်ဒန်မြို့တွင်ကျင်းပသော ကွန်မြူနစ်အသင်းချုပ်၏ ကွန်ဂရက်၌ မာ့က်စ်နှင့် အိန်ဂယ်တို့အား ပြည့်စုံသောသဘောတရားနှင့် လက်တွေ့ဆိုင်ရာ ပါတီလုပ်ငန်းစဉ်တရပ် ထုတ်ဝေရေးအတွက် ပြင်ဆင်ကြရန် တာဝန်ပေးအပ်ခဲ့၏။ ၁၈၄၈ ခုနှစ်၊ ဇန်နဝါရီလတွင် ဂျာမန်ဘာသာဖြင့် ရေးဆွဲခဲ့ပြီး၊ လက်ရေးမူကို ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဖြစ်ပွားသော ပြင်သစ်တော်လှန်ရေးမတိုင်မီ ရက်သတ္တပတ်အချို့တွင် လန်ဒန်မြို့ရှိ စာပုံနှိပ်တိုက်သို့ ပို့ပေးခဲ့သည်။ ၁၈၄၈ ခုနှစ် ဇွန်လ ပုန်ကန်ထကြွမှုမတိုင်မီကလေးမှာ ပဲရစ်မြို့၌ ပြင်သစ်ဘာသာပြန် ပေါ်ထွက်လာခဲ့သည်။ မစ္စဟယ်လင်မက်ဖာလိန်၏ ပထမ အင်္ဂလိပ်ဘာသာပြန်သည် ၁၈၅၀ ခုနှစ် လန်ဒန်မြို့ ဂျော့ဂျူလီယန်ဟာနေ၏ "ရက်ရီပတ်ပလစ်ကင်" ဂျာနယ်တွင် ပါရှိခဲ့သည်။ ဒိန်းမတ်နှင့် ပိုလန်ဘာသာများဖြင့်လည်း ထုတ်ဝေပြီး

ခဲ့လေပြီ။

ပစ္စည်းမဲ့လူတန်းစားနှင့် ဓနရှင်လူတန်းစားတို့၏ ပထမအကြိမ် ကြီးမားသည့် တိုက်ပွဲဖြစ်သော ၁၈၄၈ ခုနှစ် ဇွန်လ ပဲရစ်ပုန်ကန်ထကြွမှု အရေးနိမ့်သွားခြင်းက ဥရောပအလုပ်သမားလူတန်းစား၏ လူမှုရေးနှင့် နိုင်ငံရေးမျှော်မှန်းချက်များကို ကာလတခုထိ ထပ်မံ၍ နောက်သို့တွန်းပို့လိုက်လေသည်။ ထိုအချိန်မှစ၍ အပေါ်စီးရရေး တိုက်ပွဲသည် ဖေဖော်ဝါရီတော်လှန်ရေး မတိုင်မီကကဲ့သို့ပင် ပစ္စည်းရှိလူတန်းစား၏ မတူသော အစိတ်အပိုင်းများအကြားတွင်သာ ထပ်မံဖြစ်ပွားခဲ့တော့သည်။ အလုပ်သမားလူတန်းစားမှာမူကား ကျဉ်းမြောင်းလှသော နိုင်ငံရေးနေရာ ရရှိရေးအတွက် တိုက်ခိုက်ရသည့် အနေအထားနှင့် အလယ်အလတ်လူတန်းစား ရယ်ဒီကယ်များ၏ အလွန်အကျွံဂိုဏ်း အနေအထားထိ လျှောကျသွားခဲ့ရသည်။ အမှီခိုကင်းသော ပစ္စည်းမဲ့လူတန်းစား လှုပ်ရှားမှုများ ရှင်သန်သော လက္ခဏာများ ဆက်လက်ပြသနေသည့် နေရာတိုင်းတွင် အကြင်နာကင်းမဲ့စွာ လိုက်လံဖမ်းဆီးခြင်း ခံခဲ့ရသည်။ သို့ဖြင့် ကိုလုံးမြို့တွင် ထိုစဉ်က အခြေစိုက်ထားသော ကွန်မြူနစ်အသင်းချုပ် ဗဟိုဘုတ်အဖွဲ့ကို ပရပ်ရှားပုလိပ်အဖွဲ့က ရှာဖွေတွေ့ရှိသွားပြီး အဖွဲ့ဝင်များ အဖမ်းခံခဲ့ရသည်။ ဆယ့်ရှစ်လတိုင်တိုင် အကျဉ်းချထားပြီးနောက် ၁၈၅၂ ခုနှစ်၊ အောက်တိုဘာလမှာ သူတို့အား ရုံးတင်စစ်ဆေးခဲ့သည်။ ထင်ရှားကျော်စောသော **"ကိုလုံးမြို့ ကွန်မြူနစ်အမှုစစ်ဆေးခြင်း"**[၆] သည် အောက်တိုဘာ ၄ ရက်နေ့မှ နိုဝင်ဘာ ၁၂ ရက်နေ့ထိ အချိန်ကြာမြင့်ခဲ့သည်။ အကျဉ်းသားခုနစ်ယောက်ကို ခံတပ်တခုတည်းတွင် ထောင်ဒဏ်သုံးနှစ်မှ ခြောက်နှစ်အထိ အသီးသီးအပြစ်ပေးလိုက်သည်။ စီရင်ချက်ချပြီးနောက် ချက်ချင်းပင် ကျန်ရစ်နေသော အဖွဲ့ဝင်များက အသင်းချုပ်ကို တရားဝင် ဖျက်သိမ်းပစ်လိုက်ကြ၏။ "ကြေညာစာတမ်း" မှာမူ ထိုအချိန်မှစပြီး မေ့လျော့ပစ်ထားခြင်း ခံရသလောက်ပင်တည်း။

ဥရောပ အလုပ်သမားလူတန်းစားသည် အုပ်စိုးသူလူတန်းစားများကို နောက်ထပ်တဖန် တိုက်ခိုက်ရန်အတွက် လုံလောက်သောအင်အား ပြန်လည်ရရှိလာသောအခါ အင်တာနေရှင်နယ် အလုပ်သမားအစည်းအရုံး ပေါ်ထွက်လာသည်။ သို့သော် ဥရောပနှင့် အမေရိကတိုက်များရှိ တိုက်စိတ်ခိုက်စိတ် ထက်သန်သော ပစ္စည်းမဲ့လူတန်းစားတရပ်လုံးကို တစုတစည်းတည်းဖြစ်အောင် ပေါင်း

စည်းရန် တိကျရှင်းလင်းသော ရည်မှန်းချက်ဖြင့် ဖွဲ့စည်းထားသည့် ဤ အစည်းအရုံးသည် "ကြေညာစာတမ်း" တွင် ချမှတ်ထားသောမူများကို ချက်ချင်း မထုတ်ပြန်နိုင်ခဲ့ပေ။ အင်တာနေရှင်နယ်သည် အင်္ဂလိပ် အလုပ်သမား သမဂ္ဂများ၊ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ အီတလီနှင့် စပိန်ပြည်ရှိ ပရောက်ဒွန်း နောက်လိုက်များနှင့် ဂျာမဏီပြည်ရှိ လာဆေးဝါဒီများ* က လက်ခံနိုင်လောက်အောင် ကျယ်ပြန့်သော လုပ်ငန်းစဉ်တရပ် ရှိရမည်ဖြစ်၏။ ပါတီအားလုံးက ကျေနပ်နိုင်သည့် ဤလုပ်ငန်းစဉ်** ကို ရေးဆွဲခဲ့သော မာ့က်စ်သည် ပူးပေါင်းပြုမူမှုနှင့် အပြန်အလှန်ဆွေးနွေးမှုတို့မှ ပေါ်ထွက်လာရန် သေချာသော အလုပ်သမား လူတန်းစား၏ အသိဉာဏ်ဖြစ်ပေါ်တိုးပွားမှုအပေါ် လုံးဝယုံကြည်ခဲ့၏။ အရင်းအနှီးကို ဆန့်ကျင်သည့် တိုက်ပွဲအဖြစ်အပျက်များနှင့် အတက်အကျများ၊ အောင်ပွဲများထက်ပင် ပိုမိုသည့်ဆုံးရှုံးမှုများက သူတို့၏အကြိုက်ဖြစ်သော ဆေးမြီးတိုမျိုးစုံ၏ မလုံလောက်မှုကို လူအများအား မလွဲမရှောင်သာ သဘောပေါက်လာစေသည်။ ထို့ပြင် အလုပ်သမားလူတန်းစား လွတ်မြောက်ရေးအတွက်လည်း စစ်မှန်သော အကြောင်းအချက်များအား ပိုမိုပြည့်စုံစွာ သိမြင်မှုဆီသို့ လမ်းခင်းပေးလိုက်၏။ မာ့က်စ်သည် မှန်ကန်ပေသည်။ ၁၈၇၄ ခုနှစ် အင်တာနေရှင်နယ် ဖျက်သိမ်းလိုက်သောအခါ အလုပ်သမားများမှာ ၁၈၆၄ ခုနှစ်တုန်းက တွေ့ရှိရသော အလုပ်သမားများနှင့် လုံးဝမတူတော့ပေ။ ပြင်သစ်ပြည်ရှိ ပရောက်ဒွန်းဝါဒသည်လည်းကောင်း၊ ဂျာမဏီပြည်ရှိ လာဆေးဝါဒတို့သည်လည်းကောင်း အသက်ငင်နေလေပြီ။ သမရိုးကျ အင်္ဂလိပ်အလုပ်သမားသမဂ္ဂ

*ကျွန်တော်တို့နှင့်တွေ့တိုင်း လာဆေးကိုယ်တိုင်က သူသည်မာ့က်စ်၏ တပည့်ရင်း ဖြစ်ကြောင်း၊ တပည့်ရင်းပီသစွာပင် "ကြေညာစာတမ်း" အပေါ်တွင် ရပ်တည်ခဲ့ကြောင်း အစဉ်ပြောဆိုလေ့ရှိသည်။ သို့သော် ၁၈၆၂ ခုနှစ်မှ ၁၈၆၄ ခုနှစ်အတွင်း သူ၏ လူထုလှုံ့ဆော်ချက်၌ နိုင်ငံတော်ချေးငွေများ၏ အကူအညီရသည့် သမဝါယမအလုပ်ခန်းများကို တောင်းဆိုခြင်းထက်ပို၍ လာဆေးသည် ရှေ့မတက်တော့ပေ။ (အိန်ဂယ်၏ မှတ်ချက်)

** အင်တာနေရှင်နယ် အလုပ်သမားအစည်းအရုံး အဖွင့်မိန့်ခွန်းကို ကိုးကားထားခြင်း ဖြစ်သည်။ (အယ်ဒီတာ)

အများစုသည် အချိန်ကြာမြင့်စွာကတည်းကပင် အင်တာနေရှင်နယ်နှင့် အဆက်ဖြတ်ခဲ့ကြသော်လည်း ၎င်းတို့ကပင်လျှင် "ဥရောပတိုက်ကြီးက ဆိုရှယ်လစ်ဝါဒကို ကျွန်တော်တို့ ကြောက်စရာ မရှိတော့ပါ" ဟု ယခင်နှစ်က **ဆွမ်ဆီး**[၇] မြို့တွင် သမဂ္ဂဥက္ကဋ္ဌက ပြောဆိုနိုင်သည့်အခြေထိ တဖြည်းဖြည်း ရောက်သွားခဲ့သည်။ အမှန်အားဖြင့် "ကြေညာစာတမ်း" ၏ မူများသည် တိုင်းပြည်အားလုံးရှိ အလုပ်သမားများအတွင်း အတော်ပျံ့နှံ့သွားခဲ့သည်မှာ အမှန်ပင် ဖြစ်သည်။

ဤသို့ဖြင့် "ကြေညာစာတမ်း" ကိုယ်၌ပင်လျှင် ရှေ့တန်းသို့ထပ်မံ ရောက် လာခဲ့၏။ ၁၈၅၀ ခုနှစ်ကတည်းက ဂျာမန်ဘာသာစာမူကို ဆွစ်ဇာလန်၊ အင်္ဂလန်နှင့် အမေရိကတွင် အကြိမ်များစွာ ပြန်လည်ပုံနှိပ်ခဲ့သည်။ ၁၈၇၂ ခုနှစ်တွင် နယူးယောက်မြို့၌ အင်္ဂလိပ်ဘာသာပြန်ဆိုကာ **ဝူးဒ်ဟားလ်နှင့် ကလာဖလင်**[၈] တို့၏ အပတ်စဉ်ဂျာနယ်တွင် ထည့်သွင်းဖော်ပြခဲ့သည်။ ဤအင်္ဂလိပ်ဘာသာပြန်ဆိုချက်မှာ ပြင်သစ်ဘာသာသို့ ပြန်ဆိုကာ နယူး ယောက်မြို့ရှိ **ဆိုရှယ်လစ်**ဂျာနယ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုအချိန်မှစ၍ အနည်းနှင့်အများဆိုသလို ဖြတ်တောက်ထားသော အင်္ဂလိပ်ဘာသာပြန် အနည်းဆုံးနှစ်မျိုး အမေရိကတွင် ပေါ်ထွက်ခဲ့သည်။ ၎င်းမှတမျိုးကို အင်္ဂလန်ပြည်တွင် ထပ်မံပုံနှိပ်လိုက်သည်။ ပထမဆုံးသော ရုရှားဘာသာပြန်ကို ဘာကူနင် ဘာသာပြန်ပြီး၊ ၁၈၆၃ ခုနှစ်လောက်တွင် ဟာဇင်၏ ဂျီနီဗာမြို့ရှိ "ကိုလိုကော" သတင်းစာကို ပုံနှိပ်သည့် စာပုံနှိပ်တိုက်မှ ထုတ်ဝေလိုက် သည်။ ဒုတိယဘာသာပြန်* ကို ရဲရင့်သောအမျိုးသမီး ဘဲရာဇဆူးလစ်ချ် က ဘာသာပြန်ကာ ၁၈၈၂ ခုနှစ်လောက်တွင် ဂျီနီဗာမြို့မှာပင် ပုံနှိပ်ထုတ်ဝေသည်။ ၁၈၈၅ ခုနှစ်တွင် ကိုပင်ဟေဂင်မြို့၌ ဒိန်းမတ်ဘာသာပြန်အသစ်ကို "ဆိုရှယ်ဒီမို ကရက်တစ်

* အမှန်မှာ ဘာသာပြန်သူသည် ပလက်ကနော့ဗ်ဖြစ်၏။ ၁၈၉၄ ခုနှစ် ဘာလင်မြို့ထုတ် အင်တာနေရှင်နယ် အော့စ်ဒက်ဖော့ါစတက် (၁၈၇၁– ၇၅) တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ "ရုရှားပြည်ရှိ လူမှုဆက်ဆံရေးများ" ဆောင်းပါးဖြည့်စွက်ချက်တွင် အိန်ဂယ်ကိုယ်တိုင်က ၎င်းကိုဘာသာပြန်သူမှာ ပလက်ကနော့ဗ် ဖြစ်သည်ဟု ကိုးကားဖော်ပြထားသည်။ (အယ်ဒီတာ)

ဘီဘာလိုကျက်" စာစဉ်တွင် တွေ့ရှိရသည်။ ပြင်သစ် ဘာသာပြန် အသစ်မှာ ၁၈၈၅ ခုနှစ် ပဲရစ်မြို့ထုတ် **ဆိုရှယ်လစ်** ဂျာနယ်တွင် ပါရှိသည်။ ၎င်းပြင်သစ်ဘာသာမှ စပိန်ဘာသာပြန်ဆိုချက်ကို ၁၈၈၆ ခုနှစ် မက်ဒရစ်မြို့တွင် ပြင်ဆင်ထုတ်ဝေခဲ့သည်။ ဂျာမန်ဘာသာဖြင့် ထပ်မံပုံနှိပ် ထုတ်ဝေခြင်းများကို မရေတွက်နိုင်တော့ပေ။ အနည်းဆုံး ဆယ့်နှစ်ကြိမ်ခန့်ရှိပြီ။ လွန်ခဲ့သောလအချို့က ကွန်စတင်တီနိုပယ်မြို့တွင် ထုတ်ဝေရန်ဖြစ်သော အာမေးနီးယား ဘာသာပြန်မှာ မထုတ်ဝေဖြစ်တော့ပေ။ အကြောင်းမူ ပုံနှိပ်ထုတ်ဝေသူသည် မာ့က်စ်၏အမည် ပါရှိသော စာအုပ်ကိုထုတ်ဝေရန် ကြောက်ရွံ့သည်။ ဘာသာပြန်သူကလည်း မိမိလက်ရာဖြစ်ကြောင်းကို မပြောလိုသောကြောင့်ဟု ကျွန်တော်ကြားသိရသည်။ အခြားဘာသာစကားများဖြင့် ဘာသာပြန်ဆိုမှုများကို ကြားရသော်လည်း ကျွန်တော်မတွေ့ခဲ့ရပေ။ ဤသို့ဖြင့် "ကြေညာစာတမ်း" သမိုင်းသည် ခေတ်သစ်အလုပ်သမားလူတန်းစား လှုပ်ရှားမှုသမိုင်းကို ကြီးမားသော အတိုင်းအတာဖြင့် ရောင်ပြန်ဟပ်ပြလိုက်ပေသည်။ မျက်မှောက်ကာလတွင် ကြေညာ စာတမ်းသည် ဆိုရှယ်လစ်စာပေ အားလုံးထဲတွင် အကျယ်ပြန့်ဆုံးသော နိုင်ငံ တကာ့လက္ခဏာ အဆောင်ဆုံးသော၊ ဆိုက်ဗေးရီးယားမှ ကာလီဖိုးနီးယားအထိ သန်းပေါင်းများစွာသော အလုပ်သမားများက တူညီသောလုပ်ငန်းစဉ်အဖြစ် အသိအမှတ်ပြုထားသော စာတမ်းဖြစ်သည်မှာ သံသယဖြစ်ဖွယ်ရာမရှိပေ။

သို့စေကာမူ ကြေညာစာတမ်းကို ရေးသားခဲ့စဉ်က ကျွန်တော်တို့သည် **ဆိုရှယ်လစ်**ကြေညာစာတမ်းဟု မခေါ်ဆိုနိုင်ခဲ့ပေ။ ၁၈၄၇ ခုနှစ်က နားလည်ချက်အရဆိုလျှင် ဆိုရှယ်လစ်များဆိုသည်မှာ တဖက်တွင် စိတ်ကူးယဉ်စနစ်အမျိုးမျိုး၏ နောက်လိုက်များဖြစ်ကြသော အင်္ဂလန်ပြည်က အိုဝင်ဝါဒီများ၊ ပြင်သစ်ပြည်က ဖိုးရီးယားဝါဒီများ ဖြစ်ကြသည်။ သူတို့နှစ်မျိုးစလုံးသည် ဂိုဏ်းအုပ်စုသက်သက်အဖြစ်သို့ လျှောကျရင်း တဖြည်းဖြည်း ကွယ်ပျောက်သွားနေသည်။ တခြားတဖက်တွင် အရင်းအနှီးနှင့် အမြတ်အစွန်းကို မည်သို့မျှ အန္တရာယ်မပေးဘဲ လူအဖွဲ့အစည်း၏ ခံစားနစ်နာမှုပေါင်းစုံကို ကုသပေးနိုင်သည်ဟု တတ်ယောင်ကားနည်းဖြင့် ဟောပြောနေကြသည့် ရောင်စုံလူမှုရေးသမားယောင်များ ရှိကြသည်။ သူတို့နှစ်မျိုးစလုံးသည် အလုပ်သမားလူတန်းစား လှုပ်ရှားမှုအပြင်ဘက်မှ လူများဖြစ်သည်။ သူတို့သည် "ပညာရည်ဝသော"

လူတန်းစားများ၏ ထောက်ခံမှုကိုသာ ရှာဖွေနေကြသည်။ နိုင်ငံရေး တော်လှန်မှုများသက်သက်ဖြင့် မလုံလောက်သည်ကို ယုံကြည်လာကာ လုံးဝဥဿုံ လူမှုပြောင်းလဲရေးလုပ်ရန် လိုအပ်သည်ဟု ကြေညာလိုက်ကြသော အလုပ်သမားလူတန်းစား၏ မည်သို့သော အစိတ်အပိုင်းကပင်ဖြစ်စေ မိမိကိုယ်ကို ကွန်မြူနစ်ဟု ခေါ်ဝေါ်ကြ၏။ ၎င်းမှာ အချောမကိုင်ရသေးသည့်ပုံကြမ်း၊ ပင်ကိုယ်အသိသက်သက် ကွန်မြူနစ်ဝါဒ အမျိုးအစားဖြစ်သည်။ သို့စေကာမူ ၎င်းသည် အရင်းခံအချက်ကို ထိထိမိမိ ရှိသည့်အတွက် အလုပ်သမားလူတန်းစားအတွင်းတွင် စိတ်ကူးယဉ်ကွန်မြူနစ်ဝါဒကို ပေါ်ထွက်လာစေသည်အထိ အင်အား ကြီးမားပေသည်။ ပြင်သစ်ပြည်၌ ကာဘက်နှင့် ဂျာမနီပြည်၌ ဝက်တလင်းတို့၏ စိတ်ကူးယဉ်ကွန်မြူနစ်ဝါဒပင်တည်း။ သို့ဖြင့် ၁၈၄၇ ခုနှစ်တွင် ဆိုရှယ်လစ်ဝါဒသည် အလယ်အလတ်လူတန်းစား၏ လှုပ်ရှားမှုဖြစ်ပြီး ကွန်မြူနစ်ဝါဒသည် အလုပ်သမားလူတန်းစား၏ လှုပ်ရှားမှုဖြစ်သည်။ အနည်းဆုံးအားဖြင့် ဥရောပတိုက်ကြီး၌ ဆိုရှယ်လစ်ဝါဒသည် "လေးစားဖွယ်" ဖြစ်နေပြီး ကွန်မြူနစ်ဝါဒကား ၎င်းနှင့်ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက် ဖြစ်နေသည်။ စကတည်းကပင် "အလုပ်သမားလူတန်းစား၏ လွတ်မြောက်ရေးသည် အလုပ်သမားလူတန်းစားကိုယ်တိုင်၏ ပြုမူဆောင်ရွက်ချက်ဖြစ်ရမည်" ဟု ကျွန်တော်တို့ ထင်ဟပ်ထားသည့်အတိုင်း ဤအမည် နှစ်မျိုးထဲမှ မည်သည့်အမည်ကို ရွေးချယ်ရမည်ဆိုသည်ကို သံသယမရှိနိုင်ပေ။ ထို့ပြင် ကျွန်တော်တို့သည် ထိုအချိန်မှ ယနေ့အထိ ဤအမည်ကို စွန့်ပစ်ရန် လုံးဝမစဉ်းစားခဲ့ကြပေ။

"ကြေညာစာတမ်း"သည် ကျွန်တော်တို့၏ ပူးတွဲရေးသားချက်ဖြစ်သော်လည်း ကြေညာစာတမ်း၏ အမြုတေဖြစ်သည့် အခြေခံကျသော ဖော်ပြချက်ကို မာ့က်စ်ပိုင်ဆိုင်ကြောင်း ကျွန်တော်ဖော်ပြရမည်ဟု ယူဆပါသည်။ အဆိုပါဖော်ပြချက်မှာ...သမိုင်းခေတ်ကာလတိုင်း၌ လွှမ်းမိုးနေသည့် စီးပွားရေး ထုတ်လုပ်မှုနည်းနာ၊ ဖလှယ်ရေးနည်းနာနှင့် ၎င်းနောက်မှ မုချလိုက်ပါလာသော လူမှုရေးဖွဲ့စည်းပုံတို့သည် ခေတ်ကာလဆိုင်ရာနိုင် ငံရေးနှင့် အသိဉာဏ်သမိုင်းကို တည်ဆောက်ထားသည့် အခြေခံအုတ်မြစ် ဖြစ်ပေသည်။ ဤအခြေခံ အုတ်မြစ်တခုတည်းပေါ်မှသာ ခေတ်ကာလဆိုင်ရာ နိုင်ငံရေးနှင့် အသိဉာဏ် သမိုင်းတို့ကို ရှင်းလင်းဖော်ပြ နိုင်ပေသည်။ ထို့ကြောင့် လူသားသမိုင်းတခုလုံး (မြေယာကို

ဘုံပိုင်ဆိုင်သော ရှေးဦးမျိုးရိုးတူအုပ်စု လူ့အဖွဲ့အစည်း ပြိုကွဲသွားကတည်းက) သည် လူတန်းစားတိုက်ပွဲများ၏သမိုင်း၊ သွေးစုပ်သူနှင့် သွေးစုပ်ခံ များအကြား အားပြိုင်မှု၊ အုပ်စိုးသူနှင့် အုပ်စိုးခံရသူ လူတန်းစားများအကြား အားပြိုင်မှုပင် ဖြစ်ပေသည်။ ဤလူတန်းစားတိုက်ပွဲများ၏ သမိုင်းတွင်အဆင့်ဆင့် ကူးပြောင်းမှုများ အစဉ်တစိုက် ဖြစ်ခဲ့သည်။ ယနေ့ဆိုလျှင် လူ့အဖွဲ့အစည်းတရပ်လုံးကို သွေးစုပ်ဖိနှိပ်မှု၊ လူတန်းစားခွဲခြားမှုနှင့် လူတန်းစားတိုက်ပွဲများ အားလုံးမှ တပြိုင်တည်းလုံးဝဥဿုံ မလွတ်မြောက်စေဘဲနှင့် သွေးစုပ်ဖိနှိပ်ခံလူတန်းစား၊ ပစ္စည်းမဲ့လူတန်းစားသည် သွေးစုပ်အုပ်စိုးသူလူတန်းစား၊ ဓနရှင် လူတန်းစား၏ စိုးမိုးမှုအောက်မှ မိမိ၏လွတ်မြောက်ရေးကို မရရှိနိုင်တော့သည့် အဆင့်တခုသို့ ရောက်ရှိခဲ့လေပြီ။

ကျွန်တော့်ထင်မြင်ချက်မှာ ဇီဝဗေဒနယ်ပယ်တွင် ဒါဝင်၏သဘောတရားက အကျိုးပြုခဲ့သည်အတိုင်း ဤတင်ပြချက်သည်လည်း သမိုင်းရေးရာအတွက် အကျိုးပြုမှု ဖြစ်ပါသည်။ ၁၈၄၅ ခုနှစ် မတိုင်မီ နှစ်ပေါင်းအချို့က ကျွန်တော်တို့နှစ်ဦးစလုံးသည် ဤအချက်ဆီသို့ တဖြည်းဖြည်း ချဉ်းကပ်လာခဲ့ကြ၏။ ဤအချက်ဆီသို့ ကျွန်တော် အမှီအခိုကင်းစွာ အဘယ်မျှဦးတည် တက်လှမ်းသွားခဲ့သည်ကို ကျွန်တော် ရေးသားခဲ့သော "အင်္ဂလန်ပြည် အလုပ်သမားလူတန်းစား အခြေအနေ"* စာအုပ်က အကောင်းဆုံး ဖော်ပြလျက်ရှိပါသည်။ သို့သော် ၁၈၄၅ ခုနှစ် နွေဦးကာလ ဘရပ်ဆဲလ်မြို့တွင် ကျွန်တော်နှင့် မာ့က်စ်ထပ်မံတွေ့ဆုံသောအခါ မာ့က်စ်သည် ၎င်းအချက်ကို အဆင်သင့်ပြုစုပြီး ဖြစ်နေသည်။ ဤအချက်ကို ကျွန်တော့်ထံ တင်ပြရာ၌ အသုံးအနှုန်းအားလုံးနီးပါးပင် ဤနေရာတွင် ကျွန်တော်ဖော်ပြထားသကဲ့သို့ ရှင်းလင်းပြတ်သားလှပါသည်။

၁၈၇၂ ခုနှစ် ဂျာမန်ဘာသာ ပုံနှိပ်ခြင်းအတွက် ကျွန်တော်တို့ ပူးတွဲရေးသားထားသောနိဒါန်းမှ အောက်ပါအတိုင်း ကျွန်တော်ကိုးကားလိုက်ပါသည်။

---

* အိန်ဂယ်လ်ရေးသားသော "၁၈၄၄ ခုနှစ် အင်္ဂလန်ပြည် အလုပ်သမားလူတန်းစားအခြေအနေ" ဘာသာပြန်ဆိုသူ ဖလောရင့် ကေ ဝစ်နယူးဇကီး၊ နယူးယောက်။ ဒဗလျူရီး(စ်)၊ လိုဗဲလ်– လန်ဒန်၊ ၁၈၈၈။ (အိန်ဂယ်၏ မှတ်ချက်)

“ပြီးခဲ့သော နှစ်ဆယ့်ငါးနှစ်တာကာလအတွင်း အခြေအနေများသည် မည်မျှပင်ပြောင်းလဲစေကာမူ ဤကြေညာစာတမ်းတွင် ချမှတ်ခဲ့သော ယေဘုယျမူများသည် တခုလုံးအနေဖြင့် ယနေ့ထိ တလျှောက်လုံး မှန်ကန်ပေသည်။ ထိုနေရာ ဤနေရာတို့၌ အချို့အသေးစိတ်များကို ပြုပြင်ကောင်း ပြုပြင်ရပေမည်။ မူများကို လက်တွေ့အသုံးချရေးသည် ကြေညာစာတမ်းက ဖော်ပြထားသည့်အတိုင်း အချိန်နေရာမရွေး ကာလတခုအတွင်း တည်ရှိနေသော သမိုင်းဆိုင်ရာ အကြောင်းအချက်များပေါ်တွင် တည်ပေလိမ့်မည်။ ဤအကြောင်းကြောင့် အခန်း (၂) ၏ အဆုံးတွင် တင်ပြထားသော တော်လှန်ရေး ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အထူးအလေးတင်း မဖော်ပြတော့ပေ။ ယနေ့အဖို့ဆိုပါမူ ဤစာပိုဒ်ရှိ ပြဿနာအမြောက်အမြားကို အလွန်ကွဲပြားခြားနားသော စကားအသုံးအနှုန်းတို့ဖြင့် ရေးသားရပေလိမ့်မည်။ ၁၈၄၈ ခုနှစ်ကတည်းက* ခေတ်သစ်စက်မှုလုပ်ငန်း၏ ခြေလှမ်းကျဲကြီးများနှင့် လှမ်းတက်လာမှု၊ ၎င်းနှင့် အတူလိုက်ပါလာသော အလုပ်သမားလူတန်းစား၏ ပါတီစည်းရုံးရေး ကောင်းမွန်ကျယ်ပြန့်လာမှုတို့ကို ထောက်ရှုလျှင်လည်းကောင်း၊ ဖေဖော်ဝါရီတော်လှန်ရေးတွင် ပထမဆုံး ရရှိလိုက်သော လက်တွေ့အတွေ့အကြုံနှင့် ထိုမျှမက ပစ္စည်းမဲ့လူတန်းစားက နှစ်လတိုင်တိုင် ပထမဆုံးအကြိမ် နိုင်ငံရေးအာဏာကို သိမ်းပိုက်လိုက်သော ပဲရစ်ဘုံအဖွဲ့တွင် ပိုမို၍ ရရှိလိုက်သည့် အတွေ့အကြုံတို့ကို ထောက်ရှုလျှင်လည်းကောင်း၊ အချို့အသေးစိတ်များတွင် ဤလုပ်ငန်းစဉ်သည် ခေတ်မမီတော့ပေ။ ဘုံအဖွဲ့က အချက်တခုကို အထူးသက်သေပြလိုက်ပေ၏။ ၎င်းမှာ “အလုပ်သမားလူတန်းစားသည် အသင့်ရှိပြီးသား နိုင်ငံတော်ယန္တရားကို အလွယ်တကူ ဆုပ်ကိုင်ကာ မိမိ၏ ရည်ရွယ်ချက်များကို ထမြောက်အောင် အသုံးပြု၍ မဖြစ်နိုင်ပေ” ဟူ၍ ဖြစ်သည်။ (“ပြင်သစ်ပြည် ပြည်တွင်းစစ်ပွဲ၊ အင်တာနေရှင်နယ် အလုပ်သမားအစည်းအရုံး အထွေထွေကောင်စီ မိန့်ခွန်း”၊ လန်ဒန်မြို့–ထရူးလပ်ဖ်၊ ၁၈၇၁ ခုနှစ်၊ စာမျက်နှာ ၁၅ တွင် ဤအချက်ကို ဆက်လက်ဖြစ်ပေါ်တိုးပွားထားသည် ကို ကြည့်ပါ။)

*ဤစကားပိုဒ်သည် ၁၈၇၂ခုနှစ် ဂျာမန်ဘာသာမူရင်းနှင့် အနည်း ငယ် ကွဲပြားပါသည်။ စာမျက်နှာ( ၁၉) ကိုကြည့်ပါ။ (အယ်ဒီတာ)

ထို့ပြင် မျက်မှောက်ကာလတွင် ဆိုရှယ်လစ်ဝါဒစာပေအပေါ် ဝေဖန်ရေးသည် မပြည့်စုံသည်မှာ အလိုလိုထင်ရှားပေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းဝေဖန်ရေးသည် ၁၈၄၇ ခုနှစ်အထိသာ ဖြစ်သောကြောင့်ပင်တည်း။ ဆန့်ကျင်ဘက် ပါတီအသီးသီးအပေါ် ကွန်မြူနစ်များ၏ သဘောထားအကြောင်း မှတ်ချက်များ (အခန်း ၄) သည်လည်း မူအရ မှန်ကန်နေဆဲဖြစ်စေကာမူ လက်တွေ့တွင် ခေတ်မမီတော့ပေ။ အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးအခြေအနေသည် လုံးဝပြောင်းလဲသွားသောကြောင့် ဖြစ်သည်။ ထို့ပြင် သမိုင်းတိုးတက်လာမှုက ထိုအခန်းတွင် ဖော်ပြထားသော နိုင်ငံရေးပါတီအများပိုင်းကို ကမ္ဘာမြေပြင်မှ ဖယ်ရှားပစ်လိုက်ပေပြီ။

"သို့သော် ကြေညာစာတမ်းသည် သမိုင်းဆိုင်ရာစာတမ်း ဖြစ်လာရကား ပြောင်းလဲပစ်ရန် မည်သည့်အခွင့်အရေးမှ ကျွန်တော်တို့တွင် မရှိပေ။"

ယခုဘာသာပြန်သူမှာ မစ္စတာ ဆယ်မြူရယ်မိုး ဖြစ်ပါသည်။ သူသည် မာ့က်စ် ရေးသားသော "အရင်းကျမ်း" အများပိုင်းကို ဘာသာပြန်သူဖြစ်၏။ ကျွန်တော်တို့ အတူတကွ ပြန်လည်စစ်ဆေးခဲ့ကြသည်။ သမိုင်းကိုးကားချက်များအား ရှင်းလင်းထားသော မှတ်ချက်တချို့ကို ကျွန်တော် ဖြည့်စွက်ထားလိုက်ပါသည်။

ဖရက်ဒရစ် အိန်ဂယ်

၁၈၈၈ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်၊ လန်ဒန်မြို့။

## ၁၈၉၀ ခုနှစ် ဂျာမန်ဘာသာ ပုံနှိပ်ခြင်းနိဒါန်း

အထက်ပါနိဒါန်း* ရေးသားပြီးကတည်းက ကြေညာစာတမ်းအား ဂျာမန်ဘာသာဖြင့် အသစ်ပုံနှိပ်ရန် ထပ်မံ၍လိုအပ်လာသည်။ ကြေညာစာတမ်း ဖြစ်ပျက်သမျှကိုလည်း ဤနိဒါန်းတွင် မှတ်တမ်းတင်ရပေမည်။

ဘဲရာဇဆူးလစ်ချ်၏ ဒုတိယ ရုရှားဘာသာပြန်ဆိုချက်သည် ၁၈၈၂ ခုနှစ်တွင် ဂျီနီဗာမြို့၌ ပေါ်ထွက်လာသည်။ ထိုပုံနှိပ်ခြင်းအတွက် မာ့က်စ်နှင့် ကျွန်တော် နိဒါန်း ရေးသားခဲ့ကြသည်။ ကံမကောင်း အကြောင်းမလှသဖြင့် ဂျာမန်လက်ရေးမူမှာ ပျောက်ဆုံးသွားသည်။ ထို့ကြောင့် ရုရှားဘာသာမှ ထပ်မံပြီး ဘာသာပြန်လိုက်ရတော့သည်။** ဤသို့ဘာသာပြန်ရသဖြင့် နဂိုစာမူကို မည်သည့်နည်းနှင့်မျှ ကောင်းမွန်လာစေမည် မဟုတ်ပေ။

"ဘာကူနင် ဘာသာပြန်ဆိုသော **ကွန်မြူနစ်ပါတီကြေညာစာတမ်း** ရုရှားဘာသာ ပထမပုံနှိပ်ခြင်းကို **ကိုလိုကော** သတင်းစာအား ပုံနှိပ်သည့် စာပုံနှိပ်တိုက်က ၆၀ စုနှစ်များအစောပိုင်း*** တွင်ထုတ်ဝေခဲ့သည်။ ထိုစဉ်က

---

* ၁၈၈၃ ခုနှစ် ဂျာမန်ဘာသာ ပုံနှိပ်ခြင်းအတွက် ရေးသားသော သူ၏ နိဒါန်းကို အိန်ဂယ် ကိုးကားထားခြင်း ဖြစ်သည်။ (အယ်ဒီတာ)

** ကြေညာစာတမ်း ရုရှားဘာသာ ပုံနှိပ်ခြင်းအတွက် မာ့က်စ်နှင့် အိန်ဂယ်တို့ ရေးသားသော ပျောက်ဆုံးသွားသည့် နိဒါန်း၏ လက်ရေးမူရင်းကို ပြန်လည်တွေ့ရှိခဲ့သည်။ မော်စကို မာ့က်စ်၊ အိန်ဂယ်၊ လီနင် တက္ကသိုလ်မော်ကွန်းတိုက်တွင် ထားရှိသည်။ လက်ရှိ နိဒါန်း အင်္ဂလိပ် ဘာသာပြန်မှာ ဂျာမန် ဘာသာမူရင်းမှ ပြန်ဆိုထားသည်။ (အယ်ဒီတာ)

*** ၎င်း အချက်နှင့် ပတ်သက်၍ စာမျက်နှာ(၂၁) အောက်ပိုင်းရှိ အယ်ဒီတာ၏ ရှင်းလင်းချက်တွင် ကြည့်ပါ။

အနောက်တိုင်းသည် ၎င်း (ကြေညာစာတမ်း ရုရှားဘာသာ ပုံနှိပ်ခြင်း) ကို စာပေလောက အထူးအဆန်းတခုအဖြစ်သာ နားလည်နိုင်ကြပေသည်။ ဤအမြင်မျိုးသည် ယနေ့တွင် မဖြစ်နိုင်တော့ပေ။

"ထိုအချိန် (၁၈၄၇ ခုနှစ် ဒီဇင်ဘာလ) က တည်ရှိနေသော ပစ္စည်းမဲ့ လူတန်းစား လှုပ်ရှားမှုနယ်ပယ်သည် မည်မျှအကန့်အသတ် ရှိနေသည် ဆိုသည်ကို ဤကြေညာစာတမ်း၏ နောက်ဆုံးအခန်းရှိ တိုင်းပြည်အသီးသီးမှ ဆန့်ကျင်ဘက်ပါတီအသီးသီးအပေါ် ကွန်မြူနစ်များ၏ သဘောထားတွင် အရှင်းလင်းဆုံး ဖော်ပြလျက်ရှိသည်။ ထိုအခန်းတွင် ရုရှားပြည်နှင့် အမေရိကန်ပြည်ထောင်စုတို့သည် လုံးလုံးမပါခဲ့ကြပေ။ ထိုအချိန်က ရုရှားပြည်သည် ဥရောပ ဖောက်ပြန်ရေးအားလုံး၏ နောက်ဆုံး အရန်တပ်ကြီး ဖြစ်နေပြီး အမေရိကန်ပြည်ထောင်စုသည် ဥရောပမှ ပိုလျှံသော ပစ္စည်းမဲ့လူတန်းစား အင်အားစုများကို ပြောင်းရွှေ့နေထိုင်ခွင့်ပေးကာ ဝါးမျိုပစ်နေပေသည်။ ထိုတိုင်းပြည် နှစ်ပြည်စလုံးသည် ဥရောပတိုက်သို့ ကုန်ကြမ်းပစ္စည်းများ ထောက်ပံ့ပြီး တချိန်တည်းတွင် ဥရောပတိုက်၏ စက်မှုထွက်ကုန်များ ရောင်းချရာ ဈေးကွက်များလည်း ဖြစ်ခဲ့သည်။ သို့ဖြစ်၍ ထိုစဉ်က တိုင်းပြည်နှစ်ပြည်စလုံးသည် တည်ရှိနေသော ဥရောပစနစ်၏ ဒေါက်တိုင်များ တနည်းမဟုတ်တနည်း ဖြစ်ခဲ့ပေသည်။

"ယနေ့ဆိုလျှင် လွန်စွာကွာခြားသွားလေစွ! ဥရောပတိုက်က ပြောင်းရွှေ့နေထိုင်မှုသည် မြောက်အမေရိကတိုက်၏ ကြီးကျယ်လှသော လယ်ယာထုတ်လုပ်ရေးအတွက် လုံးဝအံ့ဝင်ခွင်ကျ ဖြစ်စေခဲ့သည်။ မြောက်အမေရိကတိုက်၏ ပြိုင်ဆိုင်မှုသည် ဥရောပရှိ မြေယာအကြီးအသေး ပိုင်ဆိုင်မှုကို အရင်းအမြစ်မှ ကိုင်လှုပ်ပစ်လိုက်တော့သည်။ ထိုမျှမက ၎င်းအခြေအနေက အမေရိကန်ပြည်ထောင်စုအား မိမိ၏ကြီးမားလှသော စက်မှုလုပ်ငန်း ရေသောက်မြစ်များကို အင်တိုက်အားတိုက် သုံးစွဲနိုင်စေသည်။ ဤ သုံးစွဲမှု အတိုင်းအတာသည် အနောက်ဥရောပ အထူးသဖြင့် ယခုထိရှိနေသော အင်္ဂလန်ပြည်၏ စက်မှုလုပ်ငန်းလက်ဝါးကြီးအုပ်မှုကို အချိန်အနည်းငယ်အတွင်းတွင် မုချပင် ချိုးဖျက်ပစ်လိမ့်မည် ဖြစ်သည်။ အခြေအနေနှစ်ရပ်စလုံးက အမေရိကတိုက်ကို တော်လှန်သော ဂယက်ရိုက်ခတ်မှု ဖြစ်စေပြန်သည်။ နိုင်ငံရေးအဆောက်အအုံ တခုလုံး၏ အခြေခံအုတ်မြစ်ဖြစ်သည့် အငယ်စားနှင့် အလတ်စား လယ်ယာပိုင်ရှင်များ၏ မြေယာ

သည် လယ်ယာလုပ်ခင်းကြီးများ၏ ပြိုင်ဆိုင်မှုကို တစတစနှင့် အရှုံးပေးလိုက်ရပေပြီ။ တချိန်တည်းမှာပင် စက်မှုလုပ်ငန်းဒေသများတွင် ပစ္စည်းမဲ့လူတန်းစားထုနှင့်တကွ အရင်းအနှီးများ အံ့မခန်း စုစည်းလာမှုသည်လည်း ပထမဆုံးအကြိမ်ဖြစ်ပေါ်တိုးပွားလာနေပေသည်။

"ယခု ရုရှားပြည်ကို ကြည့်ကြစို့! ၁၈၄၈– ၄၉ ခုနှစ် တော်လှန်ရေးဖြစ်ပွားစဉ်က ဥရောပမှ မင်းညီမင်းသားများသာမက ဥရောပဓနရှင်များကပါ နိုးကြားစပြုလာပြီဖြစ်သော ပစ္စည်းမဲ့လူတန်းစား၏ လက်တွင်းမှ ၎င်းတို့ကို ကယ်တင်နိုင်သည့် တခုတည်းသော ကယ်တင်ရှင်မှာ ရုရှားပြည်၏ ကျူးကျော်စွက်ဖက်မှုသာ ဖြစ်ကြောင်းကို တွေ့ရှိခဲ့ကြသည်။ ဇာဘုရင်ကို ဥရောပတိုက်ရှိ ဖောက်ပြန်ရေး ထိပ်သီးအဖြစ် မောင်းခတ်ခဲ့ကြသည်။ ယနေ့တွင်ကား ဇာဘုရင်သည် ဂတ်ချီနားတွင် တော်လှန်ရေး၏ စစ်သုံ့ပန်းဖြစ်နေလေပြီ။ ရုရှားပြည်သည် ဥရောပတိုက် တော်လှန်ရေးလှုပ်ရှားမှု၏ တပ်ဦးဖြစ်လာပေပြီ။

"ကွန်မြူနစ်ကြေညာစာတမ်းက ခေတ်သစ်ဓနရှင် ပိုင်ဆိုင်မှုသည် မုချပျက်သုဉ်းတော့မည် ဖြစ်ကြောင်းကို ကြေညာရန် ရည်ရွယ်ပေသည်။ သို့သော် ရုရှားပြည်တွင် လျင်မြန်စွာ ဖြစ်ပေါ်တိုးပွားလာနေသော အရင်းရှင်လှည့်ဖြားမှုနှင့် စတင်တိုးပွားလာနေသော ဓနရှင်မြေယာပိုင်ဆိုင်မှုတို့သည် လယ်သမားများကိုယ်တိုင် မြေယာ ထက်ဝက်ကျော်အား ဘုံပိုင်ဆိုင်ထားမှုနှင့် ထိပ်တိုက်ဖြစ်နေသည်ကို ကျွန်တော်တို့ တွေ့မြင်ကြရသည်။ မျက်မှောက်ပြဿနာမှာ အလွန်အမင်း ယိုယွင်းနေစေကာမူ ရှေးဦး မြေယာဘုံပိုင်ဆိုင်မှု သဏ္ဌာန်ပင် ဖြစ်နေသေးသည့် ရုရှား**အော့ဗ်ရှီးနား**သည် ပိုမိုမြင့်မားသော ကွန်မြူနစ်ဘုံပိုင်ဆိုင်မှု သဏ္ဌာန်သို့ တိုက်ရိုက်ကူးပြောင်းသွားနိုင်သလော? သို့မဟုတ် ဆန့်ကျင်ဘက်အားဖြင့် အနောက်တိုင်း၏ တစတစပြောင်းလဲရေး သမိုင်းဖြစ်ပေါ်မှုကဲ့သို့သော ကြေပြုန်းရေးဖြစ်စဉ်အတိုင်း ဦးစွာဖြတ်သန်းရမည်လော? ဟူ၍ပင် ဖြစ်၏။

"၎င်းပြဿနာ၏ တခုတည်းသော အဖြေအဖြစ် ယနေ့ဖြစ်နိုင်သည်မှာ အကယ်၍ ရုရှားတော်လှန်ရေးသည် အနောက်တိုင်း ပစ္စည်းမဲ့တော်လှန်ရေးအတွက် တပ်လှန့်ပေးမှု ဖြစ်လာပြီး တခုနှင့်တခု အပြန်အလှန် အားဖြည့်ပေးလိုက်ပါက လက်ရှိ ရုရှားပြည်၏ ဘုံမြေယာပိုင်ဆိုင်မှုသည် ကွန်မြူနစ်စနစ် ဖြစ်ပေါ်တိုးပွားမှုအတွက်

အစချီရာအချက် ဖြစ်ပေလိမ့်မည်။

"ကားလ် မာ့က်စ်၊ ဖရက်ဒရက် အိန်ဂယ်
၁၈၈၂ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်၊ လန်ဒန်မြို့။"

ထိုနေ့ရက်လောက်မှာပင် ဂျီနီဗာမြို့၌ ပိုလန်ဘာသာဖြင့် အသစ်ထုတ်ဝေသော **ကွန်မြူနစ်ကြေညာစာတမ်း** ပေါ်ထွက်လာသည်။

ထို့ပြင် ၁၈၈၅ ခုနှစ် ကိုပင်ဟောဂင်မြို့တွင် **ဆိုရှယ်ဒီမိုကရက် ဘီဘလိုကျက်** မှ စာစဉ်တခုအဖြစ် ဒိန်းမတ်ဘာသာပြန်ဆိုချက် အသစ်တခု ပေါ်ထွက်လာသည်။ ကံမကောင်း အကြောင်းမလှရကား ၎င်းဘာသာပြန်သည် မပြည့်စုံလှပေ။ ဘာသာပြန်ဆိုသူအတွက် ခက်ခဲစရာဖြစ်သော အရေးကြီးသည့် စာပိုဒ်အချို့ကို ချန်လှပ်ထား၏။ ထို့ပြင် အချို့နေရာများ၌ ကပျက်ကချော် လုပ်ထားသည့် လက္ခဏာများရှိနေပေရာ ပိုမိုစိတ်မချမ်းမြေ့စရာပင် ဖြစ်တော့သည်။ ဘာသာပြန်သူကသာ အနည်းငယ် ပိုမိုဂရုစိုက်လိုက်ပါမူ အကောင်းဆုံး ဘာသာပြန်ချက်တခု ဖြစ်လာနိုင်သည်ကို သူ၏ ဘာသာပြန်ချက်က ဖော်ပြနေပေသည်။

၁၈၈၅ ခုနှစ် ပြင်သစ်ဘာသာပြန် အသစ်သည် ပဲရစ်မြို့ **ဆိုရှယ်လစ်** ဂျာနယ်တွင် ပါရှိသည်။ ယင်းဘာသာပြန်သည် ယနေ့အထိ အကောင်းဆုံးသော ဘာသာပြန်ဆိုချက် ဖြစ်သည်။

အဆိုပါ ပြင်သစ်ဘာသာပြန်မှ စပိန်ဘာသာပြန်ဆိုချက်ကို ထိုနှစ်မှာပင် မက်ဒရစ်မြို့ **ဆိုရှယ်လစ်**ဂျာနယ်တွင် ပထမထုတ်ဝေပြီး ကားလ်မာ့က်စ်၊ ဖရက်ဒရစ် အိန်ဂယ် ရေး **ကွန်မြူနစ်ပါတီကြေညာစာတမ်း** အမည်ဖြင့် **ဆိုရှယ်လစ်**ဂျာနယ် အုပ်ချုပ်ရေးဌာန၊ အမှတ် (၈) ဟာနန်ကိုတိစ်လမ်း၊ မက်ဒရစ်မြို့မှ စာအုပ်ငယ်အဖြစ် ထပ်မံထုတ်ဝေသည်။

စိတ်ဝင်စားဖွယ် အရာတခုကို ကျွန်တော် ဖော်ပြရမည်ဆိုလျှင် ၁၈၈၇ ခုနှစ်တွင် အာမေးနီးယားဘာသာပြန် လက်ရေးမူကို ကွန်စတင်တီနိုပယ်မြို့ရှိ ပုံနှိပ်ထုတ်ဝေသူထံသို့ ပေးလိုက်သည်။ သို့သော် ထိုသူတော်ကောင်းကြီးသည် မာ့က်စ်၏ အမည်ပါရှိသော စာအုပ်ကို မထုတ်ဝေရဲသဖြင့် ဘာသာပြန်သူအား စာရေးသူအဖြစ် ၎င်း၏အမည်ကို ဖော်ပြရန် အကြံပေးသော်လည်း ဘာသာပြန်သူက ငြင်းပယ်လိုက်သည်။

အနည်းနှင့်အများ မတိကျသော အမေရိကန်ဘာသာပြန်ချက်များကို အင်္ဂလန်ပြည်တွင် တခုပြီးတခု ထပ်တလဲလဲ ပြန်လည်ပုံနှိပ်ခဲ့သည်။ နောက်ဆုံးတွင် ၁၈၈၈ ခုနှစ်၌ ယုံကြည်အားထားလောက်သော စာစောင် တစောင် ပေါ်ထွက်လာခဲ့သည်။ ၎င်းမှာ ကျွန်တော့်မိတ်ဆွေ ဆယ်မြူရယ်မိုး၏ ဘာသာပြန်ချက်ဖြစ်ရာ ပုံနှိပ်တိုက်သို့မပို့မီ ကျွန်တော်တို့ အတူတကွ ထပ်မံကြည့်ရှုစစ်ဆေးကြသည်။ မျက်နှာဖုံးတွင် **ကွန်မြူနစ်ပါတီ ကြေညာစာတမ်း**၊ ကားလ်မာ့က်စ်၊ ဖရက်ဒရစ် အိန်ဂယ် အသိအမှတ်ပြုပြီး အင်္ဂလိပ်ဘာသာပြန် ဖရက်ဒရစ် အိန်ဂယ်က တည်းဖြတ်ပြီး မှတ်ချက်များ ရေးသားထားသည်။ ၁၈၈၈ ခုနှစ် ဝီလျံရီး(စ်)၊ အမှတ် ၁၈၅ ဖလီလမ်း၊ အီးစီ– လန်ဒန်မြို့ ဟူ၍ ဖြစ်သည်။ ကျွန်တော်က ၎င်းပုံနှိပ်ခြင်းတွင် မှတ်ချက်များ ထပ်မံဖြည့်စွက်လိုက်ပါသည်။

ကြေညာစာတမ်းတွင် မိမိကိုယ်ပိုင် သမိုင်းတခုရှိပေသည်။ ကြေညာစာတမ်း ပေါ်ထွက်လာချိန်တွင် ထိုစဉ်က အရေအတွက် မများပြားလှသေးသော ဝိဇ္ဇာနည်းကျ ဆိုရှယ်လစ်ဝါဒ၏ တပ်ဦး (၎င်းအချက်ကို ပထမနိဒါန်းတွင် ဖော်ပြထားသည့် ဘာသာပြန်ထားချက်များက သက်သေပြသည့်အတိုင်း) ၏ နှစ်ထောင်းအားရ ကြိုဆိုခြင်းခံရသည်။ ၁၈၄၈ ခုနှစ် ဇွန်လ ပဲရစ်အလုပ်သမားများ အရေးနိမ့်မှုနှင့်အတူ စတင်ခဲ့သော ဖောက်ပြန်ရေးက ကြေညာစာတမ်းကို မကြာခင်မှာပင် နောက်ကွယ်သို့ အတင်းပို့ပစ်လိုက်သည်။ ၁၈၅၂ ခုနှစ် နိုဝင်ဘာလတွင် ကိုလုံးမြို့ကွန်မြူနစ်များကို အပြစ်ဒဏ်ပေးခြင်းနှင့်အတူ “တရားဥပဒေအရ” ဟုဆိုကာ ကြေညာစာတမ်းကို အဆုံးသတ် ဝိုင်းပယ်ထားလိုက်ကြသည်။ ဖေဖော်ဝါရီတော်လှန်ရေးနှင့်အတူ စတင်ခဲ့သော အလုပ်သမား လှုပ်ရှားမှုသည် လူအများ၏ မျက်စိအောက်မှ ကွယ်ပျောက်သွားသည်နှင့်တပါတည်း ကြေညာစာတမ်းသည်လည်း နောက်ကွယ်သို့ ရောက်ရှိသွားတော့၏။

အုပ်စိုးသော လူတန်းစားများ၏ အာဏာကို အသစ်ထိုးနှက်တိုက်ခိုက်ရေးအတွက် ဥရောပ အလုပ်သမားလူတန်းစားသည် လုံလောက်သောစွမ်းအား ထပ်မံပြည့်ဝလာသောအခါ အင်တာနေရှင်နယ် အလုပ်သမားအစည်းအရုံး ပေါ်ထွက်လာခဲ့၏။ ၎င်း အစည်းအရုံး၏ ရည်ရွယ်ချက်မှာ ဥရောပနှင့် အမေရိကတိုက်ရှိ တိုက်စိတ်ခိုက်စိတ် ထက်သန်သော အလုပ်သမား

လူတန်းစားတရပ်လုံးကို ကြီးမားလှသော တပ်မတော် **တရပ်** အဖြစ် ပေါင်းစည်းပေးရန်ပင် ဖြစ်သည်။ ထို့ကြောင့် အင်တာနေရှင်နယ်သည် ကြေညာစာတမ်းတွင် ချမှတ်ထားသော မူများမှ **အစချီခြင်း** မပြုနိုင်ခဲ့ပေ။ အင်တာနေရှင်နယ်တွင် အင်္ဂလိပ်အလုပ်သမားသမဂ္ဂများ၊ ပြင်သစ်၊ ဘယ်လ်ဂျီယံ၊ အီတလီနှင့် စပိန် ပရောက်ဒွန်းဝါဒီများနှင့် ဂျာမန်လာဆေးဝါဒီ* များကို တံခါးပိတ်မထားသော လုပ်ငန်းစဉ်တရပ် ထားရှိလာရပေသည်။ အင်တာနေရှင်နယ်၏ စည်းမျဉ်းနိဒါန်းဖြစ်သော လုပ်ငန်းစဉ်ကို မာ့က်စ်က ပြောင်မြောက်စွာ ရေးဆွဲခဲ့ရာ ဘာကူနင်နှင့် မင်းမဲ့ဝါဒီများကပင် အသိအမှတ် ပြုကြရသည်။ ကြေညာစာတမ်းတွင် ချမှတ်ထားသော အယူအဆများ အဆုံးသတ် အောင်မြင်ရေးအတွက် မာ့က်စ်သည် တညီတညွတ်တည်းသော လှုပ်ရှားမှုနှင့် ဆွေးနွေးမှုမှ မုချပေါ်ထွက်လာမည့် အလုပ်သမားလူတန်းစား၏ အသိဉာဏ်ဖြစ်ပေါ်တိုးပွားမှုအပေါ် လုံးဝနှင့် အကြွင်းမဲ့ အမှီပြုထားပေသည်။

အရင်းအနှီးကို ဆန့်ကျင်သည့် တိုက်ပွဲအတွင်းရှိ အဖြစ်အပျက်များနှင့် အတက်အကျများ၊ အောင်ပွဲများထက်ပင် ပိုမိုသည့် ဆုံးရှုံးမှုများက နေရာတကာတွင် သူတို့ သုံးလေ့ရှိသော ဆေးမြီးတို၏ မပြည့်စုံမှုကို တိုက်ပွဲဝင်သူတို့အား ဖော်ထုတ်ပြသလိုက်သည်။ အလုပ်သမားလူတန်းစား လွတ်မြောက်ရေးနှင့် ပတ်သက်သည့် စစ်မှန်သော အကြောင်းအချက်များအား ထိထိရောက်ရောက် နားလည်အောင် လုပ်ရမည်ဖြစ်ကြောင်းကို လက်ခံလာစေသည်။ မာ့က်စ်သည် မှန်ကန်ပေသည်။ ၁၈၇၄ ခုနှစ် အင်တာနေရှင်နယ်

---

* ကျွန်တော်တို့နှင့်တွေ့တိုင်း လာဆေးကိုယ်တိုင်က သူသည် မာ့က်စ်၏ တပည့်ရင်း ဖြစ်ကြောင်း၊မွေတာအတိုင်းပင် တပည့်ရင်းပီသစွာ ကြေညာစာတမ်းအပေါ်တွင် ရပ်တည်ခဲ့ကြောင်း အစဉ် ပြောဆိုလေ့ရှိသည်။ လာဆေးနောက်လိုက်များနှင့် ပတ်သက်၍မူ လုံးဝခြားနားပေသည်။ ၎င်းတို့သည် နိုင်ငံတော် ချေးငွေများ၏ အကူအညီရသည့် ထုတ်လုပ်သူများ၏ သမဝါယမဆိုသည့် လာဆေး၏တောင်းဆိုချက်ထက် မကျော်လွန်ကြပေ။ ထို့အပြင် အလုပ်သမားလူတန်းစားတရပ်လုံးကိုလည်း နိုင်ငံတော်၏ အကူအညီယူရေးကို ထောက်ခံသူနှင့် မိမိကိုယ်ကို မိမိ ကူညီရေးကို ထောက်ခံသူဟူ၍ ခွဲခြားပစ်လိုက်ကြသည်။(အိန်ဂယ်၏မှတ်ချက်)

ဖျက်သိမ်းလိုက်သည့်အချိန်ရှိ အလုပ်သမားလူတန်းစားသည် ၁၈၆၄ ခုနှစ် အင်တာနေရှင်နယ် စတင် တည်ထောင်လိုက်စဉ်ကနှင့် လုံးလုံးမတူတော့ပေ။ လက်တင်တိုင်းပြည်များရှိ ပရောက်ဒွန်းဝါဒသည်လည်းကောင်း၊ ဂျာမဏီပြည်တွင် အထူးတည်ရှိနေသော လာဆေးဝါဒသည်လည်းကောင်း အသက်ငင်နေလေပြီ။ သမရိုးကျထိပ်သီး အင်္ဂလိပ်အလုပ်သမား သမဂ္ဂများသည်ပင်လျှင် ၁၈၈၇ ခုနှစ် ဆွမ်ဆီးကွန်ဂရက်တွင် သမဂ္ဂများ၏ကိုယ်စား သဘာပတိက "ဥရောပတိုက်ကြီး က ဆိုရှယ်လစ်ဝါဒကို ကျွန်တော်တို့ကြောက်စရာ မရှိတော့ပါ" ဟု ပြောဆိုနိုင် သည့် အဆင့်အထိ တဖြည်းဖြည်းတက်လှမ်းခဲ့သည်။ ၁၈၈၇ ခုနှစ်တွင် ဥရော ပတိုက်ကြီးရှိ ဆိုရှယ်လစ်ဝါဒသည် ကြေညာစာတမ်းတွင် ဖော်ပြကြေညာ ထားသည့် သဘောတရားအတိုင်း ဖြစ်လုနီးပါးအခြေသို့ ရောက်နေပေပြီ။ ကြေညာစာတမ်း၏ သမိုင်းသည် ၁၈၄၈ ခုနှစ်ကတည်းက ခေတ်သစ်အလုပ် သမားလူတန်းစား၏ လှုပ်ရှားမှု သမိုင်းကို တစုံတခုသောအတိုင်းအတာအထိ ရောင်ပြန်ဟပ်နေပေသည်။ ၎င်းသည် မျက်မှောက်ကာလ ဆိုရှယ်လစ်စာပေ အားလုံးထဲတွင် အကျယ်ပြန့်ဆုံး ထုတ်ဝေဖြန့်ချိရသော နိုင်ငံတကာ့ လက္ခဏာ အဆောင်ဆုံးသော စာတမ်းဖြစ်ပြီး ဆိုက်ဗေးရီးယားမှ ကာလီ ဖိုးနီးယား အထိ တိုင်းပြည်အားလုံးမှ အလုပ်သမားသန်းပေါင်းများစွာတို့၏ တူညီသော လုပ်ငန်း စဉ် ဖြစ်သည်ကို သံသယရှိစရာမလိုပေ။

မည်သို့ပင်ဖြစ်စေ ကြေညာစာတမ်း ပေါ်ထွက်လာသောအခါ **ဆိုရှယ် လစ်** ကြေညာစာတမ်းဟု ကျွန်တော်တို့မခေါ်ဝေါ် နိုင်ခဲ့ပေ။ ၁၈၄၇ ခုနှစ်တွင် လူနှစ်မျိုးနှစ်စားကို ဆိုရှယ်လစ်ဝါဒီများဟု ယူဆထားကြ၏။ တဖက်တွင် စိတ်ကူး ယဉ်စနစ်အမျိုးမျိုး၏ နောက်လိုက်များ အထူးသဖြင့် ထိုအချိန်က တဖြည်းဖြည်းချင်း ကွယ်ပျောက်သွားမည့် ဂိုဏ်းဂဏသက်သက်အဖြစ်သို့ ဆုတ်ယုတ်နေကြပြီ ဖြစ်သည့် အင်္ဂလန်ပြည်ရှိ အိုဝင်ဝါဒီများ၊ ပြင်သစ်ပြည်ရှိ ဖိုးရီးယားဝါဒီများ ရှိကြသည်။ အခြားတဖက်တွင်ကား နေရာတကာ၌ သုံးနိုင်သည်ဆိုသော သူတို့၏ ဆေးမြီးတိုအမျိုးမျိုးဖြင့်လည်းကောင်း၊ ဖာထေးမှုအမျိုးမျိုးဖြင့်လည်း ကောင်း၊ အရင်းအနှီးနှင့် အမြတ်အစွန်းကို အနည်းငယ်မျှ မထိပါးစေရဘဲ လူမှု ရေးမကောင်းမှုများကို ဖယ်ရှားပစ်လိုကြသော လူမှုရေးသမားယောင် အမျိုးမျိုး ရှိကြသည်။ ဤ နှစ်မျိုးစလုံးသည် အလုပ်သမားလှုပ်ရှားမှု အပြင်ဘက်တွင် ရပ်နေ

ကြသူများနှင့် “ပညာရည်ဝသော” လူတန်းစားများ၏ ထောက်ခံစာနာမှုကိုသာ ရှာဖွေနေကြသူများ ဖြစ်ကြသည်။ နိုင်ငံရေး တော်လှန်မှု သက်သက်ဖြင့် မလုံလောက်ကြောင်းကို ယုံကြည်လာကာ လူ့အဖွဲ့အစည်းကို အရင်းအမြစ်မှ ပြန်လည်တည်ဆောက်ရန် တောင်းဆိုကြသည့် အလုပ်သမားလူတန်းစား အစိတ်အပိုင်းကမူ မိမိတို့ကိုယ်ကို **ကွန်မြူနစ်** ဟုခေါ်ဝေါ်ကြသည်။ ၎င်းမှာ အကြမ်းထည်မျှသာဖြစ်သော၊ အချောမကိုင်ရသေးသော၊ ပင်ကိုယ်အသိ သက်သက်ဖြစ်သော ကွန်မြူနစ်ဝါဒပင်တည်း။ ဤသို့ အကြမ်းထည် ဖြစ်စေကာမူ စိတ်ကူးယဉ် ကွန်မြူနစ်စနစ် နှစ်ခုဖြစ်သည့် ပြင်သစ်ပြည်ရှိ ကာဘက်၏ “အီကာရီယန်” ကွန်မြူနစ်ဝါဒနှင့် ဂျာမဏီပြည်ရှိ ဝက်တလင်း၏ ကွန်မြူနစ်ဝါဒတို့ကို ဖြစ်ပေါ်လာစေသော စွမ်းအားရှိခဲ့သည်။ ၁၈၄၇ ခုနှစ်က ဆိုရှယ်လစ်ဝါဒသည် ဓနရှင်လူတန်းစား လှုပ်ရှားမှုကိုဖော်ပြပြီး ကွန်မြူနစ်ဝါဒသည် အလုပ်သမားလူတန်းစား၏ လှုပ်ရှားမှုကို ဖော်ပြသည်။ အနည်းဆုံး ဥရောပတိုက်ကြီး၌ ဆိုရှယ်လစ်ဝါဒသည် လေးစားလောက်စရာပင်ဖြစ်၍ ကွန်မြူနစ်ဝါဒ မှာကား ၎င်းနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဘက်ဖြစ်သည်။ “အလုပ်သမားများ၏ လွတ်မြောက်ရေးသည် အလုပ်သမားလူတန်းစားကိုယ်တိုင်၏ ပြုမူဆောင်ရွက်ချက် ဖြစ်ရမည်” ဟူသော အစောပိုင်း ယူဆချက်အတိုင်းပင် ကျွန်တော်တို့ ယတိပြတ်ရှိခဲ့ပေရာ အမည်နှစ်မျိုးထဲမှ မည်သည့် အမည်ကို ရွေးချယ်ရမည်နှင့် ပတ်သက်၍ ကျွန်တော်တို့တွင် ဘယ်လိုနှောင့်နှေးမှုမှမရှိနိုင်။ ထိုအချိန်မှစ၍ ဤအမြင်ကို စွန့်ပယ်ပစ်ရန်လည်း ကျွန်တော်တို့ စိတ်မကူးမိခဲ့ပေ။

ပစ္စည်းမဲ့လူတန်းစားက မိမိကိုယ်ပိုင်တောင်းဆိုချက်များဖြင့် ပေါ်ထွက်လာခဲ့သော ပထမ ပဲရစ်တော်လှန်ရေး၏ အကြိုကာလဖြစ်သည့် လွန်ခဲ့သည့် ၄၂ နှစ်တာကာလက “တိုင်းပြည်အားလုံးရှိ အလုပ်သမားများ သွေးစည်းကြလော့” ဟူ၍ ကမ္ဘာသို့ ကျွန်တော်တို့ ကြေညာလိုက်သောအခါ တုံ့ပြန်သံ မည်မည်ရရ မရှိခဲ့ပေ။ သို့သော် ၁၈၆၄ ခုနှစ် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ဥဒါန်းတွင်ရစ်မည့် အင်တာနေရှင်နယ် အလုပ်သမားအစည်းအရုံးထဲသို့ အနောက်ဥရောပ တိုင်းပြည်အများပိုင်းရှိ ပစ္စည်းမဲ့များသည် လက်တွဲ၍ ပါဝင်လာခဲ့ကြသည်။ အမှန်ပင် အင်တာနေရှင်နယ်မှာ သက်တမ်း ၉ နှစ်မျှသာ တည်ရှိခဲ့သည်။ သို့သော် အင်တာနေရှင်နယ်က ဖန်တီးခဲ့သော တိုင်းပြည်အား

လုံးရှိ ပစ္စည်းမဲ့များ ထာဝစဉ်ပေါင်းစည်းရေးသည် ရှင်သန်နေဆဲ ခါတိုင်းထက် ပိုမိုအားကောင်းနေဆဲ ဖြစ်သည်ကို ယနေ့ထက် ပိုမိုကောင်းသည့် သက်သေသာဓကပြစရာ မရှိတော့ပေ။ အဘယ်ကြောင့်ဆိုသော် ယနေ့ ကျွန်တော် ဤစာကြောင်းများကို ရေးသားစီကုံးနေချိန်မှာပင် ဥရောပနှင့် အမေရိကန် ပစ္စည်းမဲ့လူတန်းစားသည် မိမိ၏ တိုက်ခိုက်ရေး အင်အားစုများကို စစ်ဆေးကြည့်ရှုနေကြပြီ။ **တခုတည်း**သော လက်တလောရည်မှန်းချက်အတွက် **တခုတည်း**သော အလံအောက်တွင် **တခုတည်း**သော တပ်မတော်အဖြစ် ပထမဆုံးအကြိမ် ဖွဲ့စည်းလိုက်ကြလေပြီ။ ၎င်းရည်မှန်းချက်သည်ကား ၁၈၆၆ ခုနှစ် ဂျီနီဗာ အင်တာနေရှင်နယ် ကွန်ဂရက်နှင့် နောက်တဖန် ၁၈၈၉ ခုနှစ် ပဲရစ်အလုပ်သမားကွန်ဂရက်က ကြေညာလိုက်သည့်အတိုင်း တနေ့အလုပ်ချိန် ၈ နာရီစံချိန်ကို တရားဥပဒေအဖြစ် ထုတ်ပြန်ရေးပင်ဖြစ်၏။ ယနေ့ တိုင်းပြည်အားလုံးရှိ အလုပ်သမားများသည် အမှန်ပင် စည်းလုံးကြပြီဖြစ်ကြောင်းကို တိုင်းပြည်အားလုံးက အရင်းရှင်များနှင့် မြေရှင်များအား ယနေ့ မြင်ကွင်းက မျက်စိဖွင့်ပေးလိုက်ပေလိမ့်မည်။

အကယ်၍ ဤမြင်ကွင်းကို ကျွန်တော်နှင့် ယှဉ်တွဲကာ သူကိုယ်တိုင်ကြည့်ရှုရန် မာ့က်စ်သာ အသက်ရှင်နေလျက်ရှိပါမူ ...။

အက်ဖ် အိန်ဂယ်

၁၈၉၀ ခုနှစ် မေလ ၁ ရက်၊ လန်ဒန်မြို့။

## ၁၈၉၂ ခုနှစ် ပိုလန်ဘာသာ ပုံနှိပ်ခြင်းနိဒါန်း

ကွန်မြူနစ်ကြေညာစာတမ်းကို ပိုလန်ဘာသာဖြင့် အသစ်ပုံနှိပ်သည့် အချက်သည် စဉ်းစားမှုအမျိုးမျိုးကို မလွဲမသွေ ပေါ်ထွက်လာစေသည်။

ဦးစွာအားဖြင့် ကွန်မြူနစ်ကြေညာစာတမ်းသည် ယခင်ကအတိုင်းပင် ဥရောပတိုက်ကြီးတွင် အကြီးစားစက်မှုလုပ်ငန်း ဖြစ်ပေါ်တိုးပွားမှု၏ အညွှန်းတခု ဖြစ်လာသည်ကို မှတ်သားသင့်ပေသည်။ တိုင်းပြည်တပြည်တွင် အကြီးစား စက်မှုလုပ်ငန်း တိုးချဲ့မှု အချိုးအစားတိုင်း အဆိုပါတိုင်းပြည်ရှိ အလုပ်သမားများ အတွင်းတွင် ပစ္စည်းရှိ လူတန်းစားများနှင့် အလုပ်သမားလူတန်းစားတို့၏ ဆက်ဆံရေး အဆင့်နေရာနှင့်ပတ်သက်၍ အသိပညာ ဖွင့်ပေးရေး တောင်းဆို ချက်သည်လည်း တိုးပွားလာသည်။ အလုပ်သမားများအတွင်း၌ ဆိုရှယ်လစ် လှုပ်ရှားမှု ပျံ့နှံ့လာကာ ကြေညာစာတမ်းကို တောင်းဆိုမှုသည်လည်း တိုးများ လာတော့၏။ သို့ဖြင့် တိုင်းပြည်တိုင်းရှိ အလုပ်သမားလှုပ်ရှားမှု၏ အခြေအနေ ကိုသာမက အကြီးစားစက်မှုလုပ်ငန်းတိုးပွားမှု အဆင့်ဒီဂရီကိုလည်း ထိုတိုင်း ပြည်၏ ဘာသာစကားအလိုက် ထုတ်ဝေဖြန့်ချိသော ကြေညာစာတမ်းစောင်ရေ အရေအတွက်ဖြင့် အတော်အတန် တိကျစွာတိုင်းထွာ ကြည့်နိုင်ပေသည်။

ဤအတိုင်းပင် ပိုလန်ဘာသာဖြင့် အသစ်ပုံနှိပ်ခြင်းသည် ပိုလန်စက်မှု လုပ်ငန်း သိသိသာသာ တိုးတက်မှုကို ညွှန်ပြနေပေသည်။ စာအုပ်ပုံနှိပ်ထုတ်ဝေခဲ့သည့် လွန်ခဲ့သော ဆယ်နှစ်ကတည်းက ဤတိုးတက်မှု အမှန်တကယ် ဖြစ်ပေါ်လာခြင်းကို မည်သို့မျှသံသယ ရှိစရာမလိုပေ။ ရုရှားပိုင် ပိုလန်၊ **ကွန်ဂရက်ပိုလန်**[၉] သည် ရုရှား အင်ပါယာ၏ ကြီးမားသော စက်မှုလုပ်ငန်းဒေသ ဖြစ်လာပေသည်။ စင်စစ်အားဖြင့်

ရုရှားပြည်၏ အကြီးစား စက်မှုလုပ်ငန်းသည် ဖင်လန်ပင်လယ်ကွေ့ပတ်လည်တွင် တစိတ်တပိုင်း၊ ဗဟိုဒေသ (မော်စကိုနှင့် ဗလာဂျီမီးမြို့များ) တွင် တခြားတစိတ်တပိုင်း၊ ပင်လယ်နက်၊ အဇော့ပင်လယ်ကမ်းရိုးတန်း တလျှောက်နှင့် အခြားနေရာများတွင် တတိယ တစိတ်တပိုင်းအဖြစ် ထိုတကွက်ဤတကွက် ပြန့်ကျဲနေသည်။ ပိုလန်စက်မှုလုပ်ငန်းသည် နှိုင်းယှဉ်ခြင်းအရ ကျဉ်းမြောင်းသော ဒေသတွင် ပြွတ်သိပ်နေသည်။ ဤသို့ စုစည်းနေမှုကြောင့် ပေါ်ပေါက်လာသည့် သာလွန်ချက်နှင့် ချည့်နဲ့ချက်နှစ်မျိုးစလုံးကို ခံစားရသည်။ ပြိုင်ဘက်ဖြစ်နေသော ရုရှား စက်မှု လုပ်ငန်းရှင်များသည် ပိုလန်များကို ရုရှားလူမျိုးအဖြစ် ပြောင်းလဲပစ်ရန် ဆန္ဒပြင်းပြစွာ ရှိစေကာမူ ပိုလန်ကုန်များကို အကောက်အခွန်တံတိုင်းနှင့် ကာကွယ်ပေးရန် တောင်းဆိုလိုက်ခြင်းဖြင့်[၁၀] ပိုလန်စက်မှုလုပ်ငန်း၏ သာလွန်ချက်များကို အသိအမှတ်ပြုရာ ရောက်သွားပေသည်။ ပိုလန် အလုပ်သမားများအတွင်း ဆိုရှယ်လစ်အတွေးအခေါ်များ လျင်မြန်စွာပြန့်ပွားလာခြင်းနှင့် ကြေညာစာတမ်းကို တောင်းဆိုမှုတိုးများလာခြင်းတို့က ပိုလန်စက်မှုလုပ်ငန်းရှင်များနှင့် ရုရှားအစိုးရအတွက် ထိခိုက်နစ်နာမှုကို ဖော်ပြလိုက်ပေသည်။

သို့သော် ရုရှားပြည်ကို ကျော်လွန်ခဲ့ပြီဖြစ်သော ပိုလန်စက်မှုလုပ်ငန်း၏ လျင်မြန်စွာဖြစ်ပေါ်တိုးပွားမှုက ပိုလန်ပြည်သူများ၏ မကုန်ခန်းနိုင်သော စွမ်းအားကို အသစ်တဖန် သက်သေပြလိုက်သည်။ ၎င်းပြင် ပေါ်ပေါက်အံ့ဆဲဆဲ အမျိုးသားပြန်လည် ပျိုးထောင်ရေးအတွက် သစ်လွင်သော အာမခံချက်လည်း ဖြစ်သည်။ အမှီခိုကင်းပြီး တောင့်တင်းသော ပိုလန်ပြည် ပြန်လည်ပျိုးထောင်ရေးသည် ပိုလန်အမျိုးသားများအတွက်သာမက ကျွန်တော်တို့အားလုံးအတွက်လည်း ဂရုပြုစရာအရေး ဖြစ်ပေသည်။ ဥရောပတိုက် အမျိုးသားများ၏ ဖြောင့်မှန်သော နိုင်ငံတကာ့ ပူးပေါင်းဆောင်ရွက်မှုသည် ဤအမျိုးသားတရပ်စီမှာ မိမိတိုင်းပြည်တွင် ကိုယ်ပိုင်အုပ်ချုပ်မှု အပြည့်အဝရှိမှသာလျှင် ဖြစ်နိုင်သည်။ ပစ္စည်းမဲ့လူတန်းစား၏ အောင်လံအောက်ရှိ ၁၈၄၈ ခုနှစ် တော်လှန်ရေးသည် အရင်းစစ်လိုက်လျှင် ဓနရှင်လူတန်းစားက လုပ်ရမည့်အလုပ်ကို ပစ္စည်းမဲ့လူတန်းစားအား လုပ်ခိုင်းလိုက်ခြင်း သက်သက်ဖြစ်သည်။ ထို့ပြင် သေတမ်းစာအရ ဆောင်ရွက်သူများဖြစ်သည့် လူဝီဘိုနာပတ်နှင့် ဘစ်စမတ်တို့မှတဆင့် အီတလီ၊ ဂျာမဏီနှင့် ဟန်ဂေရီပြည်များကိုလည်း လွတ်လပ်ရေးရစေခဲ့သည်။ ပိုလန်

ပြည်မှာမူ ၁၇၉၂ ခုနှစ်ကတည်းက အထက်ဖော်ပြပါ တိုင်းပြည် သုံးပြည် ပေါင်း ထက်ပင် တော်လှန်ရေးအတွက် အကျိုးပြုခဲ့သော်လည်း ၁၈၆၃ ခုနှစ်တွင် မိမိ ထက် အင်အားဆယ်ဆ သာလွန်သည့် ရုရှားပြည်၏ ဖိအားအောက်တွင် အသက်ရှုပေါက် မရသည့်အဆုံး၌ အရှုံးပေးလိုက်ရသည်။ မှူးမျိုးမတ်နွယ် အလွှာသည် ပိုလန်ပြည် လွတ်လပ်ရေးကို ထိန်း၍လည်းမထားနိုင်၊ ပြန်လည် ရရှိအောင်လည်း မယူနိုင်ပေ။ ယနေ့တွင်မူ အနိမ့်ဆုံးပြောရလျှင် ဓနရှင်လူ တန်းစားသည် ဤလွတ်လပ်ရေးကို အလေးမထားတော့ပေ။ မည်သို့ပင်ဖြစ်စေ ဤလွတ်လပ်ရေးသည် ဥရောပအမျိုးသားများ၏ လျော်ညီသော ပူးပေါင်းမှု အတွက် လိုအပ်ချက်တခု ဖြစ်သည်။ ၎င်းကို ပျိုမြစ်သော ပိုလန်ပစ္စည်းမဲ့ လူတန်းစားကသာလျှင် အရယူနိုင်ပြီး သူ၏ လက်ထဲတွင်ရှိမှလည်း အာမခံ ချက်ရှိသည်။ ဥရောပရှိ ကျန်တိုင်းပြည်အားလုံးမှ အလုပ်သမားများအတွက် ဆိုရသော် ပိုလန် အလုပ်သမားများနှင့် အလားတူပင် ပိုလန်ပြည်၏ လွတ်လပ် ရေးကို အလိုရှိကြပေသတည်း။

အက်ဖ် အိန်ဂယ်

၁၈၉၂ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်၊ လန်ဒန်မြို့။

## ၁၈၉၃ ခုနှစ် အီတလီဘာသာ ပုံနှိပ်ခြင်းနိဒါန်း အီတလီ စာဖတ်ပရိသတ်သို့

**ကွန်မြူနစ်ပါတီကြေညာစာတမ်း**ကို ပုံနှိပ်ထုတ်ဝေလိုက်ခြင်းသည် ၁၈၄၈ ခုနှစ် မတ်လ ၁၈ ရက် မီလန်မြို့နှင့် ဘာလင်မြို့ တော်လှန်ရေးနေ့ရက်နှင့် တိုက်ဆိုင်နေသည်ဟု ဆိုရပေလိမ့်မည်။ ယင်းတို့သည် အလယ်ဗဟိုတွင်ရှိသော တိုင်းပြည်နှစ်ပြည်၏ လက်နက်ကိုင်တော်လှန်ရေးများ ဖြစ်ကြ၏။ တပြည်သည် ဥရောပတိုက်၏ အလယ်ဗဟိုတွင် တည်ရှိပြီး၊ တပြည်သည် မြေထဲပင်လယ်၏ အလယ်ဗဟိုတွင် တည်ရှိသည်။ တော်လှန်ရေးမတိုင်မီက ထိုတိုင်းပြည်နှစ်ပြည်သည် အကွဲကွဲအပြားပြားဖြစ်မှုနှင့် ပြည်တွင်းမငြိမ်မသက်ဖြစ်မှုတို့ကြောင့် ချည့်နဲ့သွားသည်။ ဤသို့ဖြင့် ပြည်ပစိုးမိုးမှုအောက် ကျရောက်ခဲ့သည်။ အီတလီပြည်သည် ဩစတြီးယားဘုရင်၏ လက်အောက်ခံ ဖြစ်နေချိန်တွင် ဂျာမဏီ ပြည်သည် ထိုမျှတိုက်ရိုက်မဟုတ်သော်ငြားလည်း ရုရှားပြည့်ရှင် ဇာဘုရင်၏ ထမ်းပိုးအောက်သို့ အလားတူပင် ကျရောက်ခဲ့သည်။ ၁၈၄၈ ခုနှစ် မတ်လ ၁၈ ရက်၏ အကျိုးဆက်များကြောင့် အီတလီပြည်နှင့် ဂျာမဏီပြည်တို့သည် ဤဂုဏ်သိက္ခာမဲ့မှုမှ လွတ်ကင်းသွားခဲ့ကြသည်။ အကယ်၍ ၁၈၄၈ ခုနှစ်မှ ၁၈၇၁ ခုနှစ်အထိ ဤအမျိုးသားကြီးနှစ်ရပ်သည် ပြန်လည်ဖွဲ့စည်းပြီးနောက် မိမိဘာသာ ရပ်တည်သည်ဆိုလျှင် ကားလ်မာ့က်စ် ပြောဆိုလေ့ ရှိသည့်အတိုင်း ၁၈၄၈ ခုနှစ် တော်လှန်ရေးကို နှိမ်နင်းခဲ့သောသူများ ကိုယ်တိုင်ပင် ၎င်းတို့တွင် ဆန္ဒမရှိစေကာမူ ဤတော်လှန်ရေး၏ သေတမ်းစာအတိုင်း ဆောင်ရွက်သူများ ဖြစ်လာကြသောကြောင့် ပင်တည်း။

ဤတော်လှန်ရေးသည် နေရာတိုင်း၌ အလုပ်သမားလူတန်းစား၏ အလုပ်ဖြစ်သည်။ လမ်းဆုံလမ်းခွ ခံကတုတ်များ ဆောက်လုပ်သူနှင့် မိမိ၏ အသက်သွေးကို ပေးခဲ့သူမှာ အလုပ်သမားလူတန်းစားပင်ဖြစ်၏။ ပဲရစ် အလုပ်

သမားများသာလျှင် အစိုးရကို ဖြိုချရင်း ဓနရှင်အုပ်စိုးမှုကိုလည်း ဖြိုချရန် အလွန်တိကျရှင်းလင်းသော ရည်ရွယ်ချက်ရှိခဲ့သည်။ သို့သော် မိမိလူတန်းစားနှင့် ဓနရှင်လူတန်းစားအကြား မရှောင်လွှဲနိုင်သည့် ရန်ဘက်ဖြစ်မှု တည်ရှိနေသည်ကို သိရှိသော်လည်း တိုင်းပြည်၏ စီးပွားရေးတိုးတက်မှုသည်လည်းကောင်း၊ ပြင်သစ်အလုပ်သမားထု၏ အသိဉာဏ်ဖြစ်ပေါ်တိုးပွားမှုသည်လည်းကောင်း လူမှုပြန်လည် ပျိုးထောင်ရေး ဖြစ်နိုင်စေသည့်အဆင့်ထိ မရောက်ရှိသေးပေ။ ထို့ကြောင့် အရင်းစစ်လိုက်လျှင် တော်လှန်ရေး၏ အောင်သီးအောင်ပွင့်များကို အရင်းရှင် လူတန်းစားက ဆွတ်ခူးသွားကြောင်း တွေ့ရပေမည်။ အီတလီ၊ ဂျာမဏီနှင့် ဩစတြီးယားစသော အခြားတိုင်းပြည်များတွင် အလုပ်သမားများသည် စကတည်းက ဓနရှင်လူတန်းစားကို အာဏာရစေရန် လုပ်ပေးခြင်းမျှသာဖြစ်၏။ သို့သော် မည်သည့်တိုင်းပြည်တွင်မဆို အမျိုးသားလွတ်လပ်ရေး မရှိဘဲ ဓနရှင်လူတန်းစား အုပ်စိုးမှုသည် မဖြစ်နိုင်ပေ။ ထို့ကြောင့် ၁၈၄၈ ခုနှစ် တော်လှန်ရေးသည် အီတလီ၊ ဂျာမဏီနှင့် ဟန်ဂေရီတို့ထံသို့ ယခင်က မရှိခဲ့သေးသော အမျိုးသား စည်းလုံးမှုနှင့် အမှီအခိုကင်းမှုတို့ကို တဆက်တည်း ယူဆောင်လာရတော့သည်။ ယခု ပိုလန်ပြည်၏ အလှည့်လည်း ရောက်လာလေပြီ။

သို့ဖြင့် ၁၈၄၈ ခုနှစ် တော်လှန်ရေးသည် ဆိုရှယ်လစ်တော်လှန်ရေး မဟုတ်သည့်တိုင်အောင် ယင်းက ဆိုရှယ်လစ်တော်လှန်ရေးအတွက် ပြင်ဆင်လမ်းခင်း ပေးလိုက်သည်။ လွန်ခဲ့သော ၄၅ နှစ်တာကာလအတွင်း ဓနရှင်အုပ်စိုးမှုသည် တိုင်းပြည်အားလုံးတွင် အကြီးစားစက်မှုလုပ်ငန်းကို တွန်းအားပေးလိုက်သဖြင့် များပြားသော၊ စုစည်းထားသော၊ အင်အားကြီးမားသော ပစ္စည်းမဲ့လူတန်းစားကို နေရာတကာတွင် ဖန်တီးပေးလိုက်ပေပြီ။ သို့ဖြင့် **ကြေညာစာတမ်း**၏ အသုံးအနှုန်းအတိုင်းဆိုရသော် ဓနရှင်လူတန်းစားသည် မိမိကို မြေမြှုပ်သင်္ဂြိုဟ်မည့်သူများအား မွေးထုတ်ပေးလိုက်သည်။ အမျိုးသားတိုင်းအား အမှီအခိုကင်းရေးနှင့် သွေးစည်းရေးကို ပြန်လည်ပျိုးထောင်မပေးဘဲ ပစ္စည်းမဲ့လူတန်းစား၏ နိုင်ငံ တကာ့ပေါင်းစည်းရေး ရရှိနိုင်လိမ့်မည် မဟုတ်ပေ။ သို့မဟုတ်ဤအမျိုးသားများ၏ တူညီသော ရည်မှန်းချက်များဆီသို့ ရှေးရှုသည့် ငြိမ်းချမ်းသော၊ အသိရှိသော ပူးပေါင်းဆောင်ရွက်မှုသည်လည်း မဖြစ်နိုင်ပေ။ ၁၈၄၈ ခုနှစ်

မတိုင်မီကတည်ရှိခဲ့သော နိုင်ငံရေး အကြောင်းအချက်များအောက်တွင် အီတလီ၊ ဟန်ဂေရီ၊ ဂျာမန်၊ ပိုလန်နှင့် ရုရှားအလုပ်သမားများ၏ နိုင်ငံတကာ့ပူးတွဲလုပ်ဆောင်မှု ရှိနိုင်ပါမည်လောဆိုသည်ကို တွေးကြည့်ကြစမ်းပါ။

သို့ဖြင့် ၁၈၄၈ ခုနှစ်တွင် တိုက်ခိုက်ခဲ့သော စစ်ပွဲများသည် အချည်းနှီးတိုက်ခိုက်ခဲ့ကြသည် မဟုတ်ပေ။ ထိုတော်လှန်ရေး ခေတ်ကာလနှင့် ကျွန်တော်တို့အကြား ကွာလှမ်းခဲ့သော ၄၅ နှစ်တာကာလသည် အချည်းနှီး ကုန်လွန်သွားခဲ့သည်မဟုတ်ပေ။ တော်လှန်ရေး အသီးအပွင့်များကား ရင့်မှည့်နေပေပြီ။ ကြေညာစာတမ်း စာမူရင်းက နိုင်ငံတကာ့တော်လှန်ရေးအတွက် အကျိုးပြုခဲ့သည်နှင့်အလားတူပင် ဤ အီတလီဘာသာ ပြန်ဆိုချက်သည်လည်း အီတလီ ပစ္စည်းမဲ့လူတန်းစား အောင်ပွဲအတွက် အတိတ်နိမိတ်ကောင်း ဖြစ်ရေးသည် ကျွန်တော်၏ ဆန္ဒပင်တည်း။

**ကြေညာစာတမ်း**သည် အတိတ်က အရင်းရှင်စနစ်ပါဝင်ခဲ့သော တော်လှန်သည့်အခန်းကို တရားနည်းလမ်းကျစွာ အပြည့်အဝ အသိအမှတ်ပြုထားသည်။ အီတလီ ပြည်သည် ပထမဆုံး အရင်းရှင်တိုင်းပြည် ဖြစ်သည်။ ပဒေသရာဇ်အလယ်ခေတ်၏ ဇာတ်သိမ်းခန်းနှင့် ခေတ်သစ်အရင်းရှင် ခေတ်ကာလ၏ ဖွင့်လှစ်ခန်းကို အလယ်ခေတ်၏ နောက်ဆုံးကဗျာဆရာနှင့် ခေတ်သစ်၏ ပထမဆုံးကဗျာဆရာဖြစ်သော အီတလီလူမျိုး ဒန်တေဆိုသည့် ပုဂ္ဂိုလ်ကြီးဖြင့် မှတ်တိုင်ထူပြလိုက်သည်။ ၁၃၀၀ ခုနှစ်ကဲ့သို့ပင် ယနေ့တွင် သစ်လွင်သော သမိုင်းခေတ်ကာလသို့ ချဉ်းနင်းဝင်ရောက်လာလေပြီ။ အီတလီပြည်သည် ကျွန်တော်တို့အား ဒန်တေကဲ့သို့သော ပုဂ္ဂိုလ်သစ်တယောက်ကို မွေးထုတ်ပေးမည်လော? ဤပုဂ္ဂိုလ်သည် ဤသစ်လွင်သော ပစ္စည်းမဲ့ခေတ်ကာလ မွေးဖွားလာသည့် အချိန်နာရီကို မှတ်တိုင်ထူပြလိမ့်မည်လော?

ဖရစ်ဒရစ် အိန်ဂယ်

၁၈၉၃ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်၊ လန်ဒန်မြို့။

ကားလ်မာ့က်စ်၊ ဖရက်ဒရစ် အိန်ဂယ်

# ကွန်မြူနစ်ပါတီကြေညာစာတမ်း

## ဂျာမန်ဘာသာ စာမူရင်း
(ဗမာဘာသာပြန်)

၁၈၄၇ခုနှစ် ဒီဇင်ဘာလနှင့်
၁၈၄၈ ခုနှစ် ဇန်နဝါရီလအတွင်း
ရေးသားသည်။

၁၈၄၈ ခုနှစ် ဖေဖော်ဝါရီလ၌
လန်ဒန်မြို့တွင် ပထမအကြိမ် စာအုပ်
ငယ်အဖြစ် ပုံနှိပ်ထုတ်ဝေခဲ့သည်။

တစ္ဆေကြီးတကောင်သည် ဥရောပတိုက်တွင် လှည့်လည်သွားလာနေပေသည်။ ဤတစ္ဆေကြီးကား ကွန်မြူနစ်ဝါဒပင်ဖြစ်၏။ ပုပ်ရဟန်းမင်းကြီးနှင့် ဇာဘုရင်၊ မက်တာနစ်ချ်နှင့် ဂီဇော့၊ ပြင်သစ်ရယ်ဒီကယ်များနှင့် ဂျာမန်ပုလိပ် သူလျှိုများဟူသော ဟောင်းနွမ်းသည့် ဥရောပတိုက်ရှိ အင်အားစုအားလုံးသည် ဤတစ္ဆေကြီးအား မောင်းထုတ်ပစ်ရေးအတွက် သူတော်စင်မဟာမိတ်ကို ဖွဲ့စည်းလိုက်ကြလေပြီ။

အာဏာရနေသော ဆန့်ကျင်ဘက်များက ကွန်မြူနစ်ဟု ရှုတ်ချခြင်းမခံရသော အတိုက်အခံပြုနေသည့် ပါတီဟူ၍ အဘယ်မှာရှိအံ့နည်း? ပိုမို ရှေ့တန်းရောက်သော အတိုက်အခံပါတီများနှင့်တကွ ၎င်းတို့၏ ဖောက်ပြန်သော ရန်ဘက်များကို ကွန်မြူနစ်ဝါဒဟု ပြန်လည်တံဆိပ်ကပ် စွပ်စွဲခြင်းမပြုသည့် အတိုက်အခံပါတီဟူ၍ အဘယ်မှာ ရှိအံ့နည်း?

ဤဖြစ်ရပ်မှ နိဂုံးနှစ်ရပ်ကို ရရှိလိုက်ပေသည်။

၁။ ဥရောပတိုက် အင်အားစုအားလုံးက ကွန်မြူနစ်ဝါဒကို အင်အားစုတရပ်အဖြစ် အသိအမှတ်ပြုပြီးခဲ့ပေပြီ။

၂။ ကွန်မြူနစ်များက မိမိတို့၏အမြင်များ၊ မိမိတို့၏ ရည်မှန်းချက်များနှင့် မိမိတို့၏ ကြံရွယ်ချက်များကို တကမ္ဘာလုံးရှေ့မှောက်တွင် အတိအလင်းဖော်ထုတ်ကာ မိမိပါတီ၏ ကြေညာစာတမ်းဖြင့် ကွန်မြူနစ်ဝါဒတစ္ဆေကြီးဆိုသော ယုံတမ်းစကားကို ဆန့်ကျင်ရန် အချိန်ကျရောက်လာပေပြီ။

ဤရည်ရွယ်ချက်ဖြင့် မတူသောလူမျိုးအသီးသီးမှ ကွန်မြူနစ်များသည် လန်ဒန်မြို့တွင်စုဝေးကြပြီး အောက်ပါကြေညာစာတမ်းကို ရေးဆွဲခဲ့ပေ၏။ ၎င်းကို အင်္ဂလိပ်ဘာသာ၊ ပြင်သစ်ဘာသာ၊ ဂျာမန်ဘာသာ၊ အီတလီဘာသာ၊ ဖလမ်းမစ်ဘာသာ၊ ဒိန်းမတ်ဘာသာများဖြင့် ပုံနှိပ်ထုတ်ဝေရန် ဖြစ်ပေသည်။

## အခန်း (၁)

### ခေတ်သစ်အရင်းရှင်များနှင့် ပစ္စည်းမဲ့များ*

ယနေ့ထက်တိုင် တည်ရှိနေသော လူ့အဖွဲ့အစည်းအားလုံး၏ သမိုင်း** သည် လူတန်းစားတိုက်ပွဲများ၏ သမိုင်းပင် ဖြစ်ပေသည်။

လွတ်လပ်သူနှင့် ကျေးကျွန်၊ မင်းညီမင်းသားနှင့် လူသာမန်များ၊ အရှင်

---

* ခေတ်သစ်အရင်းရှင်လူတန်းစားဆိုသည်မှာ လူမှုထုတ်လုပ်ရေး ပရိဘောဂများကို ပိုင်ဆိုင်ပြီး အခစားအလုပ်သမားများအား ခိုင်းစားသူ ခေတ်သစ်အရင်းရှင် လူတန်းစားဖြစ်သည်။ ပစ္စည်းမဲ့လူတန်းစားဆိုသည်မှာ မိမိကိုယ်ပိုင်ထုတ်လုပ်ရေး ပရိဘောဂမရှိသောကြောင့် အသက်ရှင် နေထိုင်ရန် မိမိတို့၏လုပ်အားကို မလွဲမသွေရောင်းစားရသော ခေတ်သစ် အလုပ်သမား လူတန်းစား ဖြစ်သည်။ (၁၈၈၈ ခုနှစ် အင်္ဂလိပ်ဘာသာ ပုံနှိပ်ခြင်း အ တွက် အိန်ဂယ်၏ မှတ်ချက်)

** ဆိုလိုသည်မှာ **မှတ်တမ်းတင်ထားသော** သမိုင်းအားလုံးဖြစ်၏။ ၁၈၄၇ ခုနှစ် တွင် လူ့အဖွဲ့အစည်း၏ သမိုင်းမတိုင်မီကာလ၊ မှတ်တမ်းတင်ထားသော သမိုင်းမတိုင်မီက တည်ရှိနေသည့် လူမှုအဖွဲ့အစည်းအကြောင်းကို လုံးဝမသိသလောက် ဖြစ်ခဲ့ပေသည်။ ထို့နောက် ဟက်သောဆင် ဆိုသူက ရုရှားပြည်တွင် မြေယာဘုံပိုင်ဆိုင်မှုကို တွေ့ရှိခဲ့သည်။ မောရားဆိုသူက ကျူတောနစ်မျိုးနွယ် အားလုံး၏သမိုင်းသည် မြေယာဘုံပိုင်ဆိုင်မှုဟူသည့် လူမှုရေးအုတ်မြစ် အပေါ်မှ စတင်ခဲ့ကြောင်းနှင့်တကွ ကျေးလက်မြေယာ ဘုံပိုင်ဆိုင်မှုကို အိန္ဒိယပြည်မှ အိုင်ယာလန်ပြည်အထိ နေရာတကာတွင် ရှေးဦးလူ့အဖွဲ့အစည်း သဏ္ဍာန် အဖြစ် တွေ့ရှိနိုင်ကြောင်း၊ သို့မဟုတ် တည်ရှိခဲ့ကြဖူးကြောင်းကို သက်သေပြလိုက်ပေသည်။ **မျိုးရိုး**၏ စစ်မှန်သောသဘာဝ၊ မျိုးရိုးနှင့် **မျိုးရိုးတူ**အုပ်စုတို့၏ ဆက်ဆံရေးကို မော်ဂန် ဆိုသူ၏

သခင်နှင့် လယ်ကျွန်၊ လက်မှုပညာသည်* နှင့် ကျပန်းအလုပ်သမား၊ တခွန်းတည်းနှင့်ဆိုရလျှင် ဖိနှိပ်သူနှင့် ဖိနှိပ်ခံများသည် တဦးနှင့်တဦး အစဉ်အမြဲ ဆန့်ကျင်ဘက် ဖြစ်နေကြကာ ပုန်းကွယ်၍တမျိုး၊ အတိအလင်းဖြင့်တဖုံ အဆက်မပြတ်တိုက်ခိုက်ခဲ့ကြသည်။ ဤတိုက်ပွဲတိုင်းသည် လူ့အဖွဲ့အစည်းတခုလုံးကို တော်လှန်သော ပြန်လည်တည်ဆောက်ခြင်း သို့မဟုတ် တိုက်ခိုက်နေသော လူတန်းစားများပါ တပါတည်းဆုံးရှုံး ပျက်စီးခြင်းတို့ဖြင့် အဆုံးသတ်လေ့ရှိသည်။

သမိုင်း၏ အစောပိုင်းခေတ်ကာလများတွင် လူ့အဖွဲ့အစည်းကို မတူသော လူ့အလွှာများအဖြစ် ရှုပ်ထွေးသော နေရာချထားမှုတရပ်အဖြစ်လည်းကောင်း၊ မတူသော လူမှုရေးအဆင့် လှေခါးထစ်များအဖြစ်လည်းကောင်း နေရာတိုင်းတွင် ကျွန်တော်တို့ တွေ့ရလေ့ရှိသည်။ ရှေးခေတ် ရောမမြို့တွင် မင်းညီမင်းသားများ၊ မှူးမတ်များ၊ လူသာမန်များ၊ ကျေးကျွန်များရှိကြပြီး အလယ်ခေတ်[၁၁] တွင်မူ ပဒေသရာဇ်အရှင်သခင်များ၊ မြို့စားနယ်စားများ၊ လက်မှုပညာသည်များ ကျပန်းအလုပ်သမားများ၊ လက်မှုအလုပ်သင်များနှင့် လယ်ကျွန်များ ဟူ၍ရှိကြပေသည်။ ဤလူတန်းစား အားလုံးနီးနီးတွင် လက်အောက်ခံအဆင့်များ ထပ်မံ၍ရှိနေသည်။

ပဒေသရာဇ် လူ့အဖွဲ့အစည်း၏ ကြေပြုန်းပျက်စီးမှုမှ ပေါက်ဖွားလာသော ခေတ်သစ်နေရှင် လူ့အဖွဲ့အစည်းသည် လူတန်းစားရန်ဘက်ဖြစ်မှုများကို

---

ထင်ရှားသော တွေ့ရှိမှုဖြင့် ဤရှေးဦးကွန်မြူနစ် လူ့အဖွဲ့အစည်း၏ အတွင်းပိုင်းဖွဲ့စည်းပုံကို စံထားလောက်သော သဏ္ဌာန်ဖြင့် ရှင်းလင်းပြသခဲ့သည်။ ဤရှေးဦးဘုံအဖွဲ့များ ပြိုကွဲမှုနှင့်အတူ လူ့အဖွဲ့အစည်းသည် အပိုင်းပိုင်း စတင် ကွဲပြားသွားကာ နောက်ဆုံး၌ ရန်ဘက်လူတန်းစားများ ဖြစ်ကုန်ကြ၏။ ကျွန်တော်သည် ဤပြိုကွဲသွားသော ဖြစ်စဉ်ကို **မိသားစု၊ ပုဂ္ဂလိကပိုင်ဆိုင်မှုနှင့် နိုင်ငံတော်တို့၏ မူလအစ** စာအုပ်၊ ၁၈၈၆ ခုနှစ်၊ စတတ်ဂတ်၊ ဒုတိယပုံနှိပ်ခြင်းတွင် ပြန်လည်စူးစမ်းရန် ကြိုးစားခဲ့သည်။ (၁၈၈၈ ခုနှစ် အင်္ဂလိပ် ဘာသာ ပုံနှိပ်ခြင်း အတွက် အိန်ဂယ်၏ မှတ်ချက်)

* လက်မှုပညာသည်ဆိုသည်မှာ အခွင့်အရေးအပြည့်အဝရှိသော လက်မှုအဖွဲ့ဝင်ဖြစ်သည်။ လုပ်ငန်းခေါင်းဆောင်သူ ဖြစ်သော်လည်း လက်မှုအဖွဲ့ကို ဦးစီးသူမဟုတ်ပေ။ (၁၈၈၈ ခုနှစ် အင်္ဂလိပ်ဘာသာ ပုံနှိပ်ခြင်းအတွက် အိန်ဂယ်၏ မှတ်ချက်)

မဖျက်သိမ်းခဲ့ပေ။ ယင်းသည် လူတန်းစားအသစ်များ၊ ဖိနှိပ်မှုအကြောင်းအချက်အသစ်များ၊ တိုက်ပွဲသဏ္ဍာန်သစ်များဖြင့် အဟောင်းများနေရာတွင် အစားထိုးခြင်းမျှသာ ဖြစ်သည်။

သို့စေကာမူ ကျွန်ုပ်တို့၏ ခေတ်ကာလဖြစ်သော ဓနရှင်လူတန်းစား၏ ခေတ်ကာလသည် ဤသို့ထူးခြားသော လက္ခဏာရှိပေသည်။ ယင်းမှာ လူတန်းစားရန်ဘက် ဖြစ်မှုများကို အလွယ်တကူသိမြင်နိုင်စေသည်။ လူ့အဖွဲ့အစည်းတရပ်လုံးသည် ကြီးမားသော ရန်ဘက်ဂိုဏ်းကြီး နှစ်ဂိုဏ်းအဖြစ်လည်းကောင်း၊ ဓနရှင်လူတန်းစားနှင့် ပစ္စည်းမဲ့လူတန်းစားတည်းဟူသော တဦးနှင့်တဦး ထိပ်တိုက်ရင်ဆိုင်နေသည့် ကြီးမားသော လူတန်းစား နှစ်ရပ်အဖြစ်လည်းကောင်း ပို၍ပို၍ ကွဲပြားသွားကြတော့၏။

အလယ်ခေတ် လယ်ကျွန်များမှ အစောဆုံးမြို့များ၏ လွတ်လပ်သော မြို့သားများ ပေါ်ထွက်လာသည်။ ဤမြို့သားများမှ ဓနရှင်လူတန်းစား၏ ကနဦးအစိတ်အပိုင်းများ ဖြစ်ပေါ်တိုးပွားလာခဲ့ကြသည်။

အမေရိကတိုက်ကို ရှာဖွေတွေ့ရှိခြင်းနှင့် အာဖရိကတိုက်အား ကွေ့ပတ်သည့် ပင်လယ်လမ်းခရီးကို ရှာဖွေတွေ့ရှိခြင်းတို့သည် ထွန်းသစ်စ ဓနရှင်လူတန်းစားအတွက် စားကျက်သစ်ဖွင့်လှစ်ပေးလိုက်သည်။ အရှေ့အိန္ဒိယနှင့် တရုတ်ပြည်ဈေးကွက်များ၊ အမေရိကတိုက်အား ကိုလိုနီအဖြစ်သွတ်သွင်းမှု၊ ကိုလိုနီများနှင့် ကုန်သွယ်မှု၊ ဖလှယ်ရေးနည်းလမ်းနှင့် ကုန်စည်အရေအတွက် ယေဘုယျတိုးများလာမှုတို့က ကူးသန်းရောင်းဝယ်ရေး၊ ပင်လယ်ခရီးသွားလာရေးနှင့် စက်မှုလုပ်ငန်းတို့ကို မကြုံစဖူး တွန်းအားပေးလိုက်သည်။ ဤသို့ အားဖြင့် ပြိုကျပျက်စီးနေသော ပဒေသရာဇ်လူ့အဖွဲ့အစည်းအတွင်းမှ တော်လှန်သော အစိတ်အပိုင်းအား လျင်မြန်စွာ ဖြစ်ပေါ်တိုးပွားစေလိုက်သည်။

အပြင်လူ ဝင်ခွင့်မရသည့် လက်မှုလုပ်ငန်းအဖွဲ့များက စက်မှုထုတ်လုပ်ရေးကို လက်ဝါးကြီးအုပ်ထားသော ပဒေသရာဇ်စက်မှုလုပ်ငန်း[၁၂] စနစ်သည် ဈေးကွက်သစ်များ၏ ကြီးထွားလာသော တောင်းဆိုမှုများကို ယခုအခါ ဆက်လက်မဖြည့်စွမ်းနိုင်တော့ပေ။ ပဒေသရာဇ်စက်မှုလုပ်ငန်းနေရာတွင် စက်မှုလက်မှု လုပ်ခင်းစနစ်က အစားထိုးဝင်ရောက်လာသည်။ လက်မှုပညာသည်များသည် စက်မှုလက်မှုထုတ်လုပ်ရေးလုပ်နေသော အလယ်အလတ် လူတန်းစား၏

ဖယ်ထုတ်ခြင်းခံလိုက်ရသည်။ စုပေါင်းထားသော လက်မှုအဖွဲ့ အမျိုးမျိုးအကြားရှိ အလုပ်ခွဲဝေမှုသည် အလုပ်ခန်းတခုစီရှိ အလုပ်ခွဲဝေမှုရှေ့မှောက်တွင် ကွယ်ပျောက်သွားတော့၏။

ဈေးကွက်များ ဆက်လက်တိုးပွားလာနေစဉ်တွင် တောင်းဆိုချက်များကလည်း မြင့်တက်လာနေသည်။ စက်မှုလက်မှုလုပ်ခင်းကပင်လျှင် ဖြည့်တင်းနိုင်စွမ်းမရှိတော့ပေ။ ထိုအခါ ရေနွေးငွေ့နှင့် စက်ကိရိယာတို့က စက်မှုထုတ်လုပ်ရေးကို တော်လှန်ပြောင်းလဲစေလိုက်သည်။ စက်မှုလက်မှု လုပ်ခင်းနေရာတွင် အကြီးစား ခေတ်မီစက်မှုလုပ်ငန်းက နေရာ ယူလိုက်သည်။ စက်မှုလက်မှုလုပ်ငန်းရှင် အလယ်အလတ် လူတန်းစားနေရာတွင် စက်မှုတပ်မတော်တခုလုံးကို ခေါင်းဆောင်သူ၊ စက်မှုလုပ်ငန်း သန်းကြွယ်သူဌေးကြီးများ ဖြစ်ကြသော ခေတ်သစ်ဓနရှင်လူတန်းစားက နေရာယူလိုက်ပေပြီ။

ခေတ်မီစက်မှုလုပ်ငန်းကြီးက ကမ္ဘာ့ဈေးကွက်ကို တည်ထောင်လိုက်၏။ ယင်းသို့ တည်ထောင်နိုင်ရန် အမေရိကတိုက်ကို တွေ့ရှိခြင်းက လမ်းခင်းပေးလိုက်၏။ ဤဈေးကွက်က ကူးသန်းရောင်းဝယ်ရေး၊ ပင်လယ်ခရီးသွားလာရေးနှင့် ကုန်းလမ်းဆက်သွယ်ရေးတို့ကို ကြီးမားစွာ ဖြစ်ပေါ်တိုးပွားလာစေသည်။ ဤတိုးတက်မှုက စက်မှုလုပ်ငန်းတိုးချဲ့ရေးအပေါ် တဖန်တုံ့ပြန်လိုက်၏။ စက်မှုလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေး၊ ပင်လယ်ခရီးသွားလာရေးနှင့် မီးရထားလမ်းများ ချဲ့ထွင်လာသည့် အချိုးအစားအတိုင်း ဓနရှင်လူတန်းစားလည်း ကြီးထွားလာသည်။ ဓနရှင်တို့၏ အရင်းအနှီးလည်း တိုးပွားလာကာ အလယ်ခေတ်က ကြွင်းကျန်နေခဲ့သည့် လူတန်းစားမှန်သမျှကို နောက်ကွယ်သို့ ဖယ်ထုတ်ပစ်လိုက်သည်။

ထို့ကြောင့် ခေတ်သစ်ဓနရှင်လူတန်းစားကိုယ်၌ပင်လျှင် ရှည်လျားသော ဖြစ်ပေါ်တိုးပွားမှု ဖြစ်စဉ်၏ ရလဒ်ဖြစ်ကြောင်း ထုတ်လုပ်ရေးနည်းနာနှင့် ဖလှယ်မှု နည်းနာတို့တွင် တော်လှန်ရေးတသီတတန်းကြီး၏ ရလဒ်ဖြစ်ကြောင်းကို ကျွန်တော်တို့ တွေ့မြင်ရပေသည်။

ဓနရှင်လူတန်းစား ဖြစ်ပေါ်တိုးပွားမှု ခြေလှမ်းတိုင်းတွင် ၎င်းနှင့်လျော်ညီသော ဤလူတန်းစား၏ နိုင်ငံရေးတက်လှမ်းမှု လိုက်ပါလာခဲ့သည်။ ပဒေသရာဇ်ကြီးစိုးမှု အောက်တွင် ၎င်းသည် အဖိနှိပ်ခံလူတန်းစားဖြစ်ခဲ့၏။ အလယ်

ခေတ်ဘုံအဖွဲ့*တွင် လက်နက်တပ်ဆင်ထားသော ကိုယ်ပိုင်အုပ်ချုပ်ရေး အစည်းအရုံး ဖြစ်ခဲ့သည်။ ယင်းမှတဖန် အချို့နေရာတွင် အမှီအခိုကင်းသော မြို့ပြ သမ္မတနိုင်ငံ (အီတလီနှင့် ဂျာမဏီပြည်မှာကဲ့သို့) အဖြစ်လည်းကောင်း၊ အချို့နေရာတွင်မူ ဘုရင့်နိုင်ငံကို အခွန်ဆက်သရသော "တတိယအလွှာ" (ပြင်သစ်ပြည်မှာကဲ့သို့) အဖြစ်လည်းကောင်း ဖွဲ့စည်းခဲ့ကြသည်။ ထိုနောက် စက်မှုလက်မှုလုပ်ခင်းကာလတွင် ၎င်းသည် ပဒေသရာဇ်တပိုင်းနိုင်ငံ သို့မဟုတ် သက်ဦးဆံပိုင်ဘုရင့်နိုင်ငံအတွက် မှူးမျိုးမတ်နွယ်အလွှာကို ရင်ဆိုင်ဆန့်ကျင်သော အင်အားဖြစ်ခဲ့သည်။ ၎င်းသည် ယေဘုယျဘုရင့်နိုင်ငံကြီးများ၏ အခြေခံအုတ်မြစ်လည်းဖြစ်ခဲ့သည်။ နောက်ဆုံးတွင် ခေတ်သစ်စက်မှုလုပ်ငန်းကြီးနှင့် ကမ္ဘာ့ဈေးကွက်ကို တည်ထောင်လိုက်သည့် အချိန်မှစ၍ ဓနရှင်လူတန်းစားသည် ခေတ်သစ်ကိုယ်စားလှယ်စနစ် နိုင်ငံတော်၌ နိုင်ငံရေးစိုးမိုးမှုကို တဦးတည်းပိုင် သိမ်းယူလိုက်သည်။ ခေတ်သစ်နိုင်ငံတော်အာဏာသည် ဓနရှင်လူတန်း စားတရပ်လုံး၏ တူညီသောအရေးကိစ္စများကို စီမံခန့်ခွဲသော ကော်မတီတခုမျှသာ ဖြစ်ပေသည်။

သမိုင်းအရ ဓနရှင်လူတန်းစားသည် အလွန်တော်လှန်သော အခန်းမှ ပါဝင် ကပြခဲ့ပေ၏။

---

* ပဒေသရာဇ်မြေရှင်များနှင့် သခင်များထံမှ ဒေသကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် "တတိယအလွှာ" ၏ နိုင်ငံရေးအခွင့်အရေး မရရှိမီကတည်းကပင် ပြင်သစ်ပြည်မှ ထွန်းသစ်စမြို့များသည် "ဘုံအဖွဲ့" အမည်ကို ယူခဲ့ကြသည်။ ယေဘုယျပြောရသော် အင်္ဂလန်ပြည်ကို ဓနရှင် လူတန်းစား စီးပွားရေးဖြစ်ပေါ်တိုးပွားမှု၏ စံတိုင်းပြည်၊ ပြင်သစ်ပြည် ကို ဓနရှင်လူတန်းစား နိုင်ငံရေး ဖြစ်ပေါ်တိုးပွားမှု၏ စံတိုင်းပြည်အဖြစ်ထားသည်။ (၁၈၈၈ ခုနှစ် အင်္ဂလိပ်ဘာသာ ပုံနှိပ်ခြင်းအတွက် အိန်ဂယ်၏ မှတ်ချက်)

ဤအမည်မှာ ပဒေသရာဇ်မြေရှင်များထံမှ သူတို့၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အခြေခံအခွင့်အရေးများကို ဝယ်ယူပြီးသည့်နောက် သို့မဟုတ် လုယူပြီးသည့်နောက် အီတလီပြည်နှင့် ပြင်သစ်ပြည်တို့ရှိမြို့သားများက ၎င်းတို့၏ မြို့ပြဘုံအဖွဲ့အစည်းများကို ခေါ်ဝေါ်ကြသည့်အမည်ဖြစ်သည်။ (၁၈၉၀ ခုနှစ် ဂျာမန်ဘာသာပုံနှိပ်ခြင်းအတွက် အိန်ဂယ်၏ မှတ်ချက်)

အပေါ်စီးရနေသော နေရာတိုင်းတွင် ဓနရှင်လူတန်းစားသည် ပဒေသရာဇ်ဆန်သော၊ အဖကြီးစိုးသော၊ ကျေးလက်ဆန်သော၊ ဆက်ဆံရေး အားလုံးကို အဆုံးသတ်ပစ်လိုက်သည်။ "သဘာဝအရှင်သခင်များ" က တုပ်နှောင်ထားသည့် ပဒေသရာဇ် အနှောင်အဖွဲ့ အမျိုးမျိုးကို အကြင်နာကင်းမဲ့စွာ ဖြတ်တောက်ပစ်လိုက်သည်။ ပြောင်ကျသော ကိုယ်ကျိုးရှာမှု၊ ညှာတာထောက်ထားခြင်းမရှိသော "လက်ငင်းငွေပေးချေမှု" တို့မှတပါး လူလူချင်းဆက်ဆံရေးတွင် မည်သည့်အရာကိုမှ မထားရှိတော့ပေ။ ဘာသာရေးထက်သန်မှု၊ လူစွမ်းကောင်းစိတ်တက်ကြွမှု၊ နလပိန်းတုံးစိတ်ကူးယဉ်မှု ဟူသော မြင့်မြတ်သည့် စိတ်အဟုန်တို့သည် ကိုယ်ကျိုးတွက်ချက်မှုတည်းဟူသော ရေအေးထဲတွင် နစ်မြုပ်သွားတော့၏။ လူပုဂ္ဂိုလ်၏ ဂုဏ်သိက္ခာကို ဖလှယ်ရေးတန်ဖိုးအဖြစ် ပြောင်းလဲပစ်လိုက်သည်။ မရေမတွက် နိုင်သည့်၊ ဖျက်သိမ်း၍မရနိုင်သည့်၊ ခွင့်ပြုချက်ဖြင့် ရရှိထားသည့် လွတ်လပ်မှုများနေရာတွင် တခုတည်းသော၊ စဉ်းလဲသော လွတ်လပ်မှု (ဝါ) လွတ်လပ်စွာကုန်သွယ်မှုဖြင့် အစားထိုးလိုက်သည်။ တခွန်းတည်းဆိုရသော် ဘာသာရေးနှင့် နိုင်ငံရေးလှည့်စားမှု မျက်နှာဖုံးစွပ်ထားသော သွေးစုပ်ခြယ်လှယ်မှုနေရာတွင် ပြောင်ကျသော၊ အရှက်မဲ့သော၊ တိုက်ရိုက်ဖြစ်သော၊ ရက်စက်သော သွေးစုပ်မှုဖြင့် ဓနရှင်လူတန်းစားက အစားထိုးလိုက်သည်။

ယခုထက်တိုင် သိက္ခာရှိသည်ဟု ယူဆခဲ့သော၊ မြင့်မားစွာ တန်ဖိုးထားသော အလုပ်မှန်သမျှ၏ ဂုဏ်အရှိန်အဝါများကို ဓနရှင်လူတန်းစားက ပယ်ဖျက်လိုက်ပေပြီ။ ဆရာဝန်၊ ရှေ့နေ၊ ဘုန်းကြီး၊ ကဗျာဆရာ၊ ဝိဇ္ဇာပညာရှင်တို့ကို ဓနရှင်လူတန်းစား၏ အခစားလုပ်သားများအဖြစ် ပြောင်းလဲပစ်လိုက်သည်။

ဓနရှင်လူတန်းစားသည် မိသားစု၏ စိတ်ကူးယဉ်မျက်နှာဖုံးကို ဖယ်ရှားပစ်လိုက်ကာ မိသားစုဆက်ဆံရေးကို အသပြာဆက်ဆံရေးသက်သက်အဖြစ် လျှော့ချပစ်လိုက်သည်။

ဖောက်ပြန်ရေးဂိုဏ်းများက လွန်စွာ အမွှန်းတင်ထားသည့် အလယ်ခေတ်က ရက်စက်သော အစွမ်းပြမှုများကို ပျင်းရိဖွယ်ရာ အကောင်းဆုံးသော အရာများအဖြစ် ဓနရှင်လူတန်းစားက ဖြည့်စွက်ဖွင့်ချခဲ့သည်။ လူသား၏ ပြုမှုလုပ်ရှားမှုသည် အဘယ်မျှ စွမ်း ဆောင်နိုင်သည်ကို ဓနရှင်လူတန်းစားက ဦးစွာပြသခဲ့သည်။ ဓနရှင်လူတန်းစားသည် အီဂျစ်ပြည်က ပိရမစ်သချိုင်းကြီးများ၊

ရောမခေတ်ရေသွယ်တံလျှောက်ကြီးများ၊ ဂိုးသစ်ဘုရားကျောင်းများထက် သာလွန်ထူးကဲလှသည့် အံ့သြဖွယ်ရာများကို စွမ်းဆောင်ခဲ့၏။ အတိတ်ကာလလူမျိုးအလိုက် ပြောင်းရွှေ့မှုကြီးများ၊ ကရူးဆိတ် ဘာသာရေးစစ်ပွဲများအားလုံးနှင့် လုံးဝမတူသော ခရီးဝေးထွက်ခွာခြင်းများကိုလည်း စွမ်းဆောင်ခဲ့သည်။

ဓနရှင်လူတန်းစားသည် ထုတ်လုပ်ရေးကိရိယာကို အဆက်မပြတ်တော်လှန် ပြောင်းလဲမှု၊ ၎င်းနောက် ထုတ်လုပ်ရေးဆက်ဆံမှုတို့ကို အဆက်မပြတ်တော်လှန် ပြောင်းလဲမှုမလုပ်ဘဲ မတည်တံ့နိုင်ပေ။ ဤသို့ဖြင့် လူ့အဖွဲ့အစည်း၏ဆက်ဆံရေးတခုလုံးကိုလည်း တော်လှန်ပြောင်းလဲပစ်လိုက်သည်။ ဆန့်ကျင်ဘက်အားဖြင့် ထုတ်လုပ်ရေးနည်းနာဟောင်းများကို မပြောင်းမလဲဘဲ ထိန်းသိမ်းထားရေးမှာ အစောပိုင်းစက်မှု လူတန်းစားအားလုံး တည်ရှိရေးအတွက် ရှေးဦးစွာရှိရမည့် အကြောင်းအချက်ဖြစ်သည်။ ထုတ်လုပ်ရေး အမြဲမပြတ်ပြောင်းလဲခြင်း၊ လူမှုဆက်ဆံရေးအားလုံး အဆက်မပြတ် မငြိမ်မသက်ဖြစ်ခြင်း၊ ထာဝစဉ်မရေရာခြင်းနှင့် လှုပ်ရှားခြင်းတို့သည် အခြားခေတ်ကာလ အားလုံးနှင့် ဓနရှင်ခေတ်ကာလတို့ မတူသည့်အချက်ပင်တည်း။ ခိုင်မြဲနေသော၊ အရိုးစွဲနေသော ဆက်ဆံရေးအားလုံး၊ ၎င်းနှင့်တပါတည်းဖြစ်သည့် ရှေးကျသော ကြည်ညိုလေးစားဖွယ်ရာ အစွဲအလမ်းများ၊ အမြင်များသည် ဖျက်သိမ်းခြင်း ခံလိုက်ရလေပြီ။ အသစ်ပေါ်ထွက်လာသမျှ အားလုံးသည် အမြစ်မတွယ်မီမှာပင် ခေတ်ကုန်သွားတော့၏။ အစိုင်အခဲအားလုံးသည် လေထဲတွင် ကြေပျက်သွားကာ မွန်မြတ်သော အရာအားလုံးသည်လည်း ယုတ်ညံ့ကုန်ကြလေပြီ။ အဆုံးတွင်ကား လူတို့သည် မိမိတို့၏ တကယ့်ဘဝအခြေအနေ၊ မိမိတို့အကြားရှိ အပြန်အလှန်ဆက်ဆံရေးများကို တည်ငြိမ်စွာဖြင့် မလွှဲမသွေ ရင်ဆိုင်လာရတော့သည်။

မိမိအထွက်ပစ္စည်းများအတွက် ဈေးကွက်ကို အဆက်မပြတ်တိုးချဲ့ရန်လိုအပ်သောကြောင့် ဓနရှင်လူတန်းစားသည် ကမ္ဘာ့အနှံ့ ပြေးလွှားနေရသည်။ ဓနရှင်လူတန်းစားသည် မည်သည့်နေရာ၌မဆို အိုးအိမ်ထူထောင်ကြရမည်၊ မည်သည့်နေရာ၌မဆို အခြေစိုက်ကြရမည်၊ မည်သည့်နေရာနှင့်မဆို ဆက်သွယ်ကြရမည်ဖြစ်၏။

ဓနရှင်လူတန်းစားသည် ကမ္ဘာ့ဈေးကွက်ကို ဖွင့်လှစ်လိုက်ခြင်းဖြင့် တိုင်းပြည်တိုင်းရှိ ထုတ်လုပ်ရေးနှင့် သုံးစွဲရေးကို ကမ္ဘာ့လက္ခဏာ ဆောင်စေသည်။

စက်မှုလုပ်ငန်း၏ ခြေဖဝါးအောက်မှ အမျိုးသားရေးအခြေခံကို ဓနရှင်လူတန်းစားက ဖယ်ထုတ်လိုက်သည့်အတွက် ဖောက်ပြန်ရေးဂိုဏ်းများသည် အကြီးအကျယ် မခံမရပ်နိုင် ဖြစ်ကြသည်။ ကြာမြင့်စွာက တည်ထောင်ခဲ့သော အမျိုးသားစက်မှုလုပ်ငန်းအားလုံးသည် ဖျက်ဆီးခြင်းခံလိုက်ရ၏။ နေ့စဉ်နှင့်အမျှလည်း ဖျက်ဆီးခြင်းခံနေရ၏။ ၎င်းတို့၏နေရာတွင် ယဉ်ကျေးသော အမျိုးသားများအတွက် သေရေးရှင်ရေးပြဿနာ ဖြစ်လာသည့် စက်မှုလုပ်ငန်းသစ်များက တိုးဝင်လာသည်။ ဤစက်မှုလုပ်ငန်းများသည် ပြည်တွင်းကုန်ကြမ်းများကိုသာ သုံးစွဲခြင်း မဟုတ်တော့ဘဲ အဝေးကွာဆုံးသော နယ်ပယ်များမှ ယူဆောင်လာသည့် ကုန်ကြမ်းကိုပါ သုံးစွဲသည်။ စက်ရုံမှထုတ်လုပ်လိုက်သော အထွက်ပစ္စည်းများကိုလည်း မိမိပြည်တွင်းမှာသာမက ကမ္ဘာအနှံ့အပြားတွင် သုံးစွဲနေကြပေပြီ။ မိမိတို့တိုင်းပြည်မှ အထွက်ပစ္စည်းများဖြင့် ဖြည့်တင်းနေကျဖြစ်သည့် ဟောင်းနွမ်းသော လိုအပ်မှုများနေရာတွင် ဝေးကွာသောတိုင်းပြည်၊ ကွဲပြားသော ရာသီဥတုရှိသည့် နေရာများမှ အထွက်ပစ္စည်းများဖြင့် ဖြည့်တင်းပေးရသော လိုအပ်မှုသစ်များက အစားထိုးလိုက်သည်။ ဟောင်းနွမ်းနေပြီဖြစ်သော ဒေသချင်း ကင်းကွာနေမှု၊ အမျိုးသားချင်း ကင်းကွာနေမှု၊ မိမိဘာသာဖူလုံမှုတို့၏နေရာတွင် အမျိုးသားများ တဦးနှင့်တဦး အဘက်ဘက်မှ ဆက်သွယ်နေရမှု၊ အပြန်အလှန် မှီခိုနေရမှုဖြင့် အစားထိုးလိုက်သည်။ ရုပ်ဝတ္ထုထုတ်လုပ်ရေး၌သာမက အသိပညာထုတ်လုပ်ရေးတွင်လည်း ဤအတိုင်းပင်ဖြစ်သည်။ အမျိုးသားတရပ်စီ၏ အသိပညာဖန်တီးမှုများသည် အများပိုင်ပစ္စည်းဖြစ်လာသည်။ အမျိုးသားတဖက်သတ်ကျခြင်းနှင့် အမျိုးသားအမြင်ကျဉ်းမြောင်းခြင်းတို့သည် ပို၍ပို၍ မဖြစ်နိုင်တော့ပေ။ အရေအတွက် များပြားလှသော အမျိုးသားနှင့် ဒေသဆိုင်ရာစာပေယဉ်ကျေးမှုမှ ကမ္ဘာ့စာပေယဉ်ကျေးမှုတခု ပေါ်ထွန်းလာပေသည်။

ဓနရှင်လူတန်းစားသည် ထုတ်လုပ်ရေးကိရိယာအားလုံးကို လျင်မြန်စွာတိုးတက် ကောင်းမွန်စေခြင်း၊ ဆက်သွယ်ရေးနည်းနာများကိုလည်း အလွန့်အလွန် လွယ်ကူစေခြင်းတို့က အရိုင်းစိုင်းဆုံးသော အမျိုးသားများအပါအဝင် အမျိုးသားအားလုံးကိုပင် ယဉ်ကျေးလာရန် ဆွဲသွင်းယူလိုက်ပေသည်။ ဓနရှင်လူတန်းစား၏ ဈေးပေါသော ကုန်စည်များသည် တရုတ်တံတိုင်းကြီးအားလုံးကို ဖြိုခွဲဖျက်ဆီးပစ်သော အမြောက်ကြီးများ ဖြစ်ကြပြီး နိုင်ငံခြားသားများအား

ခါးခါးသီးသီးမုန်းတီးသည့် လူရိုင်းများကို အကျပ်ကိုင်ကာ လက်နက်ချ စေသည်။ အမျိုးသားအားလုံး ကွယ်ပျောက်မသွားရန် အရင်းရှင်ထုတ်လုတ်ရေး နည်းနာကို လက်ခံရမည်ဟု ဓနရှင်လူတန်းစားက အကျပ်ကိုင်လိုက်သည်။ အမျိုးသားများအတွင်းသို့ သူတို့၏ယဉ်ကျေးမှုဆိုသည်ကို အတင်းအဓမ္မ သွတ်သွင်းလိုက်သည်။ ဆိုလိုသည်မှာ ၎င်းတို့ ကိုယ်တိုင်ကို ဓနရှင်ဖြစ်လာစေသည်။ တခွန်းတည်းပြောရလျှင် ဓနရှင်ပုံစံအတိုင်း ကမ္ဘာတခုကို ဖန်တီးလိုက်ခြင်းပင်တည်း။

ဓနရှင်လူတန်းစားသည် ကျေးလက်များကို မြို့များ၏စိုးမိုးမှုအောက်တွင် ထားရှိသည်။ မြို့ကြီးပြကြီးများစွာကို တည်ထောင်ခဲ့သည်။ ကျေးလက်လူဦးရေနှင့် နှိုင်းစာလျှင် မြို့နေလူဦးရေကို အလွန်အမင်း ပိုမိုတိုးပွားလာစေကာ လူဦးရေအတော်များများကိုလည်း ထိုင်းမှိုင်းသော ကျေးလက်ဘဝမှ ကယ်တင်လိုက်သည်။ ကျေးလက်က မြို့အပေါ် မှီခိုလာစေသကဲ့သို့ပင် ရိုင်းစိုင်းသော တိုင်းပြည်နှင့် တစိတ်တပိုင်းရိုင်းစိုင်းသော တိုင်းပြည်တို့က ယဉ်ကျေးသော တိုင်းပြည်အပေါ် မှီခိုလာစေသည်။ လယ်သမားတိုင်းပြည်များက ဓနရှင်တိုင်းပြည်များအပေါ်သို့လည်းကောင်း၊ အရှေ့တိုင်းက အနောက်တိုင်းအပေါ်သို့လည်းကောင်း မှီခိုလာစေသည်။

ဓနရှင်လူတန်းစားသည် ပြန့်ကျဲလျက်ရှိသောလူဦးရေ၊ ထုတ်လုပ်ရေး ပရိဘောဂနှင့် ပိုင်ဆိုင်မှုတို့ကို ပို၍ပို၍ ဖျက်သိမ်းနေပေသည်။ ၎င်းကလူဦးရေကို ပြွတ်သိပ်လာစေသည်။ ထုတ်လုပ်ရေးပရိဘောဂကို စုစည်းလာစေသည်။ ဥစ္စာဓနများကို လူအနည်းစု၏ လက်ထဲတွင် စုပုံရောက်ရှိလာစေသည်။ ဤသို့ ပြုလုပ်မှုနှင့်အတူ မလွဲမသွေ လိုက်ပါ လာသည်မှာ နိုင်ငံရေးအရ ဗဟိုချုပ်ကိုင်မှုဖြစ်၏။ တသီးတခြားဖြစ်ကြသော အကျိုးစီးပွား၊ ဥပဒေ၊ အစိုးရ၊ အကောက်အခွန်စနစ်များ ရှိကြသည့် အမှီအခိုကင်းသော သို့မဟုတ် လျော့ရဲစွာဆက်သွယ်မှုသာရှိသည့် ပြည်နယ်များသည် တခုတည်းသောအစိုးရ၊ တခုတည်းသောဥပဒေစည်းမျဉ်း၊ တခုတည်းသောအမျိုးသား၏ လူတန်းစားအကျိုး၊ တခုတည်းသော နယ်နိမိတ်၊ တခုတည်းသောအကောက်အခွန်တို့ရှိသည့် တခုတည်းသော တိုင်းပြည်အဖြစ် ပေါင်းစည်းလာတော့သည်။

နှစ်ပေါင်းတရာနီးပါး ဓနရှင်လူတန်းစား စိုးမိုးစဉ်ကာလအတွင်းတွင် ကုန်လွန်ခဲ့သော မျိုးဆက်အားလုံးက ဖန်တီးခဲ့သမျှ၏ စုစုပေါင်းထက်ပင် ပိုမို

များပြားသော၊ ပိုမိုကြီးမားသော ထုတ်လုပ်ရေးအင်အားစုများကို ဖန်တီးခဲ့ပေသည်။ ၎င်းတို့မှာ သဘာဝအင်အားကို လူတို့ကချုပ်ကိုင်ခြင်း၊ စက်ကိရိယာထုတ်လုပ်ခြင်း၊ စက်မှုလုပ်ငန်းနှင့် လယ်ယာလုပ်ငန်းတွင် ဓာတုဗေဒအသုံးပြုခြင်း၊ မီးသင်္ဘော သွားလာခြင်း၊ မီးရထားလမ်း ဖောက်လုပ်ခြင်း၊ လျှပ်စစ်ကြေးနန်းဆက်သွယ်ခြင်း၊ ကမ္ဘာ့တိုက်ကြီးများကို ထွန်ယက်စိုက်ပျိုးရေးအတွက် ခုတ်ထွင်ပစ်ခြင်း၊ မြစ်များမှ တူးမြောင်းသွယ်ယူခြင်း၊ မန်းမှုတ်လိုက်သည့်ပမာ လူဦးရေအလုံးအရင်းကို ဆွဲဆောင်ခေါ်ယူလိုက်ခြင်းတို့ဖြစ်သည်။ လူ့အဖွဲ့အစည်းဆိုင်ရာ အလုပ်ထဲတွင် ဤသို့သော ထုတ်လုပ်ရေး အင်အားစုများ ကိန်းအောင်းနေသည်ကို အစောပိုင်းရာစုနှစ်များကဆိုလျှင် တွေးပင်တွေးတောနိုင်ကြပါမည်လော?

သို့ဖြစ်၍ ကျွန်တော်တို့တွေ့ရှိရသည်မှာ ဓနရှင်လူတန်းစား ပေါ်ထွက်ရာအခြေခံဖြစ်သည့် ထုတ်လုပ်ရေးပရိဘောဂနှင့် ဖလှယ်ရေးနည်းလမ်းတို့သည် ပဒေသရာဇ်လူ့အဖွဲ့အစည်းအတွင်းမှာပင် ဖြစ်ထွန်းလာခဲ့၏။ ဤထုတ်လုပ်ရေးပရိဘောဂနှင့် ဖလှယ်ရေးနည်းလမ်း ဖြစ်ပေါ်တိုးပွားမှု၏ တစုံတရာသောအဆင့်တွင် ပဒေသရာဇ်လူ့အဖွဲ့အစည်း၏ ထုတ်လုပ်ရေး၊ ဖလှယ်ရေးအကြောင်းအချက်များ၊ လယ်ယာနှင့် စက်မှုလုပ်ငန်းဆိုင်ရာ ပဒေသရာဇ်ဖွဲ့စည်းပုံ၊ တခွန်းတည်းပြောရလျှင် ပဒေသရာဇ်ပိုင်ဆိုင်မှု ဆက်ဆံရေးများသည် တိုးတက်လာခဲ့ပြီးဖြစ်သော ထုတ်လုပ်ရေးအင်အားစုတို့နှင့် မဆီလျော်တော့ဘဲ အနှောင်အဖွဲ့များ ဖြစ်လာသည်။ ၎င်းတို့သည် ဖျက်ဆီးခြင်းခံရမည်။ ဖျက်ဆီးခြင်းလည်း ခံသွားရပေပြီ။

၎င်းတို့၏နေရာတွင် လွတ်လပ်သော ပြိုင်ဆိုင်မှုက နေရာယူခဲ့၏။ ၎င်းနှင့်ကိုက်ညီသော လူမှုရေး၊ နိုင်ငံရေးအဆောက်အအုံနှင့်တကွ ဓနရှင်လူတန်းစား၏ စီးပွားရေး၊ နိုင်ငံရေးကြီးစိုးမှုတို့သည် တပါတည်းရောက်ရှိလာတော့၏။

ကျွန်တော်တို့ရှေ့မျောက်မှာပင် အလားတူလှုပ်ရှားမှုတရပ် ဖြစ်ပေါ်နေပေသည်။ ဓနရှင်ထုတ်လုပ်မှုဆက်ဆံရေး၊ ဖလှယ်မှုဆက်ဆံရေး၊ ပိုင်ဆိုင်မှုဆက်ဆံရေးတို့ဖြင့် ဤမျှကြီးမားသော ထုတ်လုပ်ရေးပရိဘောဂနှင့် ဖလှယ်မှုတို့ကို ဖန်တီးလိုက်သော ခေတ်သစ် ဓနရှင်လူ့အဖွဲ့အစည်းသည် မိမိကိုယ်တိုင်မနိုင်နင်းသည့် နာနာဘာဝများကို မန်းမှုတ်ခေါ်ယူလိုက်မိသော မှော်ဆရာကဲ့သို့

ပင် ဖြစ်နေ၏။ နှစ်ဆယ်ပေါင်းအချို့မှ စက်မှုလုပ်ငန်းနှင့် ကုန်သွယ်ရေးလုပ်ငန်း၏ သမိုင်းသည် ခေတ်သစ်ထုတ်လုပ်ရေး အင်အားစုများက ခေရှင်လူတန်းစား တည်ရှိမှုနှင့် ခေရှင်အုပ်စိုးမှု၏ အကြောင်းအချက်ဖြစ်သော ခေတ်သစ်ထုတ်လုပ်ရေး အကြောင်းအချက်များ[၃] ပိုင်ဆိုင်မှုဆက်ဆံရေးများကို ဆန့်ကျင်ပုန်ကန်သည့် သမိုင်းသာလျှင်ဖြစ်သည်။ ခေရှင်လူ့အဖွဲ့အစည်း တခုလုံး၏ တည်ရှိမှုကို တကြိမ်ထက်တကြိမ် ပိုမိုခြိမ်းခြောက်နေသည့် ကာလပိုင်းအလိုက် ထပ်ပြန်တလဲလဲဖြစ်နေသော ကုန်သွယ်ရေးကျပ်တည်းမှုကပ်ကို ဖော်ပြရုံနှင့်ပင် လုံလောက်ပေပြီ။ ဤကျပ်တည်းမှုကပ်များတွင် ထုတ်လုပ်ပြီးသော အထွက်ပစ္စည်း အများပိုင်းသာလျှင်မက ယခင်က ရှိပြီးသော ထုတ်လုပ်ရေးအင်အားစုများပင်လျှင် ကာလပိုင်းအလိုက် ဖျက်ဆီးပစ်ခြင်းခံရသည်။ ဤကျပ်တည်းမှုကပ်များတွင် ယခင်ခေတ်အခါအားလုံးကဆိုလျှင် မဖြစ်နိုင်စရာဟု ထင်မှတ်ကြမည့် ထုတ်လုပ်ရေးပိုလျှံမှုဟူသော ကပ်ရောဂါဆိုးသည် ဖြစ်ပွားလာတော့၏။ လူ့အဖွဲ့ အစည်းသည် ခဏတာအားဖြင့် အရိုင်းဘဝသို့ ရုတ်တရက်ပြန်လည် ရောက်ရှိသွားသည်။ ဤသည် ငတ်မွတ်ခေါင်းပါးမှုနှင့် အနှံ့အပြားပျက်စီးစေသော စစ်ပွဲပမာ ဘဝတည်မြဲရေး ပစ္စည်းအားလုံးကို ဖြတ်တောက်ပစ်လိုက်သည်။ စက်မှုလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေးသည်လည်း ဖျက်ဆီးခံလိုက်ရသကဲ့သို့ ဖြစ်သွားတော့၏။ အဘယ့်ကြောင့်နည်း? ယဉ်ကျေးလွန်းခြင်း၊ ဘဝတည်မြဲရေး ပစ္စည်းတွေ များပြားလွန်းခြင်း၊ စက်မှုလုပ်ငန်းတွေ များပြားလွန်းခြင်း၊ ကူးသန်းရောင်းဝယ်ရေးတွေ များပြားလွန်းခြင်းတို့ကြောင့် ဖြစ်ပါသည်။ လူ့အဖွဲ့အစည်း လက်ဝယ်တွင်ရှိသော ထုတ်လုပ်ရေးအင်အားစုများသည် ခေရှင်ပိုင်ဆိုင်မှု အကြောင်းအချက်များ တိုးပွားမှုကို ဆက်လက်အလုပ်အကျွေး မပြုတော့ပေ။ ဆန့်ကျင်ဘက်အားဖြင့် ထုတ်လုပ်ရေးအင်အားစုများသည် အဆမတန် အားကြီးလာကာ ဤအကြောင်းအချက်များ၏ အတားအဆီးကိုခံရသည်။ ထို့ကြောင့် ထုတ်လုပ်ရေးအင်အားစုများက ဤအတားအဆီးများကို ကျော်လွှားကြရာတွင် ခေရှင်လူ့အဖွဲ့အစည်း တခုလုံးကို ဖရိုဖရဲဖြစ်သွားစေကာ ခေရှင်ပိုင်ဆိုင်မှု တည်တံ့ရေးကိုပင် အန္တရာယ်ပြုလာပေတော့၏။ ခေရှင်လူ့အဖွဲ့အစည်း အကြောင်းအချက်များသည် သူတို့ဖန်တီးလိုက်သော ခေဥစ္စာများကို ထိန်းချုပ်ရန် အလွန်ကျဉ်းမြောင်းနေပေသည်။ သို့ဖြစ်လျှင် ခေရှင်လူတန်းစားသည် ကပ်များကို မည်ကဲ့သို့

ကျော်နင်းကြပါသနည်း? တဖက်တွင် ထုတ်လုပ်ရေးအင်အားစုများကို ထုထည်အလိုက် ဖျက်ဆီးပစ်ကြ၏။ အခြားတဖက်တွင် ဈေးကွက်သစ်များကို သိမ်းယူကြ၏။ ဈေးကွက်ဟောင်းများကို ပို၍ကုန်စင်အောင် သွေးစုပ်ယူကြ၏။ ဤသည်ကား ပိုမိုကျယ်ပြန့်သော၊ ပိုမိုဖျက်ဆီးနိုင်စွမ်းရှိသော ကပ်များကို လမ်းဖွင့်ပေးခြင်းပင် ဖြစ်သည်။ ကျပ်တည်းမှုကပ်များကို ဟန့်တားရန် နည်းလမ်းများအား လျော့နည်းသွားစေခြင်းသာ ဖြစ်သည်။

ဓနရှင်လူတန်းစားက ပဒေသရာဇ်စနစ်ကို ဖြိုချခဲ့သော လက်နက်များသည် ယခုအခါ ဓနရှင်လူတန်းစားဆီသို့ ပြန်၍ဦးလှည့်လာပေပြီ။

ဓနရှင်လူတန်းစားသည် မိမိကိုသေတွင်းပို့ဆောင်မည့် လက်နက်ကို ထုလုပ်ပေးလိုက်ရုံသာမက ဤလက်နက်ကို အသုံးပြုမည့်သူများဖြစ်သော ခေတ်သစ် အလုပ်သမားလူတန်းစား (ဝါ) ပစ္စည်းမဲ့များကိုလည်း ပေါ်ထွန်းစေလိုက်သည်။

ဓနရှင်လူတန်းစား၊ ဆိုလိုသည်မှာ အရင်းအနှီးတိုးများလာသည့် အချိုးအစားအတိုင်း ခေတ်သစ်အလုပ်သမား လူတန်းစားဖြစ်သော ပစ္စည်းမဲ့လူတန်းစားသည်လည်း တိုးပွားလာခဲ့၏။ ၎င်းလုပ်သားလူတန်းစားသည် အလုပ်ရှိမှသာလျှင် အသက်ရှင်နေနိုင်ကာ သူတို့၏အလုပ်က အရင်းအနှီးကို တိုးပွားစေမှသာလျှင် အလုပ်ရရှိနိုင်သည်။ မိမိကိုယ်ကို အလီလီရောင်းစားရသည့် ဤအလုပ်သမားများသည် အခြားအရောင်းအဝယ်ပစ္စည်းတိုင်းကဲ့သို့ပင် ကုန်စည်တမျိုးဖြစ်သည်။ ထို့ကြောင့် ပြိုင်ဆိုင်မှု၏ အပြောင်းအလဲအားလုံး ဈေးကွက်၏မတည်ငြိမ်မှုအားလုံးတို့၏ ဂယက်ရိုက်မှုဒဏ်ကို ခံရပေ၏။

စက်ကိရိယာကို အကျယ်အပြန့်အသုံးပြုမှုနှင့် အလုပ်ခွဲဝေမှုများကြောင့် ပစ္စည်းမဲ့များ၏ အလုပ်သည် တဦးချင်းလက္ခဏာအားလုံး ကွယ်ပျောက်ခဲ့လေပြီ။ ထို့ကြောင့် အလုပ်သမားတယောက်အတွက် ဆွဲဆောင်မှုအားလုံးလည်း ကွယ်ပျောက်သွားတော့သည်။ သူသည် စက်ကိရိယာ၏ အစွယ်အပွားတခု ဖြစ်လာသည်။ သူ့အား အရိုးဆုံး၊ အပြောင်းအလဲမရှိဆုံး၊ အလွယ်ကူဆုံးသော ကျွမ်းကျင်မှုရှိရန်သာ တောင်းဆိုသည်။ ထို့ကြောင့် အလုပ်သမား တယောက်၏ ထုတ်လုပ်ရေးစရိတ်ကို သူ၏ အသက်ရှင်နေရေးနှင့် မျိုးဆက်ပြန့်ပွားရေးအတွက် လိုအပ်သော ဘဝတည်မြဲရေးပစ္စည်းများဖြင့်သာ ကန့်သတ်ထားရှိသည်။ သို့သော် ကုန်စည်၏

ဈေးနှုန်း၊ ထိုနည်းတူပင် အလုပ်၏ဈေးနှုန်း* သည် ထုတ်လုပ်ရေးကုန်ကျစရိတ်နှင့် ညီမျှပေသည်။ ထို့ကြောင့်ပင် အလုပ်၏စက်ဆုပ်ဖွယ်ကောင်းမှု တိုးများလာသည်နှင့်အမျှ လုပ်ခသည်လည်း လျော့ပါးလာတော့သည်။ ထိုမျှမက စက်ကိရိယာအသုံးချမှုနှင့် အလုပ်ခွဲဝေမှုအချိုးအစား တိုးများလာသည်နှင့်အမျှ အလုပ်ချိန်တိုးခြင်းကြောင့်လည်းကောင်း၊ သတ်မှတ်ထားသော အလုပ်ချိန်အတွင်း အလုပ်ပမာဏတိုးခြင်း သို့မဟုတ် စက်ကိရိယာ၏ အရှိန်နှုန်းကို တိုးမြှင့်ခြင်းကြောင့်လည်းကောင်း အလုပ်၏ ဝန်ထုပ်ဝန်ပိုးသည်လည်း တိုးများလာသည်။

ခေတ်သစ်စက်မှုလုပ်ငန်းသည် အဖကြီးစိုးမှုဆန်သော လက်မှုပညာသည်၏ အလုပ်ရုံကလေးကို စက်မှုအရင်းရှင်၏ စက်ရုံကြီးအဖြစ်သို့ ပြောင်းလဲပစ်လိုက်သည်။ စက်ရုံတွင်စုပြုံနေသော လုပ်သားထုကြီးကို စစ်သားများကဲ့သို့ ဖွဲ့စည်းလိုက်၏။ စက်မှုတပ်မတော်ကြီး၏ သာမန်တပ်သားများအတိုင်း တပ်မှူး၊ တပ်ကြပ် အဆင့်ဆင့်၏ကွပ်ကဲအုပ်ချုပ်မှုအောက်တွင် စနစ်တကျထားရှိလိုက်သည်။ သူတို့သည် ဓနရှင်လူတန်းစား၏ ကျေးကျွန်များ၊ ဓနရှင်နိုင်ငံတော်၏ ကျေးကျွန်များ ဖြစ်ကြရုံသာမက စက်ကိရိယာ၊ ကြီးကြပ်သူ ဦးစွာအားဖြင့် တဦးချင်းဓနရှင် စက်ပိုင်ရှင်ကိုယ်တိုင်၏ ကျွန်ပြုမှုကို နေ့စဉ်နှင့်အမျှ နာရီနှင့်အမျှ ခံကြရသည်။ ဤမင်းမူအုပ်စိုးမှုက အမြတ်အစွန်းရရေးကို ၎င်း၏အဆုံးသတ်ရည်ရွယ်ချက်အဖြစ် ပိုမိုပြောင်ကျစွာ ဖော်ထုတ်လာသည်နှင့်အမျှ ပိုမိုသေးသိမ်၊ ပိုမိုမုန်းတီးစရာကောင်းပြီး ပိုမိုရက်စက်လာပေသည်။

ကာယအလုပ်တွင် ကျွမ်းကျင်မှုနှင့် အားစိုက်ထုတ်ရမှု နည်းပါးလာသည်နှင့်အမျှ တနည်းဆိုရသော် ခေတ်သစ်စက်မှုလုပ်ငန်း ပိုမိုတိုးတက်လာသည်နှင့်အမျှ ယောကျ်ားများ၏ အလုပ်ကို အမျိုးသမီးများ[၁၄] ၏ အလုပ်ဖြင့် ပိုမို အစားထိုးလာလေတော့သည်။ အလုပ်သမားလူတန်းစားအတွက်ဆိုလျှင် အသက်ခြားနားမှု၊ ကျား မ ခြားနားမှုတို့သည် မည်သို့သော ထင်ရှားသည့် လူမှုရေးအဓိပ္ပာယ်မျှ မရှိတော့ပေ။ အားလုံးသည် အသက်အရ၊ ကျား မ အရ

---

* နောက်ပိုင်းတွင် မာ့က်စ်က အလုပ်သမားသည် မိမိ၏အလုပ်ကို ရောင်းစားခြင်းမဟုတ်ဘဲ မိမိ၏လုပ်အားကို ရောင်းစားသည်ဟု ညွှန်ပြခဲ့သည်။ ဤအချက်နှင့်ပတ်သက်၍ အိန်ဂယ်ရေးသားသော ၁၈၉၁ ခုနှစ်ထုတ် မာ့က်စ်၏ **အခစားအလုပ် နှင့် အရင်းအနှီး** စာအုပ်နိဒါန်းတွင်ကြည့်ပါ။ (အယ်ဒီတာ)

အသုံးပြုရာတွင် ကုန်ကျမှု အနည်းအများ ကွာခြားကြသည့် အလုပ်ကိရိယာများ သာလျှင် ဖြစ်ကြပေသည်။

စက်ရုံပိုင်ရှင်က အလုပ်သမားများကို သွေးစုပ်ပြီးသည့်နောက်တွင် အလုပ်သမားများသည် လုပ်ခကို လက်ငင်းရရှိပြီး မရှေးမနှောင်းမှာပင် ဓနရှင် လူတန်းစား၏ အခြားအစိတ်အပိုင်းများဖြစ်သော အိမ်ပိုင်ရှင်၊ ဆိုင်ရှင်၊ အပေါင်ခံစားသူ စသည်တို့က အလုပ်သမားများအပေါ် ထပ်မံဖိစီးလိုက်ကြပြန်သေးသည်။

အလယ်အလတ်လူတန်းစား အောက်လွှာများ ဖြစ်ကြသော လုပ်ငန်းပိုင်ရှင်ကလေးများ၊ ဆိုင်ရှင်ကလေးများ၊ လုပ်ငန်းမှအနားယူသွားသည့် လုပ်ငန်းရှင်အားလုံးနီးပါး[၁၅]၊ လက်မှုပညာသည်နှင့် လယ်သမား စသည်တို့သည် ပစ္စည်းမဲ့လူတန်းစားထဲသို့ တစတစ သက်ဆင်းလာကြသည်။ ဤသို့ ဖြစ်ရသည်မှာ သူတို့၏နည်းပါးသော အရင်းအနှီးသည် ခေတ်သစ်စက်မှုလုပ်ငန်းကြီးလုပ်ရန် မလုံလောက်ဘဲ အရင်းရှင်ကြီးများ၏ ပြိုင်ဆိုင်မှုကိုလည်း ခံနိုင်စွမ်းမရှိသောကြောင့်တကြောင်း သူတို့၏ အထူးကျွမ်းကျင်မှုသည် ထုတ်လုပ်ရေးနည်းနာသစ်များကြောင့် တန်ဖိုးမရှိတော့သည့်အဖြစ်သို့ ဆိုက်ရောက်သွားခြင်းကြောင့် တကြောင်းဖြစ်၏။ ဤသို့အားဖြင့် ပစ္စည်းမဲ့လူတန်းစားသည် လူတန်းစားအားလုံးမှနေ၍ တပ်သားစုဆောင်းလိုက်ပေသည်။

ပစ္စည်းမဲ့လူတန်းစားသည် ဖြစ်ပေါ်တိုးပွားမှု အဆင့်အသီးသီးကို ဖြတ်သန်းလာခဲ့သည်။ ပစ္စည်းမဲ့လူတန်းစား စတင်ပေါ်ပေါက်လာသည်နှင့် တပြိုင်နက် ဓနရှင်လူတန်းစားကို ဆန့်ကျင်သည့် တိုက်ပွဲသည်လည်း စတင်လာတော့၏။ အစပိုင်းတွင် အလုပ်သမားများက တဦးချင်းတိုက်ပွဲဆင်ကြသည်။ ထို့နောက် စက်ရုံတရုံမှ အလုပ်သမားများ၊ နောက်တဖန် ဒေသတခုရှိ အလုပ်ဌာနတခုမှ အလုပ်သမားများသည် သူတို့အား တိုက်ရိုက်သွေးစုပ်သည့် ဓနရှင်တဦးချင်းကို ဆန့်ကျင်တိုက်ပွဲဆင်ကြသည်။ အလုပ်သမားများသည် ဓနရှင်ထုတ်လုပ်ရေးအကြောင်းအချက်များကို မဟုတ်ဘဲ ထုတ်လုပ်ရေးကိရိယာများကိုသာ ထိုးနှက်တိုက်ခိုက်ကြသည်[၁၆]။ သူတို့သည် ပြိုင်ဆိုင်လာသော နိုင်ငံခြားကုန် ပစ္စည်းများကို ဖျက်ဆီးခြင်းဖြင့်လည်းကောင်း၊ စက်ကိရိယာများကို ရိုက်ချိုးပစ်ခြင်းဖြင့်လည်းကောင်း၊ စက်ရုံများကို မီးတင်ရှို့ခြင်းဖြင့်လည်းကောင်း

ဆုံးရှုံးသွားလေပြီဖြစ်သော အလယ်ခေတ် အလုပ်သမားများ အဆင့်အတန်းကို ပြန်လည် ပျိုးထောင်ရန် အကြမ်းဖက်ကြိုးစားကြသည်။

ဤအဆင့်တွင် အလုပ်သမားများသည် တပြည်လုံး၌ ပြန့်ကျဲနေကာ သူတို့ အချင်းချင်း အပြန်အလှန်ပြိုင်ဆိုင်မှုဖြင့် ကွဲပြားနေကြသည်။ အကယ်၍ မည်သည့် နေရာ၌မဆို အလုပ်သမားများသည် ပိုမိုကျစ်လျစ်သော အဆောက်အအုံများအဖြစ် ဖွဲ့စည်းရန် ပေါင်းစည်းကြသည်ဆိုပါက ယင်းသည် သူတို့ကိုယ်တိုင် တက်ကြွစွာပေါင်းစည်းကြခြင်း၏ အကျိုးဆက်မဟုတ်ဘဲ ဓနရှင်လူတန်းစားက ပူးပေါင်းပေးခြင်း၏ အကျိုးဆက်ဖြစ်သည်။ ဓနရှင်လူတန်းစားသည် မိမိ၏နိုင်ငံရေး ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ရန် ပစ္စည်းမဲ့ လူတန်းစား တရပ်လုံးကို လှုပ်ရှားလာစေရသည်။ ထိုမျှမက အချိန်ကာလတခုအထိ ဤသို့ လုပ်နိုင်စွမ်း ရှိပေသည်။ ထို့ကြောင့် ဤအဆင့်တွင် ပစ္စည်းမဲ့များသည် မိမိတို့၏ရန်သူများကို တိုက်ပွဲဆင်ခြင်းမဟုတ်ဘဲ မိမိတို့ရန်သူ၏ ရန်သူများ (ဝါ) သက်ဦးဆံပိုင် အကြွင်းအကျန်များ၊ မြေရှင်များ၊ စက်မှုလုပ်ငန်းမလုပ်သည့် ဓနရှင်နှင့် ဓနရှင်ပေါက်စလူတန်းစားတို့အား တိုက်ပွဲဆင်ကြခြင်းဖြစ်ပေသည်။ သို့ဖြင့် သမိုင်းလှုပ်ရှားမှု တရပ်လုံးသည် ဓနရှင်လူတန်းစား လက်ထဲတွင် စုစည်းနေပေသည်။ ဤကဲ့သို့ ရရှိလိုက်သော အောင်ပွဲတိုင်းသည်လည်း ဓနရှင်လူတန်းစား၏ အောင်ပွဲပင် ဖြစ်ပေတော့၏။

သို့သော် စက်မှုလုပ်ငန်း ဖြစ်ပေါ်တိုးပွားလာမှုနှင့် တပါတည်း ပစ္စည်းမဲ့ လူတန်းစားသည် အရေအတွက်သာလျှင် တိုးများလာသည် မဟုတ်ဘဲ ပိုမိုကြီးမားသော ထုထည်အဖြစ် စုစည်းလာသည်။ ၎င်း၏ အင်အားသည် တနေ့တခြားကြီးထွားလာပြီး မိမိအင်အား ကြီးထွားလာမှုကိုလည်း ပိုမိုခံစား မိလာ၏။ စက်ကိရိယာများက အလုပ်အလိုက်ခြားနားချက် အားလုံးကို ပယ်ဖျက်ပစ်လိုက်သည်နှင့်အမျှ ပစ္စည်းမဲ့လူတန်းစား၏ အကျိုးစီးပွားနှင့် ဘဝအကြောင်းအချက်များသည် ပို၍တူညီလာရသည်။ နေရာတိုင်းလိုလိုမှာပင် လုပ်ခများသည် နိမ့်ကျသောအဆင့်သို့ တူညီစွာ လျော့ကျသွားရသည်။ ဓနရှင်လူတန်းစား အတွင်း ပြိုင်ဆိုင်မှုကြီးထွားလာမှုကြောင့် ကုန်သွယ်ရေးကပ်ဆိုက်လာသည်။ ယင်းက အလုပ်သမားများ၏ လုပ်ခကို ပို၍ပို၍ မတည်မငြိမ်ဖြစ်လာစေသည်။ လျင်မြန်စွာ အဆက်မပြတ် တိုးတက်ကောင်းမွန်လာသော စက်ကိရိယာတို့က

ပစ္စည်းမဲ့လူတန်းစား၏ ဘဝအခြေအနေကို ပို၍အာမခံချက် လျော့နည်းလာစေသည်။ တဦးချင်းအလုပ်သမားနှင့် တဦးချင်း ဓနရှင်တို့ အကြား တိုက်ခိုက်မှုများသည် ပို၍ပို၍ လူတန်းစားနှစ်ရပ်အကြား တိုက်ခိုက်မှုလက္ခဏာ ဆောင်လာသည်။ ဤသို့အားဖြင့် အလုပ်သမားများသည် ဓနရှင်များကိုဆန့်ကျင်ကာ ညွန့်ပေါင်းအဖွဲ့များ (အလုပ်သမားသမဂ္ဂများ)[၁၇] ဖွဲ့စည်း ကြပြီး မိမိတို့၏ လုပ်ခကို ကာကွယ်ရေးအတွက် ပူးပေါင်းလာကြသည်။ သူတို့သည် ရံဖန်ရံခါ ဖြစ်ပေါ်လာနိုင်သော ပုန်ကန်မှုများတွင်ကူညီရန် အမြဲ တမ်းအစည်းအရုံးများကို ကြိုတင်၍ တည်ထောင်ကြပေသည်။ နေရာအချို့ရှိ အားပြိုင်မှုသည် အဓိကရုဏ်းများ[၁၈] အဖြစ် ပေါက်ကွဲသွားတော့၏။

အလုပ်သမားများသည် မကြာခဏ အောင်ပွဲခံကြသော်လည်း ဤအောင်ပွဲများသည် ကာလတခုအတွက်သာဖြစ်၏။ သူတို့တိုက်ပွဲများ၏ တကယ့်အောင်သီးအောင်ပွင့်များသည် လတ်တလော အကျိုးသက်ရောက်မှုအပေါ်တွင် မတည်ရှိဘဲ အစဉ်တိုးချဲ့လာသော အလုပ်သမားများ၏ စည်းလုံးမှုအပေါ်တွင်သာ တည်ရှိပေ၏။ ခေတ်သစ် စက်မှုလုပ်ငန်းက ဖန်တီးလိုက်သော ပိုမိုကောင်းမွန်လာသည့် ဆက်သွယ်ရေးကိရိယာများက ဤစည်းလုံးမှုကို အကူအညီပေးကာ ဒေသအမျိုးမျိုးရှိ အလုပ်သမားအချင်းချင်းကို ဆက်သွယ်ပေးလိုက်သည်။ လက္ခဏာတူညီသော ဒေသတိုက်ပွဲ မြောက်မြားစွာကို တခုတည်းသော တပြည်လုံးအတိုင်းအတာရှိသည့် လူတန်းစားတိုက်ပွဲအဖြစ် စုစည်းမိရန် လိုအပ်သည်မှာ ဤဆက်သွယ်မှုပင် ဖြစ်ပေသည်။ သို့သော် လူတန်းစား တိုက်ပွဲမှန်သမျှသည် နိုင်ငံရေးတိုက်ပွဲဖြစ်၏။ အလယ်ခေတ်မြို့သားများသည် လမ်းကြမ်းကြီးများဖြင့် ဤသို့သော စည်းလုံးမှုရရန် ရာစုနှစ်ပေါင်းများစွာ လိုအပ်ပေသည်။ သို့သော် ခေတ်သစ်ပစ္စည်းမဲ့များကား မီးရထားလမ်းများဖြင့် နှစ်အနည်းငယ်အတွင်းမှာပင် ဤသို့သော စည်းလုံးမှုကို ရရှိလိုက်ပေသည်။

ပစ္စည်းမဲ့များကို လူတန်းစားတရပ်အဖြစ် ဖွဲ့စည်းရေးနှင့် ထိုမှတဆင့် နိုင်ငံရေး ပါတီတခုအဖြစ် ဖွဲ့စည်းရေးသည် အလုပ်သမားအချင်းချင်း ပြိုင်ဆိုင်မှုကြောင့် အဖန်တလဲလဲ ပျက်စီးသွားခဲ့ရသည်။ သို့သော် ယင်းသည် ပိုမိုအင်အားကြီးမား၊ ပိုမိုကြံ့ခိုင်၊ ပိုမိုတောင့်တင်းစွာ ထပ်ပြန်တလဲလဲ ပေါ်ထွက်လာပေသည်။ ယင်းသည် ဓနရှင်လူတန်းစားအတွင်း ကွဲပြားမှုများကို အခွင့်ကောင်းယူကာ

အလုပ်သမားများ၏ သီးခြားအကျိုးစီးပွားများကို တရားဥပဒေအရ အသိအမှတ် ပြုလာစေသည်။ ဤသို့ဖြင့် အင်္ဂလန်ပြည်တွင် အလုပ်ချိန် ၁၀ နာရီ သတ်မှတ်သည့်ဥပဒေ ပေါ်ပေါက်လာပေသည်။

လူ့အဖွဲ့အစည်းဟောင်းအတွင်းရှိ လူတန်းစားများအကြား အတိုက်အခံဖြစ်မှုများက ပစ္စည်းမဲ့လူတန်းစား၏ ဖြစ်ပေါ်တိုးပွားမှု ဖြစ်စဉ်ကို နည်းလမ်းပေါင်းများစွာဖြင့် တွန်းဆော်ပေးလိုက်သည်။ ဓနရှင်လူတန်းစား ကိုယ်တိုင်သည်ပင် အဆက်မပြတ် တိုက်ပွဲ ဝင်နေရပေသည်။ ပထမတွင် မင်းညီမင်းသားများကို ဆန့်ကျင်ရသည်။ ထို့နောက်တွင် စက်မှုလုပ်ငန်း တိုးတက်လာခြင်းနှင့် ၎င်းတို့၏ အကျိုးစီးပွားအကြား ရန်ဘက်ဖြစ်လာသော ဓနရှင်လူတန်းစား တစိတ်တပိုင်းကိုပင် ဆန့်ကျင်ရသည်။ နိုင်ငံခြားတိုင်းပြည်များမှ ဓနရှင်လူတန်းစားကိုမူ တလျှောက်လုံး ဆန့်ကျင်ခဲ့ကြရသည်။ ဤတိုက်ပွဲအားလုံးမှာပင် ဓနရှင် လူတန်းစားသည် မလွှဲသာဘဲ ပစ္စည်းမဲ့လူတန်းစားထံမှ အကူအညီတောင်း ခံခဲ့ရသည်။ ဤသို့အားဖြင့် ပစ္စည်းမဲ့လူတန်းစားကို နိုင်ငံရေးနယ်ပယ်တွင်းသို့ ဆွဲသွင်းလိုက်ပေသည်။ ထို့ကြောင့် ဓနရှင်လူတန်းစား ကိုယ်တိုင်ကပင် သူတို့၏ ကိုယ်ပိုင်နိုင်ငံရေးနှင့် အထွေထွေပညာရပ်များ[၁၉] ဆိုလိုသည်မှာ ဓနရှင်လူတန်းစားအား တိုက်ခိုက်မည့် လက်နက်များကို ပစ္စည်းမဲ့လူတန်းစားလက်သို့ ပေးအပ်လိုက်တော့သည်။

ထို့အပြင် ကျွန်တော်တို့ တွေ့မြင်ရသည့်အတိုင်း စက်မှုလုပ်ငန်း ရှေ့သို့ တက် လှမ်းလာသည်နှင့် အုပ်စိုးသူလူတန်းစားများသည် ပစ္စည်းမဲ့လူတန်းစား တပ်ဖွဲ့ထဲသို့ အပိုင်းလိုက်အပိုင်းလိုက် လျှောကျလာကြသည်။ သို့မဟုတ် ယုတ်စွအဆုံး သူတို့၏ ဘဝတည်ရှိမှုမှာ ခြိမ်းခြောက်ခံလာရသည်။ သူတို့ကလည်း ပစ္စည်းမဲ့လူတန်းစားထံသို့ အသိဉာဏ်ပွင့်လင်းမှုနှင့် တိုးတက်မှုအစိတ်အပိုင်းသစ်များ[၂၀] ကို ဖြည့်တင်းပေးလိုက်သည်။

နောက်ဆုံးတွင် လူတန်းစားတိုက်ပွဲကို အဆုံးအဖြတ်ပေးမည့် အချိန် နီးကပ်လာသောအခါ အုပ်စိုးသူလူတန်းစားအတွင်း လူ့အဖွဲ့အစည်းဟောင်း တခုလုံးအတွင်းရှိ ပြိုကွဲမှုဖြစ်စဉ်သည် အလွန်ပြင်းထန်စူးရှသော လက္ခဏာ ဆောင်လာပေရာ အုပ်စိုးသူ လူတန်းစားအတွင်းမှ သေးငယ်သော အစိတ်အပိုင်း တပိုင်းသည် ထိုလူတန်းစားကို စွန့်ခွာခဲ့ပြီး အနာဂတ်ကို ပိုင်ဆိုင်သော တော်

လှန် သောလူတန်းစားနှင့် ပူးပေါင်းလာကြသည်။ ထို့ကြောင့် အစောပိုင်းကာလတွင် မှူးမျိုးမတ်နွယ် တစိတ်တပိုင်းသည် ဓနရှင်လူတန်းစားဘက်သို့ ကူးပြောင်းလာသည့်အတိုင်း ယခုအခါ ဓနရှင်တစိတ်တပိုင်း အထူးသဖြင့် သမိုင်းလှုပ်ရှားမှု တခုလုံးကို သဘောတရားရေးအရ သိမြင်သောအဆင့်ထိ မြှင့်တင်ခဲ့ပြီဖြစ်သည့် ဓနရှင်အတွေးအခေါ်ရှင် တစိတ်တပိုင်းသည် ပစ္စည်းမဲ့လူတန်းစားဘက်သို့ ကူးပြောင်းလာကြပေသည်။

ယနေ့ ဓနရှင်လူတန်းစားနှင့် ထိပ်တိုက်ရင်ဆိုင်နေကြသော လူတန်းစားအားလုံးတွင် ပစ္စည်းမဲ့လူတန်းစားသာလျှင် တကယ်တမ်း တော်လှန်သောလူတန်းစားဖြစ်၏။ ခေတ်သစ်စက်မှုလုပ်ငန်း ရှေ့မှောက်တွင် အခြားသော လူတန်းစားများသည် ကြေပြုန်းကာ နောက်ဆုံး၌ ကွယ်ပျောက်သွားကြသည်။ ပစ္စည်းမဲ့လူတန်းစားသည် ခေတ်သစ်စက်မှုလုပ်ငန်းမှ မလွှဲမရှောင်သာ ပေါ်ထွက်လာသည့် ကိုယ်ပိုင်ရလဒ် ဖြစ်ပေတော့၏။

အလယ်အလတ် အောက်လွှာလူတန်းစား[၂၈] ဖြစ်ကြသော အလုပ်ရုံပိုင်ရှင်ကလေး၊ ဆိုင်ရှင်ကလေး၊ လက်မှုပညာသည်၊ လယ်သမား စသည်တို့သည် အလယ်အလတ် လူတန်းစား အစိတ်အပိုင်းများအဖြစ် မိမိတို့ဘဝ တည်တံ့မှု ပျက်သုဉ်းမသွားစေရန်အလို့ငှာ ဓနရှင်လူတန်းစားကို ဆန့်ကျင်တိုက်ခိုက်ကြသည်။ ထို့ကြောင့် သူတို့သည် တော်လှန်ရေးသမားများ မဟုတ်ကြဘဲ သမရိုးကျ သမားများ ဖြစ်ကြ၏။ ထိုမျှမက သူတို့သည် ဖောက်ပြန်ပေသည်။ အဘယ်ကြောင့်ဆိုသော် ရထားဘီးကို နောက်ပြန်လှည့်ရန် ကြိုးစားကြသောကြောင့် ဖြစ်သည်။ သူတို့သည် ကြုံကြိုက်၍ တော်လှန်ရေးသမားဖြစ်လာပါမူ ဤသို့ဖြစ်ရခြင်းသည် ပစ္စည်းမဲ့လူတန်းစား တပ်ဖွဲ့ထဲသို့ ကူးပြောင်းအံ့ဆဲဆဲ အခြေအနေကြောင့်သာ ဖြစ်သည်။ သို့ဖြစ်၍ သူတို့သည် မျက်မှောက် အကျိုးစီးပွားကို ကာကွယ်ခြင်း မဟုတ်ဘဲ သူတို့၏ အနာဂတ်အကျိုးစီးပွားကို ကာကွယ်ခြင်းသာဖြစ်၏။ ပစ္စည်းမဲ့လူတန်းစားရပ်တည်ချက်ကို ခံယူရန်အတွက် သူတို့သည် မိမိတို့၏ ကိုယ်ပိုင်ရပ်တည်ချက်ကို စွန့်ပယ်လိုက်ခြင်းသာ ဖြစ်၏။

လူ့အဖွဲ့အစည်းဟောင်း၏ အောက်တန်းအကျဆုံးအလွှာများမှ စွန့်ပစ်လိုက်သော၊ မတက်ကြွသော၊ ဆွေးမြေ့နေသော အရာများဖြစ်သည့် "အဋ္ဌရာယ်ရှိသော လူတန်းစား" လူမှုအမှိုက်သရိုက်[၂၉] များသည် နေရာအချို့တွင်

ပစ္စည်းမဲ့တော်လှန်ရေးလှုပ်ရှားမှုအတွင်းသို့ ပါဝင်ကောင်း ပါဝင်လာကြပေလိမ့်မည်။ သို့စေကာမူ သူတို့၏ ဘဝအကြောင်းအချက်များအရ သူတို့သည် ဖောက်ပြန်သော လုပ်ကြံဖျက်ဆီးမှုများ၏ အဝယ်ခံရသူများ အဖြစ်သို့ အလွန်အမင်း တိမ်းညွတ်လျက်ရှိ၏။

ပစ္စည်းမဲ့လူတန်းစား၏ ဘဝအကြောင်းအချက်များထဲတွင် လူ့အဖွဲ့အစည်းဟောင်းက အကြောင်းအချက်များသည် ချေမှုန်းခြင်းခံရပြီး ဖြစ်သည်။ ပစ္စည်းမဲ့လူတန်းစားတွင် ပိုင်ဆိုင်မှုမရှိပေ။ သူနှင့်သူ၏ဇနီး၊ သားသမီးတို့ ဆက်ဆံရေးသည် ဓနရှင်မိသားစု ဆက်ဆံရေးများနှင့် မည်သို့မျှ တူညီချက်မရှိပေ။ အင်္ဂလန်နှင့် ပြင်သစ်တွင်ဖြစ်စေ၊ အမေရိကန်နှင့် ဂျာမဏီတွင်ဖြစ်စေ အတူတူပင်ဖြစ်သော ခေတ်သစ်စက်မှုလုပ်ငန်းအလုပ်နှင့် ခေတ်သစ်အရင်းအနှီး၏ ထမ်းပိုးတို့က ပစ္စည်းမဲ့လူတန်းစား၏ အမျိုးသားလက္ခဏာ အရိပ်အရောင် မှန်သမျှကို ပယ်ဖျက်လိုက်လေပြီ။ တရားဥပဒေ၊ ကိုယ်ကျင့်တရား၊ ဘာသာရေးတို့သည် ပစ္စည်းမဲ့လူတန်းစားအတွက်ဆိုရသော် ဓနရှင်အကျိုးစီးပွားများကို ကာကွယ်ထားသည့် ဓနရှင်တဖက်သတ်အမြင်များမှတပါး အခြားမဟုတ်ပေ။

အပေါ်စီးရရှိခဲ့ကြသော ယခင့်ယခင်က လူတန်းစားအားလုံးသည် လူ့အဖွဲ့အစည်းတခုလုံးကို သူတို့ အပိုင်စီးထားပြီးဖြစ်သော အကြောင်းအချက်များအတိုင်း နာခံစေခြင်းဖြင့် မိမိတို့ရရှိခဲ့ပြီးဖြစ်သော အဆင့်နေရာကို ခိုင်မာရန် ကြိုးစားခဲ့ကြသည်။ ပစ္စည်းမဲ့လူတန်းစားသည် မိမိတို့၏ ယခင်အပိုင်ရယူမှုနည်းနာကို ဖျက်သိမ်းပစ်ခြင်း၊ ဤသို့ဖြင့် ယခင်အပိုင်ရယူမှုနည်းနာမှန်သမျှကို ဖျက်သိမ်းပစ်ခြင်းတို့မှတပါး  လူ့အဖွဲ့အစည်း၏ ထုတ် လုပ်ရေးအင်အားစုများအပေါ် မလွှမ်းမိုးနိုင်ပေ။ ပစ္စည်းမဲ့လူတန်းစားတွင် ထိန်းသိမ်းကာကွယ်ထားရန် မိမိကိုယ်ပိုင်ဟူ၍ ဘာမျှမရှိ၊ ပစ္စည်းမဲ့လူတန်းစား၏ လုပ်ငန်းဆောင်တာမှာ ယခင်က တည်ရှိခဲ့သော ပုဂ္ဂလိကပိုင်ဆိုင်မှုအား ကာကွယ်ထားမှုနှင့် အာမခံထားမှုအားလုံးကို ဖျက်သိမ်းပစ်ရေးပင်ဖြစ်သည်။

အတိတ်ကာလက သမိုင်းလှုပ်ရှားမှုအားလုံးသည် လူနည်းစု၏ လှုပ်ရှားမှု သို့မဟုတ် လူနည်းစု၏ အကျိုးစီးပွားအတွက် လှုပ်ရှားမှုများဖြစ်၏။ ပစ္စည်းမဲ့လူတန်းစား လှုပ်ရှားမှုသည် အများတကာ့အများစုကြီး၏ အကျိုးစီးပွားအတွက် အများတကာ့ အများစုကြီး၏ ကိုယ်ပိုင်အသိရှိသော[၂၇] အမှီ

အခိုကင်းသော လှုပ်ရှားမှုဖြစ်သည်။ ပစ္စည်းမဲ့လူတန်းစားသည် ကျွန်တော်တို့မျက်မှောက်လူ့အဖွဲ့အစည်း၏ အနိမ့်ဆုံးအလွှာဖြစ်သည့်အလျောက် အရာရှိအရာခံ လူ့အဖွဲ့အစည်း၏ ထိပ်ဆုံးပိုင်း လူ့အလွှာတခုလုံးကို ဖောက်ခွဲမပစ်ဘဲ ပစ္စည်းမဲ့လူတန်းစားသည် ထကြွမလာနိုင်၊ မားမားမတ်မတ် ရပ်တည်မလာနိုင်ပေ။

အကယ်၍ အနှစ်သာရအားဖြင့် မဟုတ်ဘဲ သဏ္ဌာန်အရဆိုလျှင် ဓနရှင်လူတန်းစားကို ဆန့်ကျင်သော ပစ္စည်းမဲ့လူတန်းစား၏ တိုက်ပွဲသည် ပထမတွင် တိုင်းပြည်အလိုက် တိုက်ပွဲဖြစ်သည်။ အမှန်ပင် တိုင်းပြည်တိုင်းမှ ပစ္စည်းမဲ့လူတန်းစားသည် မိမိတိုင်းပြည်ရှိ ဓနရှင်လူတန်းစားနှင့် ဦးစွာပထမ စာရင်းရှင်းရမည်။

ပစ္စည်းမဲ့လူတန်းစား ဖြစ်ပေါ်တိုးပွားလာမှု၏ ယေဘုယျအကျဆုံးသော အဆင့်များကို ဖော်ပြရာတွင် မျက်မှောက်လူ့အဖွဲ့အစည်းအတွင်းရှိ အနည်းနှင့်အများ မထင်ရှားသော ပြည်တွင်းစစ်ပွဲသည် အတိအလင်းတော်လှန်ရေး အထိ ပေါက်ကွဲသွားကာ ပစ္စည်းမဲ့လူတန်းစားက ဓနရှင်လူတန်းစားကို အကြမ်းဖက် ဖြိုချလိုက်ပြီး ပစ္စည်းမဲ့ လူတန်းစား၏ စိုးမိုးမှုအတွက် အခြေခံအုတ်မြစ်ချပေးလိုက်သည်ကို ကျွန်တော်တို့ တွေ့မြင်ရသည်။

ကျွန်တော်တို့ တွေ့မြင်ခဲ့သည့်အတိုင်း ယနေ့အထိတည်ရှိနေသော လူ့အဖွဲ့အစည်းအားလုံးသည် ဖိနှိပ်သူနှင့် အဖိနှိပ်ခံလူတန်းစားများအကြား ရန်ဘက်ဖြစ်မှုအပေါ်တွင် အခြေစိုက်ထားပေ၏။ သို့ရာတွင် လူတန်းစား တရပ်ကို ဖိနှိပ်နိုင်ဖို့ဆိုသော် ထိုလူတန်းစားအား တစုံတရာသောအကြောင်းအချက်၊ အနည်းဆုံးအားဖြင့် ၎င်းအား ကျွန်ပမာ သက်ဆိုးရှည်စေသည့် အကြောင်းအချက်ကို အာမခံရပေမည်။ လယ်ကျွန်ခေတ် ကာလတုန်းက လယ်ကျွန်သည် ဘုံအဖွဲ့ဝင်ဖြစ်အောင် တက်လှမ်းသလိုပင် ပဒေသရာဇ်သက်ဦးဆံပိုင်၏ ဖိနှိပ်မှုအောက်တွင် ကျရောက်ခဲ့သော ဓနရှင်ပေါက်စသည်လည်း ဓနရှင်အဖြစ် တက်လှမ်းခဲ့သည်။ ဆန့်ကျင်ဘက်အားဖြင့် ခေတ်သစ်အလုပ်သမားများမှာမူ စက်မှုလုပ်ငန်းတိုးတက်လာမှုနှင့်အတူ မြင့်တက်လာရမည့်အစား မိမိလူတန်းစား ဘဝတည်ရှိမှု အကြောင်းအချက်များ၏ အောက်သို့ပင် ပို၍ပို၍ ကျဆင်းသွားတော့၏။ အလုပ်သမားသည် မွဲပြာကျသူဖြစ်လာသည်။

မွဲပြာကျမှုသည် လူဦးရေနှင့် ခနဥစ္စာထက်ပင် ပိုမိုလျင်မြန်စွာ ဖြစ်ပေါ်တိုးပွား လာသည်။ ဤသည်က ခနရှင်လူတန်းစားသည် လူ့အဖွဲ့အစည်းကို အုပ်စိုး ထားသူ လူတန်းစားအဖြစ် ဆက်လက်တည်ရှိရန်နှင့် မိမိလူတန်းစား တည်ရှိမှု အကြောင်းအချက်များကို လူ့အဖွဲ့အစည်းတခုလုံးအပေါ် ထိန်းချုပ်ထားသော တရားအဖြစ် အကျုပ်ကိုင်ရန် မသင့်တော်ကြောင်းကို ရှင်းလင်းစွာ ဖော်ပြလိုက် သည်။ ခနရှင်လူတန်းစားသည် အုပ်စိုးနေရန် မသင့်တော်တော့ပေ။ အဘယ် ကြောင့်ဆိုသော် သူ၏ကျေးကျွန်ကို ကျေးကျွန်ရေချိန်အရ တည်ရှိမှုကိုပင်လျှင် အာမခံချက် မပေးနိုင်သောကြောင့်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကျေးကျွန်၏ အကျွေးအမွေးကို ခံရမည့်အစား ကျေးကျွန်ကိုပင် ခနရှင်လူတန်းစားက ကျွေးမွေး နေရသောအခြေသို့ ဆိုက်ရောက် မသွားအောင်လည်း မတတ်နိုင်သောကြောင့် ဖြစ်သည်။ လူ့အဖွဲ့အစည်းသည် ဤခနရှင်လူတန်းစား အုပ်စိုးမှုအောက်တွင် ဆက်လက်မနေနိုင်တော့ပေ။ တနည်းဆိုသော် ခနရှင်လူတန်းစား တည်ရှိမှုသည် လူ့အဖွဲ့အစည်းနှင့် ဆက်လက်မသင့်တော်တော့ပေ။

ခနရှင်လူတန်းစား တည်ရှိမှုနှင့် စိုးမိုးမှု၏ အရင်းခံအကြောင်းမှာ အရင်းအနှီး ဖြစ်တည်လာခြင်းနှင့် တိုးပွားလာခြင်း[၂၆] တို့ဖြစ်သည်။ အရင်း အနှီး တည်ရှိခြင်း၏ အကြောင်းအချက်မှာ အခစားအလုပ်ဖြစ်သည်။ အခစား အလုပ်သည် အလုပ်သမား အချင်းချင်းပြိုင်ဆိုင်မှုအပေါ်တွင် လုံး၀တည် နေပေ၏။ ခေတ်သစ်စက်မှုလုပ်ငန်း ရှေ့သို့တက်လှမ်းလာမှုကို ရည်ရွယ်ချက် မရှိဘဲ ယူဆောင်လာသူမှာ ခနရှင်လူတန်းစားဖြစ်၏။ ၎င်းတက်လှမ်းမှုသည် ပြိုင်ဆိုင်မှုကြောင့် သီးခြားကင်းကွာနေသော လုပ်သားများ၏နေရာတွင် အစည်းအရုံးများ ဖွဲ့စည်းခြင်းကြောင့် ရရှိလာသည့် လုပ်သားများ၏ တော်လှန် သောပေါင်းစည်းမှုဖြင့် အစားထိုးလိုက်သည်။ ထို့ကြောင့် ခေတ်သစ်စက်မှု လုပ်ငန်း ဖြစ်ပေါ်တိုးပွားလာမှုက ခနရှင်လူတန်းစား၏ အထွက်ပစ္စည်းများ ထုတ်လုပ်ရာ အပိုင်စီးရာ အရင်းအမြစ်ကို ချိုးဖျက်ပစ်လိုက်သည်။ ထို့ကြောင့် ခနရှင်လူတန်းစားသည် ဦးစွာအားဖြင့် မိမိ၏သင်္ချိုင်းအား တူးသူများကို ထုတ်လုပ်လိုက်၏။ ခနရှင်လူတန်းစား၏ ကျဆုံးမှုနှင့် ပစ္စည်းမဲ့လူတန်းစား၏ အောင်ပွဲသည် ထပ်တူထပ်မျှ မရှောင်လွှဲနိုင်တော့ပေ။

# အခန်း (၂)
## ပစ္စည်းမဲ့များနှင့် ကွန်မြူနစ်များ

ကွန်မြူနစ်များသည် ပစ္စည်းမဲ့လူတန်းစားတရပ်လုံးအပေါ် မည်သို့ သဘောထား ပါသနည်း?

ကွန်မြူနစ်များသည် အခြားအလုပ်သမား လူတန်းစားပါတီများကို ဆန့်ကျင်ကာ ဖွဲ့စည်းထားသည့် သီးခြားပါတီတရပ် မဟုတ်ပေ။

သူတို့တွင် ပစ္စည်းမဲ့လူတန်းစားတရပ်လုံး၏ အကျိုးစီးပွားနှင့် သီးခြားဖြစ်သော၊ ကင်းကွာသော မည်သည့်အကျိုးစီးပွားမျှ မရှိပေ။

သူတို့သည် ပစ္စည်းမဲ့လှုပ်ရှားမှုကိုပုံဖော်ရန်၊ ပုံသွင်းရန် မည်သည့် ကိုယ်ပိုင်ဂိုဏ်းဂဏဆန်သော[၂၅] မူများကိုမျှ မတင်ပြကြပေ။

ကွန်မြူနစ်များသည် အခြားသောအလုပ်သမား လူတန်းစားပါတီများ[၂၆] နှင့် ကွဲပြားခြားနားသည်မှာ အောက်ပါအချက်များတွင်သာ ဖြစ်သည်။

၁။ တိုင်းပြည်အသီးသီးရှိ ပစ္စည်းမဲ့လူတန်းစား၏ တိုင်းပြည်အလိုက် တိုက်ပွဲများတွင် ကွန်မြူနစ်များသည် လူမျိုးရေးနှင့် ကင်းရှင်းသော ပစ္စည်းမဲ့ လူတန်းစားတရပ်လုံး၏ တူညီသောအကျိုးစီးပွားများကို ညွှန်ပြ ရှေ့တန်းတင်ပေးသည်။

၂။ အလုပ်သမားလူတန်းစားက ဖြတ်ကျော်ရမည့် ခေတ်ရှင်လူတန်းစားကို ဆန့်ကျင်သော တိုက်ပွဲဖြစ်ပေါ်တိုးပွားမှု အဆင့်အသီးသီးတွင် ကွန်မြူနစ်များသည် လှုပ်ရှားမှုတခုလုံး၏ အကျိုးစီးပွားကို နေရာတိုင်းတွင် အစဉ်သဖြင့် ကိုယ်စားပြုပေသည်။

ထို့ကြောင့် ကွန်မြူနစ်များသည် တဖက်တွင် လက်တွေ့အရ တိုင်းပြည်တိုင်း၏ အလုပ်သမားလူတန်းစား ပါတီများထဲတွင် ရှေ့တန်းအရောက်ဆုံး၊ အပြတ်သားဆုံး အပိုင်းဖြစ်ပြီး ၎င်းက အခြားပါတီအားလုံးကို ရှေ့သို့ တွန်းတင်ပေးသည်။ အခြားတဖက်တွင် သဘောတရားအရ ပစ္စည်းမဲ့လူတန်းစား လှုပ်ရှားမှု ချီတက်ရာလမ်းကြောင်း၊ အကြောင်းအချက်များနှင့် အဆုံးသတ် ယေဘုယျ အကျိုးသက်ရောက်မှုများကို ရှင်းလင်းစွာ နားလည်ရာတွင် ပစ္စည်းမဲ့ထုကြီးထက် ကွန်မြူနစ်များသည် သာလွန်မှုရှိသည်။

ကွန်မြူနစ်များ၏ လတ်တလောရည်ရွယ်ချက်သည် အခြားသော ပစ္စည်းမဲ့ပါတီများကဲ့သို့ပင် ပစ္စည်းမဲ့များအား လူတန်းစားတရပ်အဖြစ် ဖွဲ့တည်ရေး၊ ဓနရှင်စိုးမိုးမှုကိုဖြိုချရေး၊ နိုင်ငံရေးအာဏာကို ပစ္စည်းမဲ့လူတန်းစားက သိမ်းယူရေးတို့ဖြစ်၏။

ကွန်မြူနစ်များ၏ သဘောတရားရေးရာ နိဂုံးချုပ်ချက်များသည် လောကကြီးကို ပြုပြင်မည်ဆိုသည့် ထိုထိုဤဤပုဂ္ဂိုလ်များက တီထွင်ခဲ့သော သို့မဟုတ် ရှာဖွေတွေ့ရှိခဲ့သော အယူအဆများ သို့မဟုတ် မူများအပေါ်တွင် အလျဉ်းအခြေမခံပေ။

သူတို့သည် တည်ရှိနေသော လူတန်းစားတိုက်ပွဲမှလည်းကောင်း၊ ကျွန်တော် တို့ရှေ့မှောက်တွင် ဖြစ်ပွားနေသော သမိုင်းလှုပ်ရှားမှုမှလည်းကောင်း ပေါ်ထွက်လာသည့် တကယ့်ဆက်ဆံရေးများနှင့် ပတ်သက်၍ ယေဘုယျဖော်ပြခြင်းမျှသာ ဖြစ်သည်။ တည်ရှိနေသော ပိုင်ဆိုင်မှုဆက်ဆံရေးများကို ဖျက်သိမ်းပစ်ခြင်းသည် ကွန်မြူနစ်ဝါဒ၏ ထူးခြားသော လက္ခဏာတရပ် အလျဉ်းမဟုတ်ပေ။

သမိုင်းဆိုင်ရာ အကြောင်းအချက်များ ပြောင်းလဲမှုကြောင့် အတိတ်က ပိုင်ဆိုင်မှု ဆက်ဆံရေး အားလုံးသည် အဆက်မပြတ်သမိုင်းဆိုင်ရာ ပြောင်းလဲမှုဖြစ်ခဲ့သည်။

ဥပမာ **ပြင်သစ်တော်လှန်ရေး**[၂၇] သည် ပဒေသရာဇ်ပိုင်ဆိုင်မှုကို ဖျက်သိမ်းကာ ဓနရှင်ပိုင်ဆိုင်မှုဖြင့် အစားထိုးခဲ့သည်။

ကွန်မြူနစ်ဝါဒ၏ ထူးခြားသောလက္ခဏာမှာ ယေဘုယျပိုင်ဆိုင်မှုကို ဖျက်သိမ်းခြင်းမဟုတ်ဘဲ ဓနရှင်ပိုင်ဆိုင်မှုကို ဖျက်သိမ်းပစ်ခြင်းဖြစ်၏။ သို့သော် ခေတ်သစ်ဓနရှင် လူတန်းစား၏ ပုဂ္ဂလိကပိုင်ဆိုင်မှုသည် လူတန်းစားရန်ဘက်ဖြစ်မှုနှင့် အနည်းစုက အများစုကို သွေးစုပ်မှုအပေါ်တွင်[၂၈] အခြေပြုထားသည့် ထုတ်လုပ်မှုနှင့် အထွက်ပစ္စည်း အပိုင်စီးမှုစနစ်၏ နောက်ဆုံးနှင့် အပြည့်စုံဆုံးသော ဖော်ပြချက်ဖြစ်သည်။

ဤအဓိပ္ပာယ်အရ ကွန်မြူနစ်များ၏ သဘောတရားကို စာတကြောင်းတည်းဖြင့် ချုပ်လိုက်လျှင် ပုဂ္ဂလိကပိုင်ဆိုင်မှုကို ဖျက်သိမ်းရေးပင်ဖြစ်၏။

ကျွန်တော်တို့ ကွန်မြူနစ်များကို တဦးချင်းလွတ်လပ်မှု၊ ပြုမူလှုပ်ရှားမှု၊ အမှီအခိုကင်းမှုအားလုံး၏ အခြေခံဖြစ်သော မိမိ၏ကိုယ်ပိုင်အလုပ်ဖြင့် ရရှိ

လာသည့် တဦးချင်း ဥစ္စာနေပိုင်ဆိုင်ခွင့်ကို ဖျက်သိမ်းပစ်လိုသူများဟု ရှုတ်ချ အပြစ်တင်ကြသည်။

ခက်ခက်ခဲခဲဖြင့်ရရှိသော၊ မိမိကိုယ်ပိုင်အလုပ်ဖြင့်ရရှိသော၊ မိမိ ကိုယ်တိုင်ရှာဖွေခဲ့သော ဥစ္စာခနေဆိုပါကလား! ခနေရှင်ပိုင်ဆိုင်မှု၏ ရှေ့ပြေး ဖြစ်သော လက်မှုပညာသည်ကလေးနှင့် လယ်သမားကလေး၏ ပိုင်ဆိုင်မှုသဏ္ဌာန်ကို သင်တို့ပြောဆိုနေပါသလော? ကျွန်တော်တို့သည် ဤပိုင်ဆိုင်မှုကို ဖျက်သိမ်းနေရန် မလိုပါ။ စက်မှုလုပ်ငန်း ဖြစ်ပေါ်တိုးပွားမှုသည် ကြီးမားသော အတိုင်းအတာဖြင့် ဤပိုင်ဆိုင်မှုကို ဖျက်ဆီးပစ်ခဲ့လေပြီ။ နေ့စဉ်လည်း ဖျက်ဆီးပစ်နေဆဲ ဖြစ်ပေသည်။

သို့မဟုတ် ခေတ်သစ်ခနေရှင် ပုဂ္ဂလိက ပိုင်ဆိုင်မှုကို ဆိုလိုပါသလော?

သို့သော် အခစားအလုပ်[၂၉] သည် အလုပ်လုပ်သူအတွက် ပိုင်ဆိုင်မှုကို ဖန်တီး ပေးပါသလော? စိုးစဉ်းမျှ မဖန်တီးပါ။ အခစားအလုပ်သည် အရင်းအနှီး (ဝါ) အခစားအလုပ်အား သွေးစုပ်သော ပိုင်ဆိုင်မှုကို ဖန်တီးပေး၏။ အသစ် တဖန် သွေးစုပ်ရန်အတွက် အခစားအလုပ်အသစ်ကို ရရှိစေမည့် အကြောင်း အချက်မရှိလျှင် ၎င်းပိုင်ဆိုင်မှုသည် တိုးပွားမလာနိုင်ပေ။ ဤကဲ့သို့သော လက်ရှိပိုင်ဆိုင်မှုသည် အရင်းအနှီးနှင့် အခစားအလုပ်၏ ရန်ဘက်ဖြစ်မှု အပေါ်တွင် အခြေပြုထား၏။ ဤရန်ဘက်ဖြစ်မှု၏ ဘက်နှစ်ဘက်စလုံးကို စစ်ဆေး ကြည့်ရှုကြပါစို့။

အရင်းရှင်တယောက် ဖြစ်ရန်အလို့ငှာ ထုတ်လုပ်ရေးတွင် ပုဂ္ဂိုလ်သက် သက်အရ သာမက လူမှုရေး**အဆင့်နေရာ**လည်း ရှိရပေမည်။ အရင်းအနှီး ဆိုသည်ကား စုပေါင်းထုတ်လုပ်ထားသည့် အထွက်ပစ္စည်းဖြစ်ပေ၏။ လူ့အဖွဲ့ အစည်းဝင်ပေါင်းများစွာ၏ တစုတစည်းတည်းသော ပြုမှုလှုပ်ရှားမှုသာမက နိဂုံးချုပ်လိုက်ပါလျှင် လူ့အဖွဲ့အစည်းဝင်အားလုံး၏ တစုတစည်းတည်းသော ပြုမူလှုပ်ရှားမှုဖြင့်သာလျှင် အရင်းအနှီးကို အသက်ဝင်စေ နိုင်ပေသည်။

ထို့ကြောင့် အရင်းအနှီးဆိုသည်မှာ တဦးချင်းအင်အားမဟုတ်ဘဲ လူ့အဖွဲ့အစည်းဆိုင်ရာ အင်အားဖြစ်ပေ၏။

ထို့ကြောင့် အရင်းအနှီးကို အများဆိုင်ရာပိုင်ဆိုင်မှုနှင့် လူ့အဖွဲ့ အစည်းဝင်အားလုံး၏ ပိုင်ဆိုင်မှုအဖြစ်သို့ ပြောင်းလဲပစ်သည်ဆိုရာတွင် တဦးချင်း ပိုင်ဆိုင်မှုကို လူ့အဖွဲ့အစည်း၏ ပိုင်ဆိုင်မှုအဖြစ်သို့ ပြောင်းလဲပစ်လိုက်ခြင်း

မဟုတ်ပေ။ ပိုင်ဆိုင်မှု၏ လူ့အဖွဲ့အစည်း လက္ခဏာကိုသာ ပြောင်းလဲပစ်ခြင်း ဖြစ်သည်။ ပိုင်ဆိုင်မှုသည်လည်း မိမိ၏ လူတန်းစားလက္ခဏာ ဆုံးပါးသွားတော့၏။

အခစားအလုပ်အကြောင်း ယခုကြည့်ကြပါစို့။

အခစားအလုပ်၏ ပျမ်းမျှဈေးနှုန်းဆိုသည်မှာ အနိမ့်ဆုံးလုပ်ခဖြစ်၏။ ၎င်းမှာ အလုပ်သမားတယောက်သည် အလုပ်သမားအဖြစ် အသက်တည်တံ့နေရန် လုံးဝမရှိမဖြစ်သော ဘဝတည်မြဲရေး ပစ္စည်းပမာဏသာလျှင် ဖြစ်သည်။ ထို့ကြောင့် အခစားအလုပ်သမားက မိမိအလုပ်ဖြင့် အပိုင်ရရှိလိုက်သော အရာသည် သူ၏ဘဝတည်တံ့ရေးနှင့် ပြန်လည်ထုတ်လုပ်ရေးအတွက် ထေမိရုံမျှသာရှိ၏။ ကျွန်တော်တို့သည် ယေဘုယျအားဖြင့် အလုပ်၏ အထွက်ပစ္စည်းများအား တဦးချင်းအပိုင်ရရှိထားမှုကို ဖျက်သိမ်းပစ်ရန် အလျဉ်းမရည်ရွယ်ပေ။ ဤ အပိုင်ရရှိမှုက လူတို့အသက်ရှင်တည်တံ့နေရေးနှင့် ပြန်လည်ထုတ်လုပ်ရေးအတွက် အကျိုးပြုပြီး သူတပါး၏အလုပ်ကို ခန့်ခွဲရန်အတွက် မည်သို့သော အပိုအလျှံမှ ကြွင်းကျန်ခြင်း မရှိတော့ပေ။ ကျွန်တော်တို့ ဖျက်သိမ်းပစ်လိုသည်မှာ အရင်းအနှီးတိုးများရေး သက်သက်အတွက် အလုပ်သမားသည် အသက်ရှင်နေရပြီး အုပ်စိုးသူလူတန်းစား အကျိုးစီးပွား၏လိုအပ်မှုအရ အသက်ရှင်ခွင့်ရထားသည့် ဤအပိုင်ရရှိမှု၏ စိတ်မချမ်းမြေ့စရာကောင်းသော လက္ခဏာကိုသာလျှင် ဖြစ်၏။

ဓနရှင်လူ့အဖွဲ့အစည်းတွင် သက်ရှိအလုပ်သည် စုပုံထားသော အလုပ်ကို တိုးပွားစေသည့် နည်းလမ်းသာလျှင် ဖြစ်သည်။ ကွန်မြူနစ်လူ့အဖွဲ့အစည်းတွင် စုပုံထား သောအလုပ်သည် အလုပ်သမား၏ ဘဝတည်မြဲမှုကို တိုးချဲ့စေသော၊ ကြွယ်ဝစေသော၊ ဖြစ်ထွန်းစေသော နည်းလမ်းသာလျှင် ဖြစ်သည်။

ထို့ကြောင့် ဓနရှင်လူ့အဖွဲ့အစည်းတွင် အတိတ်သည် ပစ္စုပ္ပန်အပေါ် ကြီးစိုး၏။ ကွန်မြူနစ်လူ့အဖွဲ့အစည်းတွင်မူ ပစ္စုပ္ပန်သည် အတိတ်အပေါ်တွင် ကြီးစိုးသည်။ ဓနရှင် လူ့အဖွဲ့အစည်းတွင် အရင်းအနှီးသည် အမှီအခိုကင်းပြီး တခုချင်းလက္ခဏာဆောင်ကာ သက်ရှိလူမှာမူ မှီခိုနေရပြီး တဦးချင်းလက္ခဏာဟူ၍ မရှိတော့ပေ။

ထို့ပြင် ဤသို့ဖြစ်နေသည့် အကြောင်းအချက်အား ဖျက်သိမ်းမှုကို တဦးချင်း လက္ခဏာနှင့် လွတ်လပ်မှုကို ဖျက်သိမ်းခြင်းဟု ဓနရှင်လူတန်းစားက

ခေါ်ကြသည်။ မှန်ပေသည်။ ဓနရှင်တဦးချင်းလက္ခဏာ၊ ဓနရှင်အမှီအခိုကင်းမှုနှင့် ဓနရှင်လွတ်လပ်မှုတို့ကို ဖျက်သိမ်းရန် ရည်ရွယ်ထားသည်မှာ သံသယရှိစရာ မလိုပေ။

မျက်မှောက်ကာလ ဓနရှင်ထုတ်လုပ်ရေး အကြောင်းအချက်အောက် တွင် လွတ်လပ်ရေးဆိုသည်မှာ လွတ်လပ်စွာကုန်သွယ်ရေး၊ လွတ်လပ်စွာ ရောင်း ဝယ်ရေးဖြစ်၏။

သို့သော် အကယ်၍ ရောင်းဝယ်ရေးကွယ်ပျောက်သွားလျှင် လွတ် လပ်စွာ ရောင်းဝယ်ရေးသည်လည်း ကွယ်ပျောက်သွားပေမည်။ လွတ်လပ်စွာ ရောင်းဝယ်ရေးအကြောင်း ဤအပြောမျိုးနှင့်တကွ ကျွန်တော်တို့ ဓနရှင် လူတန်း စား၏ ယေဘုယျလွတ်လပ်မှုအကြောင်း အခြားလေလုံးထွားသော စကား အားလုံးသည် အကယ်၍သာ အလယ်ခေတ်က အတုပ်အနှောင်ခံထားရသည့် ကုန်သည်များ၊ ကန့်သတ်ခံထားရသော ရောင်းဝယ်ရေးတို့နှင့် ပတ်သက်ပါမူ အဓိပ္ပာယ် ရှိကောင်းရှိပေမည်။ သို့သော် ရောင်းဝယ်ရေး၊ ဓနရှင် ထုတ်လုပ်ရေး အကြောင်းအချက်များနှင့်တကွ ဓနရှင်လူတန်းစားကိုပင်လျှင် ကွန်မြူနစ်ပုံစံဖြင့် ဖျက်သိမ်းပစ်ရေးကို ဆန့်ကျင်လိုက်သောအခါတွင် ဤစကားလုံးများသည် မည် သည့်အဓိပ္ပာယ်မျှမရှိပေ။

ပုဂ္ဂလိကပိုင်ဆိုင်မှုကို ဖျက်သိမ်းရန် ကျွန်တော်တို့ ကြံရွယ်နေကြသည်ဟု သင်တို့က ကြောက်လန့်တကြား ဖြစ်နေကြသည်။ သို့သော် တည်ရှိနေသည့် သင်တို့၏ လူ့အဖွဲ့အစည်းတွင် လူဦးရေ ၁၀ ပုံ ၉ ပုံ၏ ပုဂ္ဂလိကပိုင်ဆိုင်မှုမှာ ဖျက်သိမ်းခြင်းခံလိုက်ရပြီဖြစ်သည်။ လူအနည်းငယ်အတွက် ပုဂ္ဂလိကပစ္စည်း တည်ရှိနေရသည်မှာ ထို ၁၀ ပုံ ၉ ပုံ၏ လက်ထဲတွင် မည်သည့်ပိုင်ဆိုင်မှုမျှ မရှိခြင်းကြောင့်သာလျှင် ဖြစ်ပါသည်။ ထို့ကြောင့် ပိုင်ဆိုင်မှုသဏ္ဍာန်တခုကို ဖျက် သိမ်းပစ်ရန် ရည်ရွယ်သည့်အတွက် ကျွန်တော်တို့အား သင်တို့က ရှုတ်ချကြသည်။ ထိုပိုင်ဆိုင်မှုသဏ္ဍာန်တခု တည်ရှိရန်လိုအပ်သော အကြောင်းအချက်မှာကား လူ့အဖွဲ့အစည်း၏ အများတကာ့ အများစုကြီးအတွက် မည်သည့်ပိုင်ဆိုင်မှုမျှ မတည်ရှိရေး ဖြစ်ပေတော့သည်။

တခွန်းတည်းဆိုရလျှင် သင်တို့၏ပိုင်ဆိုင်မှုကို ဖျက်သိမ်းပစ်ရန် ကြံ ရွယ်နေသည်ဟု ကျွန်တော်တို့ကို ရှုတ်ချကြသည်။ မှန်ပေသည်၊ ကျွန်တော်တို့

ဤအတိုင်း ကြံရွယ် ထားပါ သည်။

အလုပ်သည် အရင်းအနှီး၊ အသပြာနှင့် သီးစားခအဖြစ်သို့လည်းကောင်း၊ လက်ဝါးကြီးအုပ်နိုင်စွမ်းရှိသော လူမှုရေးအင်အားအဖြစ်သို့လည်းကောင်း ပြောင်းလဲမသွားနိုင်သောအခါ ဆိုလိုသည်မှာ ပုဂ္ဂလိကပိုင်ဆိုင်မှုသည် ဓနရှင်ပိုင်ဆိုင်မှုအဖြစ်သို့၊ အရင်းအနှီးအဖြစ်သို့ ပြောင်းလဲမသွားနိုင်သောအခါမှစ၍ တဦးချင်းလက္ခဏာသည်လည်း ကွယ်ပျောက်သွားသည်ဟု သင်တို့ကပြောဆိုကြသည်။

ထို့ကြောင့် "တဦးချင်း" ဆိုရာတွင် အလယ်အလတ်လူတန်းစား[၃၀] ပစ္စည်းပိုင်ရှင်နှင့် ဓနရှင်မှတပါး အခြားသူမဟုတ်ကြောင်း သင်တို့ကိုယ်တိုင်ဝန်ခံရာရောက်ပေသည်။ ထိုသို့သောသူကိုကား ပြန်မပေါ်နိုင်အောင် အမှန်ပင်ဖယ်ရှင်းပစ်ရမည်။

ကွန်မြူနစ်ဝါဒသည် လူ့အဖွဲ့အစည်း၏ အထွက်ပစ္စည်းကို အပိုင်ရယူသည့် မည်သူ၏ အခွင့်အာဏာကိုမျှ ရုပ်သိမ်းခြင်းမပြုပေ။ ကွန်မြူနစ်ဝါဒက ရုပ်သိမ်းမည်မှာ ထိုသို့ သောအပိုင်ရယူခြင်းဖြင့် အခြားသူများ၏ အလုပ်အပေါ်စိုးမိုးနိုင်သော အခွင့်အာဏာကိုသာလျှင် ဖြစ်သည်။

ပုဂ္ဂလိကပိုင်ဆိုင်မှုကို ဖျက်သိမ်းလိုက်လျှင် အလုပ်အားလုံး ရပ်ဆိုင်းသွားကာ တလောကလုံး အပျင်းထူကုန်ကြလိမ့်မည်ဟူ၍ ကန့်ကွက်ပြောဆိုကြသေးသည်။

ဤအတိုင်းသာ ဖြစ်ရမည်ဆိုပါလျှင် ဓနရှင်လူ့အဖွဲ့အစည်းသည် ကြာမြင့်စွာကပင် ပျင်းရိမှုကြောင့် ကြေပြုန်းသွားလောက်ပေပြီ။ အဘယ်ကြောင့်ဆိုသော် ဓနရှင်လူ့အဖွဲ့အစည်းတွင် အလုပ်လုပ်သူသည် မည်သည်ကိုမျှမရ၊ အလုပ်မလုပ်သူသည် အရာရာကို ရရှိနေသောကြောင့်ပင်တည်း။ ဤကန့်ကွက်ချက်တခုလုံးသည် အရင်းအနှီးမရှိတော့သောအခါ မည်သည့်အခစားအလုပ်မျှ ဆက်လက်မရှိနိုင်ဟူသည်ကို စကားလုံးတမျိုးနှင့် ထပ်မံပြောဆိုခြင်းပင် ဖြစ်ပေသည်။

ကွန်မြူနစ်စနစ်ဖြင့် ရုပ်ဝတ္ထုအထွက်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ အပိုင်ရယူခြင်း နည်းနာများကို ဆန့်ကျင်သည့် ကန့်ကွက်ချက်အားလုံးကဲ့သို့ပင် ဉာဏအလုပ်က ဖန်တီးလိုက်သော အထွက်ပစ္စည်းများကို ကွန်မြူနစ်စနစ်ဖြင့် ထုတ်လုပ်ခြင်း၊ အပိုင်ရယူခြင်းများကိုလည်း အလားတူပင် ဆန့်ကျင်ပြောဆိုကြသည်။ ဓနရှင်လူတန်းစားအတွက်ဆိုသော် လူတန်းစားအရ ပိုင်ဆိုင်မှု ကွယ်

ပျောက်ခြင်းသည် ထုတ်လုပ်ရေး ကွယ်ပျောက်ခြင်းဖြစ်သကဲ့သို့ လူတန်းစား ယဉ်ကျေးမှု[၃၁] ကွယ်ပျောက်ခြင်းသည်လည်း ယဉ်ကျေးမှုအားလုံး ကွယ်ပျောက်ခြင်းပင် ဖြစ်ပေသည်။

ဆုံးရှုံးသွားသည့်အတွက် ခေနရှင်လူတန်းစားက ငိုကြွေးတမ်းတနေသော ဤယဉ်ကျေးမှုသည်ကား အများတကာ့အများစုကြီးအတွက်ဆိုပါမူ စက်ကိရိယာကဲ့သို့ ပြုမူရန် လေ့ကျင့်ပေးခြင်းမျှသာ ဖြစ်သည်။

သို့သော် လွတ်လပ်ရေး၊ ယဉ်ကျေးမှု၊ တရားဥပဒေ အစရှိသည်တို့နှင့် ပတ်သက်သော သင်တို့၏ ခေနရှင်အယူအဆ စံထားချက်များအရ ကျွန်တော်တို့ ရည်ရွယ်ထားသော ခေနရှင်ပိုင်ဆိုင်မှု ဖျက်သိမ်းပစ်ရေးကို တိုင်းတာကြည့်နေသမျှ ကာလပတ်လုံး ကျွန်တော်တို့နှင့် အငြင်းမပွားကြပါနှင့်။ သင်တို့၏ အယူအဆများဆိုသည်မှာ သင်တို့၏ ခေနရှင်ထုတ်လုပ်ရေး၊ ခေနရှင်ပိုင်ဆိုင်မှု အကြောင်းအချက်များမှ ပေါ်ထွက်လာသော အကိုင်းအခက်များပင်ဖြစ်၏။ အလားတူပင် သင်တို့ ၏ တရားဥပဒေဆိုသည်မှာလည်း သင်တို့လူတန်းစား၏ အလိုဆန္ဒအရ အားလုံးအတွက် ဥပဒေပြုထားချက်ဖြစ်သည်။ တရားဥပဒေ၏ အနှစ်သာရနှင့် ဦးတည်ချက်ကို သင်တို့လူတန်းစားတည်ရှိမှု၏ စီးပွားရေးအကြောင်းအချက်များက ဆုံးဖြတ်ပေး၏။

သင်တို့၏ ကိုယ်ကျိုးကြည့်သော အယူအဆအမှားများက လက်ရှိထုတ်လုပ်ရေးနည်းနာနှင့် ပိုင်ဆိုင်မှုသဏ္ဍာန်[၃၂] မှ ပေါက်ဖွားလာသော လူမှုရေးသဏ္ဍာန်များ (ဝါ) ထုတ် လုပ်ရေးတိုးတက်မှုအတွင်းမှ ပေါ်ထွက်လာပြီး ပျောက်ကွယ်သွားသော သမိုင်းဆက်ဆံရေးများကို သဘာဝနှင့် ဆင်ခြင်မှုတို့၏ ထာဝရတရားများအဖြစ် ပြောင်းလဲစေလိုက်သည်။ သင်တို့မတိုင်မီက အုပ်စိုးသော လူတန်းစားတိုင်းသည် သင်တို့ကဲ့သို့ပင် ဤမှောက်မှားသော အယူအဆမျိုးရှိကြသည်။ ရှေးခေတ်ပိုင်ဆိုင်မှုကို ရှင်းလင်းစွာတွေ့မြင်ကြသော၊ ပဒေသရာဇ်ပိုင်ဆိုင်မှုရှိကြောင်းကို ဝန်ခံကြသော သင်တို့သည် သင်တို့၏ ခေနရှင်ပိုင်ဆိုင်မှု ကျတော့မှ ဝန်မခံရဲကြတော့ပေ။

မိသားစုဖျက်သိမ်းပစ်ရေး! ကွန်မြူနစ်များ၏ ဤနာမည်ဆိုးလှသော တင်ပြချက်အပေါ် ရယ်ဒီကယ်အကျဆုံးသူကပင် ဒေါသဖြစ်ကြသည်။

လက်ရှိမိသားစု၊ ခေနရှင်မိသားစုသည် မည်သည့်အခြေခံပေါ်မှာ တည်

ဆောက်ထားပါသနည်း? အရင်းအနှီးအပေါ်၊ တဦးချင်းအကျိုးအမြတ်ရှိမှု အပေါ်တွင် တည်ဆောက်ထားပေသည်။ ပြည့်ဝစုံလင်စွာ ဖြစ်ပေါ်တိုးပွားသော ဤမိသားစု ၏သဏ္ဌာန်မှာ ဓနရှင်လူတန်းစားအတွင်းတွင်သာလျှင် တည်ရှိနေပေသည်။ လက်တွေ့အားဖြင့် ပစ္စည်းမဲ့များတွင် မိသားစု မရှိခြင်းနှင့် အတိအလင်း ပြည့်တန်ဆာစနစ်တို့သည် ဤအခြင်းအရာ၏ ဖြည့်စွက်ဖော်ပြချက် ဖြစ်သည်။

ဤဖြည့်စွက်ဖော်ပြချက် ကွယ်ပျောက်သွားသောအခါ ဓနရှင်မိသားစု သည်လည်း ကွယ်ပျောက်သွားလိမ့်မည်။ အရင်းအနှီး ကွယ်ပျောက်သွားသည်နှင့် တပါတည်း ဓနရှင်မိသားစုနှင့် ဤဖြည့်စွက်ဖော်ပြချက်တို့သည်လည်း ကွယ်ပျောက်သွားလိမ့်မည်။

မိဘများက သားသမီးများအပေါ် သွေးစုပ်မှုကို ကျွန်တော်တို့ ဖျက်သိမ်းပစ်လိုသည်ဟု သင်တို့က စွပ်စွဲပါသလော? ဤရာဇဝတ်မှုကို ကျွန်တော်တို့ ကျူးလွန်မိကြောင်း ဝန်ခံပေသည်။

သို့သော် ကျွန်တော်တို့က အိမ်တွင်းပညာပေးရေးကို လူ့အဖွဲ့အစည်း ဆိုင်ရာ ပညာပေးမှုဖြင့် အစားထိုးလိုက်သောအခါ လူသားတို့၏ အမွန်မြတ်ဆုံးသော ဆက်ဆံရေးကို ကျွန်တော်တို့က ဖျက်ဆီးသည်ဟု သင်တို့ဆိုကြလိမ့်မည်။

သင်တို့၏ ပညာရေးကကော! လူ့အဖွဲ့အစည်းဆိုင်ရာ ပညာရေးပင် မဟုတ်ပါ လော? ဤပညာရေးကို လူ့အဖွဲ့အစည်းဆိုင်ရာ အကြောင်းအချက်များက ဆုံးဖြတ်သည် မဟုတ်ပါလော? ဤပညာရေးကို စာသင်ကျောင်း စသည်တို့မှတဆင့် လူ့အဖွဲ့အစည်း၏ တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်စွက်ဖက်မှုတို့က ဆုံးဖြတ်ကြသည် မဟုတ်ပါလော? ပညာရေးတွင် လူ့အဖွဲ့အစည်း၏ စွက်ဖက်ခြင်းကို ကွန်မြူနစ်များက တီထွင်ခြင်းမပြုခဲ့ပေ။ ကွန်မြူနစ်များသည် ဤစွက်ဖက်မှု၏ လက္ခဏာကို ပြောင်းလဲပစ်ရန်နှင့် ပညာရေးကို အုပ်စိုးသူ လူတန်းစား၏ သြဇာအောက်မှ ကယ်တင်ရန် ရည်ရွယ်ခြင်းသာလျှင်ဖြစ်၏။

ခေတ်သစ်စက်မှုလုပ်ငန်းက ပစ္စည်းမဲ့များအတွင်း မိသားစု အနှောင်အဖွဲ့ အားလုံးကို ဖျက်ဆီးပစ်လိုက်ပြီး ပစ္စည်းမဲ့များ၏ သားသမီးများကိုလည်း ရောင်းဝယ်ရေးပစ္စည်းများနှင့် အလုပ်ကိရိယာများသက်သက်အဖြစ်သို့ ပြောင်းလဲပစ်လိုက်သည်။ ဤသို့ဖြစ်သည်နှင့်အမျှ မိသားစုနှင့် ပညာရေး၊ မိဘနှင့် သားသမီးများ၏ မွန်မြတ်သော ဆက်ဆံရေးတို့နှင့် ပတ်သက်၍ ဓနရှင်များ၏

အဓိပ္ပာယ်မရှိ ပြောဟောနေမှုများသည် ပို၍စက်ဆုပ်စရာ ကောင်းလာတော့သည်။

သို့သော် ခင်ဗျားတို့ကွန်မြူနစ်များက ဇနီးသည်များကို ဘုံပစ္စည်းလုပ်လိုကြသည်ဟု ဓနရှင်လူတန်းစားတရပ်လုံးက ထိတ်လန့်တကြား သံပြိုင်အော်လိုက်ကြသည်။

ဓနရှင်သည် မိမိ၏ဇနီးသည်ကို ထုတ်လုပ်ရေးကိရိယာ သက်သက်အဖြစ် ကြည့် မြင်သည်။ ထုတ်လုပ်ရေးကိရိယာဆိုလျှင် အတူတကွ အသုံးပြုရန်ဖြစ်သည်ဟု ဓနရှင်တို့က နားလည်ထားကြသည်။ ထို့ကြောင့် ဓမ္မတာပင် အမျိုးသမီးများသည်လည်း ဘုံပစ္စည်း ဖြစ်သွားကြလိမ့်မည်ဟူသော နိဂုံးချုပ်ချက်မှတပါး အခြားမရှိနိုင်ပေ။

အမျိုးသမီးများ၏ အဆင့်နေရာကို ထုတ်လုပ်ရေးကိရိယာ သက်သက်အဖြစ် ထားရှိခြင်းအား ဖျက်သိမ်းပစ်ရန်ဆိုသည့် တကယ့်ရည်ရွယ်ချက်ကို ဓနရှင်သည် စဉ်းစားမိကြလိမ့်မည် မဟုတ်ချေ။

အမှန်အားဖြင့်ဆိုလျှင် ဇနီးသည်များကို ဘုံပစ္စည်းလုပ်မှုအား ကွန်မြူနစ်များက ပြောင်တရားဝင် ထူထောင်လိမ့်မည်ဟုဆိုကာ ကျွန်တော်တို့၏ ဓနရှင်များက ဟန်ဆောင် ဒေါသထွက်နေသည်ထက် ရယ်စရာကောင်းသည်မှာ မရှိ တော့ပေ။ ကွန်မြူနစ်များက ဇနီးသည်များကို ဘုံပစ္စည်းလုပ်စရာမလိုပေ။ ဤ ကိစ္စသည် ရှေးပဝေသဏီကပင် ရှိခဲ့ပြီ ဖြစ်သည်။

ကျွန်တော်တို့၏ ဓနရှင်များသည် သူတို့လက်အောက်မှ ပစ္စည်းမဲ့များ၏ ဇနီးသည်များ၊ သမီးများနှင့်ပင် မတင်းတိမ်ကြသေးပေ။ တရားဝင် ပြည့်တန်ဆာတွေ ရှိနေသည်ကိုမဆိုထားနှင့်၊ တဦး၏ဇနီးသည်ကို တဦးက ကျူးလွန်ရသည်ကိုပင် အလွန်အမင်း သာယာနေကြပေသည်။

ဓနရှင် လက်ထပ်ထိမ်းမြားရေးစနစ်သည် စင်စစ်အားဖြင့် ဇနီးသည်များကို ဘုံလုပ်ပစ်ခြင်းပင်တည်း။ ကွန်မြူနစ်များအနေဖြင့် အလွန်ဆုံးစွပ်စွဲခြင်းခံရစရာရှိသည်မှာ လိမ်ညာဖုံးကွယ်ပြီး ဇနီးသည်ကို ဘုံပစ္စည်းလုပ်ထားသည့်နေရာတွင် တရားဝင်အတိအလင်းလုပ်ခြင်းဖြင့် ကွန်မြူနစ်များက အစားထိုးလိုကြသည် ဟူ၍ဖြစ်၏။ အမှန်အားဖြင့်ဆိုလျှင် လက်ရှိထုတ်လုပ်ရေးစနစ်ကို ဖျက်သိမ်းလိုက်သည်နှင့်အမျှ ဤစနစ်မှ ပေါ်ထွက်လာသော တရားဝင်နှင့်

တရားမဝင် ပြည့်တန်ဆာစနစ် နှစ်ခုစလုံးအကျုံးဝင်သည့် ဇနီးသည်များကို ဘုံလုပ်မှုပါ ပါသွားရမည်မှာ သူ့အလိုလိုရှင်းနေပေသည်။

ထို့ပြင် ကွန်မြူနစ်များသည် တိုင်းပြည်နှင့်လူမျိုးကို ဖျက်သိမ်းပစ်လိုကြသူများဖြစ်သည်ဟု ရှုတ်ချကြပြန်သည်။

အလုပ်သမားများတွင် တိုင်းပြည်[၃၃] မရှိ။ သူတို့၌ မရှိသောအရာကို သူတို့ထံမှ ကျွန်တော်တို့ မယူနိုင်ပေ။ ပစ္စည်းမဲ့လူတန်းစားသည် ဦးစွာပထမ နိုင်ငံရေးအုပ်စိုးမှုကို ရယူမည်ဖြစ်ပေရာ အမျိုးသား၏ ခေါင်းဆောင်[၃၄] လူတန်းစားအဖြစ်သို့ မြှင့်တင်ရမည်။ ဓနရှင်များပြောကြသည့် အဓိပ္ပာယ်အရ မဟုတ်စေကာမူ မိမိကိုယ်၌က အမျိုးသားဖြစ်သည့်အလျောက် အမျိုးသား**တရပ်**အဖြစ်ဖွဲ့တည်ရမည် ဖြစ်ပေသည်။

ဓနရှင်လူတန်းစား ဖြစ်ပေါ်တိုးပွားလာမှုကြောင့်လည်းကောင်း၊ လွတ်လပ်စွာ ကုန်သန်းရောင်းဝယ်ရေးကြောင့်လည်းကောင်း၊ ကမ္ဘာ့ဈေးကွက်ကြောင့်လည်းကောင်း၊ ထုတ်လုပ်ရေးနည်းနာနှင့်တကွ ၎င်းနှင့်လျော်ညီသော ဘဝအကြောင်းအချက်များ တူညီလာသောကြောင့်လည်းကောင်း၊ အမျိုးသားခြားနားချက်များနှင့် ပြည်သူများအချင်းချင်း ရန်ဘက်ဖြစ်မှုများသည် နေ့စဉ်နှင့်အမျှ ပို၍ပို၍ ကွယ်ပျောက်သွားနေသည်။

ပစ္စည်းမဲ့လူတန်းစား စိုးမိုးမှုသည် ဤသို့သော ကွယ်ပျောက်သွားမှုကို ပိုမိုလျင်မြန်စေလိမ့်မည်။ အနည်းဆုံးပြောရသော် ယဉ်ကျေးသော ထိပ်တန်းတိုင်းပြည်များ၏ စုပေါင်းလှုပ်ရှားမှုသည် ပစ္စည်းမဲ့လူတန်းစား လွတ်မြောက်ရေးအတွက် ရှေးဦးအကြောင်းအချက်များအနက် တခုဖြစ်သည်။

လူတဦးက တဦးအပေါ် သွေးစုပ်ခြယ်လှယ်မှု အဆုံးသတ်သွားသည်နှင့်အမျှ အမျိုးသားတရပ်က အခြားအမျိုးသားအပေါ် သွေးစုပ်ခြယ်လှယ်မှုသည်လည်း အဆုံးသတ်သွားလိမ့်မည်။ အမျိုးသားအတွင်းရှိ လူတန်းစားရန်ဘက်ဖြစ်မှု ကွယ်ပျောက်သွားသည်နှင့်အတူ အမျိုးသားတရပ်က တခြားအမျိုးသားတရပ်အပေါ် ရန်လိုမုန်းတီးမှု သည်လည်း အဆုံးသတ်သွားလိမ့်မည်။

ဘာသာရေး၊ အဘိဓမ္မာရေးနှင့် ယေဘုယျအားဖြင့် အယူအဆရပ်တည်ချက်မှနေ၍ ကွန်မြူနစ်ဝါဒအပေါ် စွဲချက်တင်မှုများမှာမူ လေးလေးနက်နက် စစ်ဆေးကြည့်ရှုရန်ပင် မလိုပေ။

လူ၏ အတွေးအခေါ်၊ အမြင်၊ အယူအဆများ၊ တခွန်းတည်းနှင့် ပြောရလျှင် လူ၏အသိသည် သူ၏ရုပ်ဘဝတည်ရှိမှု အကြောင်းအချက်များ၊ သူ၏လူမှုဆက်ဆံရေးများနှင့် သူ၏လူမှုရေးဘဝအတွင်းရှိ ပြောင်းလဲမှုတိုင်းနှင့်အတူ ပြောင်းလဲသွားသည်ကို နက်နက်နဲနဲစဉ်းစားရန် လိုပါသေးသလော?

အသိပညာထုတ်လုပ်မှုသည် ရုပ်ဝတ္ထုထုတ်လုပ်ရေး ပြောင်းလဲသည့် အချိုးအစားအတိုင်းလိုက်၍ ၎င်း၏လက္ခဏာ ပြောင်းလဲသွားသည် ဆိုသည် ထက် အတွေးအခေါ်သမိုင်းက မည်သည့်ကိုများ သက်သေပြပါသေးသနည်း? ခေတ်ကာလတိုင်း၏ စိုးမိုးနေသော အတွေးအခေါ်သည် ထိုခေတ်ကာလရှိ အုပ်စိုးသူလူတန်းစား၏ အတွေးအခေါ်မျှသာ အစဉ်ဖြစ်ခဲ့သည်။

လူ့အဖွဲ့အစည်းတခုလုံးကို တော်လှန်ပစ်သော အတွေးအခေါ်များ အကြောင်းကို ပြောရာတွင် အတွေးအခေါ်သစ်၏ အစိတ်အပိုင်းများသည် လူ့အဖွဲ့အစည်းဟောင်းအတွင်းတွင် ဖွဲ့တည်ခဲ့သည်ဟူသော အချက်ကို လည်းကောင်း၊ ဘဝတည်ရှိမှုအကြောင်းအချက်ဟောင်းများကို ဖျက်သိမ်းလိုက်သည်နှင့်တပါတည်း အတွေးအခေါ်ဟောင်းများ၏ ပြိုကွဲမှုသည် လိုက်ပါလာသည်ဟူသော အချက်ကိုလည်းကောင်း ဖော်ပြကြခြင်းမျှသာ ဖြစ်သည်။

ရှေးခေတ်ကမ္ဘာ ကြေပြုန်းလုဆဲဆဲတွင် ရှေးခေတ်ဘာသာရေးများကို ခရစ်ယာန်ဘာသာက အနိုင်ယူလိုက်သည်။ ၁၈ ရာစုနှစ်တွင် ဆင်ခြင်ခြင်း အတွေးအခေါ်၏ ထိုးနှက်မှုကြောင့် ခရစ်ယာန်ဘာသာ ကျဆုံးသွားသောအခါတွင် ပဒေသရာဇ်လူ့အဖွဲ့အစည်းသည် ထိုစဉ်က တော်လှန်သော ဓနရှင်လူတန်းစားနှင့် အသေအလဲတိုက်ပွဲဆင်ခဲ့သည်။ ဘာသာရေးလွတ်လပ်မှုနှင့် လွတ်လပ်စွာ ယုံကြည်မှုဆိုင်ရာ အတွေးအခေါ်တို့သည် အသိဉာဏ်နယ်ပယ်၌ လွတ်လပ်စွာပြိုင်ဆိုင်မှု၏ စိုးမိုးမှုကို ဖော်ပြခြင်းသာလျှင် ဖြစ်ပေသည်။

“ဘာသာရေး၊ ကိုယ်ကျင့်တရား၊ အဘိဓမ္မာ[၃၇] နှင့် တရား ဥပဒေဆိုင်ရာ အတွေးအခေါ်တို့သည် သမိုင်းဖြစ်ပေါ်တိုးပွားမှုတလျှောက်တွင် ပြုပြင်ပြောင်းလဲခဲ့သည်မှာ သံသယရှိစရာမလိုတော့ပေ။ သို့သော် ဘာသာရေး၊ ကိုယ်ကျင့်တရား၊ အဘိဓမ္မာ၊ နိုင်ငံရေးဝိဇ္ဇာပညာနှင့် တရားဥပဒေတို့သည် ဤသို့အဆက်မပြတ် ပြောင်းလဲမှုအတွင်း၌ အစဉ်သဖြင့် တည်တံ့လာခဲ့သည်” ဟူ၍ ပြောကြပေလိမ့်မည်။

"ထို့အပြင် လူ့အဖွဲ့အစည်းအဆင့်အားလုံးတွင် တူညီသော လွတ်လပ်ရေး၊ တရားမျှတမှုစသည့် ထာဝရအမှန်တရားများ ရှိကြသေးသည်။ သို့သော် ကွန်မြူနစ်ဝါဒသည် ထာဝရအမှန်တရားများ၊ ဘာသာရေးနှင့် ကိုယ်ကျင့်တရားအားလုံးကို အုတ်မြစ်သစ်ပေါ်တွင် တည်ဆောက်မည့်အစား ဖျက်သိမ်းပစ်သည်။ ထို့ကြောင့် ကွန်မြူနစ်ဝါဒသည် အတိတ်ကာလ သမိုင်းဆိုင်ရာ အတွေ့အကြုံအားလုံးနှင့် ဆန့်ကျင်ပြုမူနေသည်" ဟူ၍ ပြောကြပေလိမ့်မည်။

ဤစွပ်စွဲချက်သည် မည်သည်အခြေထိ ဆိုက်ရောက်သွားပါသနည်း? လွန်ခဲ့သော လူ့အဖွဲ့အစည်းသမိုင်းအားလုံးသည် မတူသောခေတ်ကာလတွင် မတူသော သဏ္ဍာန်ဆောင်သည့် လူတန်းစားရန်ဘက်ဖြစ်မှုများဖြင့် ဖြစ်ပေါ်တိုးပွားခဲ့၏။

သို့သော် ၎င်းတို့သည်မည်သို့သော သဏ္ဍာန်ဆောင်စေကာမူ လွန်ခဲ့သော ခေတ်များအားလုံးတွင် တူညီချက်တခုရှိသည်။ ၎င်းကား လူ့အဖွဲ့အစည်း အစိတ်အပိုင်းတခုက အခြားအစိတ်အပိုင်းတခုကို သွေးစုပ်ခြယ်လှယ်ခြင်း ဖြစ်၏။ သို့ဖြစ်၍ လွန်ခဲ့သောခေတ်များရှိ လူမှုရေးအသိသည် ဖော်ပြချက်မည်သို့ပင် ကွဲပြားခြားနားစေကာမူ တစုံတရာ တူညီသည့်သဏ္ဍာန်များ၊ သို့မဟုတ် ယေဘုယျအတွေးအခေါ်များအတွင်းတွင် လှုပ်ရှားကြသည်မှာ မထူးဆန်းပေ။ ဤအတွေးခေါ်များသည် လူတန်းစားရန်ဘက်ဖြစ်မှုများ လုံးလုံး ကွယ်ပျောက်သွားမှသာလျှင် လုံးဝကွယ်ပျောက်သွားပေလိမ့်မည်။

ကွန်မြူနစ်တော်လှန်ရေးသည် အစဉ်အလာပိုင်ဆိုင်မှု ဆက်ဆံရေးများနှင့် အပြတ်သားဆုံး အဆက်ဖြတ်လိုက်ခြင်းဖြစ်သည်။ ကွန်မြူနစ်တော်လှန်ရေး ဖြစ်ပေါ်တိုးပွားမှုတွင် အစဉ်အလာအတွေးအခေါ်များနှင့် အပြတ်သားဆုံး အဆက်ဖြတ်ခြင်းပါဝင်သည်မှာ အံ့သြစရာမရှိပေ။

သို့သော် ဓနရှင်လူတန်းစားက ကွန်မြူနစ်ဝါဒအပေါ် ကန့်ကွက်ချက်များအကြောင်း ဤတွင်ရပ်လိုက်ကြပါစို့။

အထက်တွင် ကျွန်တော်တို့တွေ့ရှိခဲ့သည့်အတိုင်း အလုပ်သမားလူတန်းစား ဆင်နွှဲသော တော်လှန်ရေး၏ ပထမခြေလှမ်းမှာ ပစ္စည်းမဲ့လူတန်းစားကို အုပ်စိုးသူလူတန်းစား အဆင့်နေရာသို့ မြှင့်တင်ရန်၊ ဒီမိုကရေစီတိုက်ပွဲတွင် အနိုင်ရရန်ပင် ဖြစ်ပေသည်။

ပစ္စည်းမဲ့လူတန်းစားသည် ၎င်း၏နိုင်ငံရေးစိုးမိုးမှုကို အသုံးပြု၍ ဓနရှင်လူတန်းစားထံမှ အရင်းအနှီးအားလုံးကို တဆင့်ပြီးတဆင့် သိမ်းယူရန်ဖြစ်ပြီး နိုင်ငံတော်လက်ထဲတွင် ဆိုလိုသည်မှာ အုပ်စိုးသူလူတန်းစားအဖြစ် စည်းရုံးထားသော ပစ္စည်းမဲ့လူတန်းစား၏ လက်ထဲတွင် ထုတ်လုပ်ရေး ကိရိယာအားလုံးကို ဗဟိုမှ စုစည်းချုပ်ကိုင်ထားရန် ဖြစ်သည်။ ထို့ပြင် ထုတ်လုပ်ရေးအင်အားစု စုစုပေါင်းကို လျင်မြန်နိုင်သမျှ လျင်မြန်စွာ တိုးပွားစေရန် ဖြစ်ပေသည်။

အမှန်ပင်အစပိုင်း၌ ပိုင်ဆိုင်မှုအခွင့်အရေးများနှင့် ဓနရှင်ထုတ်လုပ်ရေးအကြောင်းအချက်များအပေါ် အာဏာဖြင့် စွက်ဖက်မှုနည်းလမ်းမှတပါး အထက်ပါလုပ်ငန်းသည် မထိရောက်နိုင်ပေ။ ထို့ကြောင့် စီးပွားရေးအရ မပြည့်စုံမခိုင်မာဟု ထင်မှတ်ရသော ဤဆောင်ရွက်ချက်များသည် လှုပ်ရှားမှုအတွင်း၌ မိမိဘာသာမိမိ သာလွန်ကြီးထွားလာပြီး လူမှုရေးအာဏာဟောင်းကို ဆက်လက်တိုက်ခိုက်ရန် လိုအပ်လာပေသည်[၄၆]။ ဤသည်မှာ ထုတ်လုပ်ရေး နည်းနာကို လုံးဝတော်လှန် ပြောင်းလဲပစ်ရေးအတွက် မရှောင်လွှဲနိုင်သည့် နည်းလမ်းဖြစ်သည်။

အမှန်ပင် မတူသောတိုင်းပြည်များတွင် ဤလုပ်ဆောင်ချက်များသည် ကွဲပြားခြားနားကြလိမ့်မည်။

သို့စေကာမူ ရှေ့တန်းအရောက်ဆုံး တိုင်းပြည်များတွင် အောက်ပါတို့သည် ယေဘုယျအားဖြင့် အသုံးပြုနိုင်ကြပေလိမ့်မည်။

၁။ မြေယာပိုင်ဆိုင်မှုကို ဖျက်သိမ်းပစ်ခြင်းနှင့် မြေဆီခအားလုံးကို အများဆိုင်ရာ ကိစ္စများအတွက် အသုံးပြုရေး[၄၇]။

၂။ ကြီးလေးသော ဆူကြုံနိမ့်မြင့် သို့မဟုတ် အဆင့်ခွဲခြားသော အမြတ်တော်ခွန်ကောက်ခံရေး။

၃။ အမွေဆက်ခံမှု အခွင့်အရေးအားလုံး ဖျက်သိမ်းပစ်ရေး။

၄။ ပြည်ပသို့ ထွက်သွားသူများနှင့် သူပုန်အားလုံး၏ ပစ္စည်းဥစ္စာကို သိမ်းယူရေး။

၅။ နိုင်ငံတော်အရင်းအနှီး ထည့်ဝင်ထားသော လုံးဝလက်ဝါးကြီး အုပ်းသော အမျိုးသားဘဏ်ဖြင့် နိုင်ငံတော်လက်ထဲတွင် ချေးငွေကို ဗဟိုမှ

စုစည်းချုပ်ကိုင်ထားရေး။

၆။ နိုင်ငံတော်လက်ထဲတွင် ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး ကိရိယာများကို ဗဟိုမှ စုစည်းချုပ်ကိုင်ထားရေး။

၇။ နိုင်ငံတော်ပိုင် စက်ရုံများနှင့် ထုတ်လုပ်ရေးကိရိယာများကို တိုးချဲ့ရေး၊ မြေရိုင်းများကို ထွန်ယက်စိုက်ပျိုးရေး၊ ထို့ပြင် တူညီသော စီမံကိန်းအရ မြေဆီလွှာကို အထွေထွေကောင်းမွန်အောင် ပြုပြင်ရေး။

၈။ အလုပ်ကို အားလုံးလုပ်ဖို့ ညီတူညီမျှတာဝန်ရှိသည်၊ ထုတ်လုပ်ရေး တပ်မတော်များတည်ထောင်ရေး၊ အထူးသဖြင့် လယ်ယာလုပ်ငန်းအတွက် တည်ထောင်ရေး။

၉။ လယ်ယာလုပ်ငန်းကို စက်မှုလုပ်ငန်းနှင့် ပေါင်းစပ်ရေး၊ တပြည်လုံးတွင် လူဦး ရေပိုမိုမျှတစွာ ဖြန့်ခွဲခြင်းအားဖြင့်[၃၈] မြို့နှင့် တောအကြား ခြားနားမှုကို တဖြည်းဖြည်း ဖျက်သိမ်းရေး။

၁၀။ ကလေးသူငယ်အားလုံးကို ပြည်သူ့ကျောင်းများတွင် အခမဲ့ပညာသင်ကြားရေး[၃၉]၊ လက်ရှိသဏ္ဌာန်ဖြင့် ရှိနေသော ကလေးများ၏ စက်ရုံအလုပ်ကို ဖျက်သိမ်းပစ်ရေး၊ ပညာရေးကို စက်မှုလုပ်ငန်း ထုတ်လုပ်ရေး[၄၀] နှင့် ပေါင်းစပ်ပေးရေး စသည်တို့ဖြစ်သည်။

ဖြစ်ပေါ်တိုးပွားမှုအတွင်းတွင် လူတန်းစားခြားနားမှုများ ကွယ်ပျောက်သွားသောအခါနှင့် ထုတ်လုပ်ရေးအားလုံးကို တမျိုးသားလုံး၏ ကျယ်ပြန့်သော အစည်းအရုံးများ လက်ထဲတွင် စုစည်းထားလိုက်သောအခါ အများဆိုင်ရာ အာဏာသည် ယင်း၏ နိုင်ငံရေးလက္ခဏာ ပျောက်ကွယ်သွားလိမ့်မည်။ နိုင်ငံရေးအာဏာ၏ ပင်ကိုယ်အဓိပ္ပာယ်မှာ လူတန်းစားတရပ်က အခြားလူတန်းစားအပေါ် ဖိနှိပ်ရေးအတွက် စည်းရုံးထားသည့်အာဏာ[၄၁] သာလျှင် ဖြစ်၏။ အကယ်၍ ပစ္စည်းမဲ့လူတန်းစားသည် ဓနရှင်လူတန်းစားကို ဆန့်ကျင်သည့် တိုက်ပွဲတွင် လူတန်းစားတရပ်အဖြစ် အခြေအနေ တွန်းဆော်မှုအရ မလွှဲမသွေ ဖွဲ့စည်းရလျှင်သော်လည်းကောင်း၊ အကယ်၍ တော်လှန်ရေးနည်းဖြင့် မိမိကိုယ်ကို အုပ်စိုးသူလူတန်းစားဖြစ်အောင်လုပ်ကာ ထုတ်လုပ်ရေး အကြောင်းအချက်ဟောင်းများကို အကြမ်းဖက် ဖျက်သိမ်းလိုက်လျှင်သော်လည်း ကောင်း ဤအကြောင်းအချက်များနှင့်အတူ ယေဘုယျ လူတန်းစားရန်ဘက် ဖြစ်မှုများနှင့်

လူတန်းစားများ တည်ရှိရေးအတွက် အကြောင်းအချက်များကိုလည်း ဖျက်သိမ်းရာရောက်ပေသည်။ သို့ဖြင့် လူတန်းစားတရပ်အဖြစ် မိမိ ကိုယ်ပိုင် စိုးမိုးမှုကို ဖျက်သိမ်းရာ ရောက်ပေလိမ့်မည်။

လူတန်းစားများနှင့် လူတန်းစားရန်ဘက်ဖြစ်မှုများရှိသည့် ဟောင်းနွမ်းသော ဓနရှင်လူ့အဖွဲ့အစည်းနေရာတွင် တဦးစီ၏ လွတ်လပ်စွာ ဖြစ်ပေါ်တိုးပွားမှုသည် အားလုံး လွတ်လပ်စွာ ဖြစ်ပေါ်တိုးပွားရေးအတွက် အကြောင်းအချက်ဖြစ်သော အစည်းအရုံးတခုကို ကျွန်တော်တို့ ရရှိပေလိမ့်မည်။

# အခန်း (၃)

## ဆိုရှယ်လစ်နှင့် ကွန်မြူနစ်စာပေ
## ၁။ ဖောက်ပြန်သော ဆိုရှယ်လစ်ဝါဒ

### (က) ပဒေသရာဇ်ဆိုရှယ်လစ်ဝါဒ

ပြင်သစ်ပြည်နှင့် အင်္ဂလန်ပြည်မှ မင်းညီမင်းသားများသည် သူတို့၏ သမိုင်းဆိုင်ရာအဆင့်နေရာကြောင့် ခေတ်သစ်ခေတ်သစ်နေရှင် လူ့အဖွဲ့အစည်းကို ဆန့်ကျင်သော လက်ဆင့်ကမ်းစာတမ်းများ ရေးသားလာရသည်။ ၁၈၃၀ ခုနှစ် ဇူလိုင်လ ပြင်သစ်တော်လှန်ရေးအတွင်းနှင့် အင်္ဂလိပ်ပြုပြင်ရေးလှုပ်ရှားမှုများအတွင်းတွင် ဤမင်းညီမင်းသားများသည် မုန်းတီးဖွယ်ရာကောင်းသည့် အသစ်ပေါ်ထွက်လာသူများကို ထပ်မံအရှုံးပေးလိုက်ရ၏။ ထိုမှစ၍ လေးနက်သော နိုင်ငံရေးတိုက်ပွဲသည် မည်သို့မျှမဖြစ်နိုင်တော့ပေ။ စာပေတိုက်ပွဲ တခုတည်းသာလျှင် ဖြစ်နိုင်စရာရှိသည်။ သို့သော် စာပေနယ်ပယ်တွင်ပင်လျှင် ပြန်လည်ပျိုးထောင်ရေးကာလ* ၏ ခေတ်ပြားဟောင်းများသည် မဖြစ်နိုင်တော့ပေ။

စာနာမှုကို ရရှိရန်အတွက် မင်းညီမင်းသားများသည် မိမိတို့ကိုယ်ကျိုးကိုပင် ဂရုမစိုက်လေဟန်ဆောင်ရင်း သွေးစုပ်ခံအလုပ်သမားလူတန်းစားသက်သက်၏ အကျိုးစီးပွားအတွက်ဆိုပြီး နေရှင်လူတန်းစားအပေါ် စွဲချက်တင်လာကြသည်။ သို့ဖြင့် မင်းညီမင်းသားများသည် မိမိတို့၏ အရှင်သခင်သစ်အကြောင်း သရော်စာများ ရေးသားကာ လက်စားချေကြသည်။ အန္တရာယ်ကျရောက်တော့မည်ဟူသော ကြောက်မက်ဖွယ်ရာ ဟောကိန်းများကို အရှင်သခင်၏ နားသို့ကပ်ကာ တီးတိုး

---

* ၁၆၆၀ ခုနှစ်မှ ၁၆၈၉ ခုနှစ်အထိ အင်္ဂလန်ပြည်၏ ပြန်လည်ပျိုးထောင်ရေးကာလကို ဆိုလိုခြင်းမဟုတ်ဘဲ ၁၈၁၄ ခုနှစ်မှ ၁၈၃၀ ခုနှစ်အထိ ပြင်သစ်ပြည် ပြန်လည်ပျိုးထောင်ရေးကာလကို ဆိုလိုခြင်းဖြစ်သည်။ (၁၈၈၈ ခုနှစ် အင်္ဂလိပ် ဘာသာပြန်ခြင်းအတွက် အိန်ဂယ်၏ မှတ်ချက်)

ပြောဆိုကြသည်။

ဤသို့အားဖြင့် ပဒေသရာဇ် ဆိုရှယ်လစ်ဝါဒ ပေါ်ထွက်လာသည်။ မသာတေးသီချင်းတဝက်၊ သရော်စာတဝက်၊ အတိတ်၏ပဲ့တင်သံတဝက်၊ အနာဂတ်၏ ခြိမ်းခြောက်မှုတဝက် ဖြစ်သည်။ တခါတရံတွင် ဓနရှင်လူတန်းစားကို ခါးသီးသော၊ ပြင်းထန်သော၊ ထိမိသောဝေဖန်ချက်များဖြင့် အသဲခိုက်အောင် ထိုးနှက်တိုက်ခိုက်ကြ၏။ သို့သော် ခေတ်သစ် သမိုင်းချီတက်ရာကို လုံးဝသိနားလည်နိုင်စွမ်း မရှိခြင်းကြောင့် အစဉ်အမြဲရယ်စရာ ဖြစ်နေသည်။

မင်းညီမင်းသားများသည် မိမိတို့ဘက်သို့ ပြည်သူများအား သိမ်းသွင်းယူရန် ပစ္စည်းမဲ့သူတောင်းစား လွယ်အိတ်ကို သူတို့ရှေ့တွင် အလံထူထားကြသည်။ သို့သော် မကြာခဏ သူတို့နောက်သို့ လူများလိုက်ပါသွားရင်း သူတို့၏နောက်ကျောမှ ပဒေသရာဇ်တံဆိပ်ဟောင်းကြီးကို တွေ့မြင်သွားကြသဖြင့် အသံကျယ်လောင်စွာ ရယ်မောပြောင်လှောင်ပြီး စွန့်ခွာသွားကြတော့၏။

ဤဇာတ်ပွဲတွင် **ပြင်သစ်လက်ဂျီတမစ်ဝါဒီများ**[၆၂] မှ အစိတ်အပိုင်းတခုနှင့် **ယန်းအင်္ဂလန်**[၆၃] တို့ ပါဝင်ကပြခဲ့ကြသည်။

ပဒေသရာဇ်များက သူတို့၏ သွေးစုပ်မှုနည်းနာသည် ဓနရှင်သွေးစုပ်မှုနှင့် မတူသော အခြားတမျိုးဖြစ်ကြောင်း ညွှန်ပြရာတွင် သူတို့သည် လုံးဝမတူသော အခြေအနေအောက်တွင် သွေးစုပ်ခဲ့ကြောင်းနှင့် ၎င်းသွေးစုပ်မှုသည် ယခုအခါ ခေတ်ကုန်နေပြီဖြစ်ကြောင်းကို မေ့လျော့နေကြလေပြီ။ သူတို့၏ အုပ်စိုးမှုအောက်တွင် ခေတ်သစ်ပစ္စည်းမဲ့လူတန်းစား ဘယ်တုန်းကမှ မရှိခဲ့ပါဟု ဖော်ပြရာတွင် ခေတ်သစ်ဓနရှင်လူတန်းစားသည် သူတို့၏ လူ့အဖွဲ့အစည်း သဏ္ဌာန်မှ မုချပေါ်ထွက်လာသော ရလဒ်ဖြစ်ကြောင်းကို သူတို့ မေ့လျော့ထားကြ၏။

သို့ရာတွင် သူတို့ဝေဖန်ချက်၏ ဖောက်ပြန်ရေးလက္ခဏာကို အနည်းငယ်မျှ ဖုံးကွယ် မထားပေ။ ဓနရှင်လူတန်းစား **ထိုးမိုးမှု**အောက်တွင် လူ့အဖွဲ့အစည်းစနစ်ဟောင်းကို အမြစ်မှ လှန်ပစ်မည့် လူတန်းစားတရပ်သည် ဖြစ်ပေါ်တိုးပွားနေပေပြီ။ ဓနရှင်လူတန်းစားကို ဆန့်ကျင်သော သူတို့၏ အဓိကစွပ်စွဲချက်မှာ ဤမျှသာတည်း။

သူတို့သည် ပစ္စည်းမဲ့လူတန်းစားကို ဖန်တီးလိုက်ခြင်းထက် **တော်လှန်သော** ပစ္စည်းမဲ့လူတန်းစား ဖန်တီးလိုက်မှုနှင့် ပတ်သက်၍ ဓနရှင်လူတန်းစားအပေါ်

အပြစ်ဖို့ကြသည်။

ထို့ကြောင့် နိုင်ငံရေး လက်တွေ့တွင်မူ သူတို့သည် အလုပ်သမား လူတန်းစားကို ဆန့်ကျင်သည့် အကြမ်းဖက်မှု မှန်သမျှတွင် လက်တွဲပါဝင်ကြသည်။ နေ့စဉ်ဘဝတွင်မူ ဟိတ်ဟန်ကြီးလှသော စာပိုဒ်များရှိနေလင့်ကစား စက်မှုလုပ်ငန်းတည်းဟူသော သစ်ပင်မှ ကြွေကျလာသော‌‌‌“ ရွှေသစ်သော့သီးများကို ဒူးထောက်ကောက်ယူရန် နည်းနည်းမှ မပျက်ကွက်ကြပေ။ ကတိ သစ္စာ၊ မေတ္တာ၊ ဂုဏ်သိက္ခာတို့ကို သိုးမွေး၊ သကြား၊ ချက်အရက်* ရောင်းဝယ်ရေး အတွက် လဲလှယ်ပစ်လိုက်ကြသည်။

ခရစ်ယာန်ဘုန်းကြီးသည် မြေရှင်နှင့် အစဉ်လက်တွဲနေသည့်အတိုင်း ခရစ်ယာန်ဘုန်းကြီး ဆိုရှယ်လစ်ဝါဒသည် ပဒေသရာဇ်ဆိုရှယ်လစ်ဝါဒနှင့် လက်တွဲလိုက်သည်။

ခရစ်ယာန်ချုပ်တည်းရေးဝါဒအား ဆိုရှယ်လစ်အလှခြယ်ပေးရန် လောက် လွယ်ကူသောအရာမရှိပေ။ ခရစ်ယာန်ဘာသာသည် ပုဂ္ဂလိကပိုင်ဆိုင်မှု၊ အိမ်ထောင်ပြုမှုနှင့် နိုင်ငံတော်တို့ကို ဆန့်ကျင်ကာ အာဘောင်အာရင်း သန်သန်နှင့် ဟောပြောခဲ့သည် မဟုတ်ပါလော? ၎င်းတို့အစား ဒါနပြုမှုနှင့် ဆင်းဆင်းရဲရဲနေမှု၊ အိမ်ထောင်မပြုရေးနှင့် အလိုဆန္ဒ ချုပ်တည်းရေး၊ သာသနာ့ဝန်ထမ်းဘဝနှင့် ခရစ်ယာန်ဘုရားကျောင်းတို့ကို ဟောပြောခဲ့သည် မဟုတ်ပါလော? ခရစ်ယာန်ဆိုရှယ်လစ်ဝါဒ ဆိုသည်ကား မင်းညီမင်းသား၏ အပူမီးအပေါ်သို့ ဘုန်းတော်ကြီးက ချီးမြှင့်သွန်းလောင်းပေးလိုက်သည့် ဓမ္မရေစင်သာ

---

* ဤစာကြောင်းမှာ ဂျာမဏီပြည်ကို အဓိကထားသည်။ ထိုတိုင်းပြည်ရှိ မြေပိုင်ယာပိုင်မင်းညီမင်းသားနှင့် မြေရှင်ကြီးများတွင် သူတို့အတွက် ဘဏ္ဍာစိုးများ ထွန်ယက်သော မြေကွက် ကြီးများရှိသည်။ သူတို့သည် သကြားလုပ်ငန်းနှင့် အာလူးမှ အရက်ချက်ခြင်းကို အကြီးအကျယ်လုပ်ကြသည်။ ပိုမိုကြွယ်ဝသော ဗြိတိသျှ မင်းညီမင်းသားအလွှာသည် ၎င်းအဆင့်သို့ မရောက်သော်ငြားလည်း ကျဆင်းလာသော သီးစားခကို ထေမိအောင်၊ အနည်းနှင့်အများ ဟန်ပြအစုစပ် ကုမ္ပဏီများတွင် နာမည်စာရင်းတင်ထားဖို့ သိနားလည်ကြသည်။ (၁၈၈၈ ခုနှစ် အင်္ဂလိပ်ဘာသာ ပုံနှိပ်ခြင်းအတွက် အိန်ဂယ်၏ မှတ်ချက်။)

တည်း။

## (ခ) ဓနရှင်ပေါက်စ ဆိုရှယ်လစ်ဝါဒ

ပဒေသရာဇ်မင်းညီမင်းသားများသည် ဓနရှင်လူတန်းစားက ဖြိုချလိုက်သည့် တခုတည်းသော လူတန်းစားမဟုတ်ပေ။ ခေတ်သစ်ဓနရှင် လူ့အဖွဲ့အစည်းပတ်ဝန်းကျင်တွင် ဘဝအကြောင်းအချက်များ ဆိုးဝါးလာကာ ကြေပြုန်းသွားသည့် တခုတည်းသော လူတန်းစားလည်း မဟုတ်ပေ။ အလယ်ခေတ်မြို့သားများနှင့် လယ်သမားကလေးတို့သည် ခေတ်သစ်ဓနရှင်လူတန်းစား၏ ရှေ့တော်ပြေးများ ဖြစ်ခဲ့ကြသည်။ စက်မှုလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေး အနည်းငယ်သာ ထွန်းကားသော တိုင်းပြည်များ၌ ၎င်းလူတန်းစား နှစ်ရပ်စလုံးသည် ထွန်းသစ်စဓနရှင်လူတန်းစားနှင့် အတူယှဉ်လျက် သက်ဆိုးရှည်နေဆဲဖြစ်ပေသည်။

ခေတ်သစ်ယဉ်ကျေးမှု အပြည့်အဝတိုးပွားလာသော တိုင်းပြည်များတွင် အသစ်ဖြစ်သော ဓနရှင်ပေါက်စ လူတန်းစားတရပ် ဖွဲ့တည်လာသည်။ ၎င်းသည် ဓနရှင်လူတန်းစားနှင့် ပစ္စည်းမဲ့လူတန်းစားအကြားတွင် မတည်မငြိမ်ဖြစ်ပြီး ဓနရှင်လူ့အဖွဲ့အစည်း၏ ဖြည့်စွက် ထားသော အပိုင်းအဖြစ် ထပ်ခါတလဲလဲ အသစ်ဖြစ်ပေါ်နေသည်။ သို့စေကာမူ ပြိုင်ဆိုင်မှုကြောင့် ဤလူတန်းစားထဲတွင် ပါဝင်သူတဦးချင်းတို့မှာ ပစ္စည်းမဲ့လူတန်းစား တပ်ဖွဲ့ထဲသို့ အဆက်မပြတ်တွန်းပို့ခြင်း ခံရသည်။ ထို့ပြင် ခေတ်သစ်စက်မှုလုပ်ငန်း တိုးပွားလာမှုနှင့် အတူ သူတို့သည် ခေတ်သစ်လူ့အဖွဲ့အစည်း၏ အမှီခိုကင်းသော အစိတ်အပိုင်း အဖြစ်မှ လုံးဝကွယ်ပျောက်သွားမည့် အချိန်ကာလသည် နီးကပ်လာပြီဖြစ် ကြောင်း သူတို့ကို စက်မှုလုပ်ငန်း၊ လယ်ယာလုပ်ငန်းနှင့် ကူးသန်းရောင်းဝယ်ရေးများတွင် အကြီးအကဲများ၊ ကြပ်မတ်သူများ၊ အခစားအမှုထမ်းများက အစားထိုးလိမ့်မည်ဖြစ်ကြောင်းကိုပင် သိမြင်ကြသည်။ တိုင်းပြည်လူဦးရေတွင် လယ်သမားဦးရေက ထက်ဝက်ကျော်ကျော်ရှိသော ပြင်သစ်ပြည်ကဲ့သို့ တိုင်းပြည်များ၌ ဓမ္မတာပင် ဓနရှင်လူတန်းစားကို ဆန့်ကျင်ကာ ပစ္စည်းမဲ့လူတန်းစားဘက်သို့ ပါလာကြသော စာရေးဆရာများသည် ဓနရှင်**စိုးမိုးမှု**ကို ဝေဖန်ကြရာတွင်

လယ်သမားနှင့် ခနရှင်ပေါက်စပေတံကို အသုံးပြု၍ အလုပ်သမား လူတန်းစား၏ အရေးကို ဤအလယ်အလတ် လူတန်စားများ ရပ်တည်ချက်ဖြင့် ကာကွယ်ပေးခဲ့ကြသည်။ သို့ဖြင့် ခနရှင်ပေါက်စဆိုရှယ်လစ်ဝါဒ ပေါ်ထွက်လာခဲ့သည်။ ဆစ်စ်မွန်ဒီသည် ပြင်သစ်ပြည်မှာသာမက အင်္ဂလန်ပြည်တွင်လည်း ဤဂိုဏ်းကို ရှေ့ဆောင်ရှေ့ရွက် ပြုခဲ့သည်။

ဤဆိုရှယ်လစ်ဝါဒဂိုဏ်းသည် ခေတ်သစ်ထုတ်လုပ်ရေး အကြောင်းအချက်များအတွင်းရှိ ပဋိပက္ခများကို ပြောင်မြောက်စွာ ခွဲခြားစိတ်ဖြာနိုင်စွမ်းရှိသည်။ ၎င်းက ဘောဂဗေဒဆရာများ၏ လိမ်လည်လှည့်ဖျားသော အသနားခံချက်များကို ဖွင့်ချခဲ့သည်။ စက်ကိရိယာနှင့်တကွ အလုပ်ခွဲဝေမှုတို့ကြောင့် အတိဒုက္ခရောက်မှုများကိုလည်းကောင်း၊ လူအနည်းငယ်၏ လက်တွင်းတွင် အရင်းအနှီးနှင့် မြေယာစုစည်းလာမှုကိုလည်းကောင်း၊ ထုတ်လုပ်ရေး ပိုလျှံမှုနှင့် ကပ်ဆိုက်မှုကိုလည်းကောင်း မငြင်းနိုင်အောင်သက်သေ ပြလိုက်သည်။ ခနရှင်ပေါက်စနှင့် လယ်သမားတို့၏ မလွဲမသွေပျက်စီးရမှုကိုလည်းကောင်း၊ ပစ္စည်းမဲ့လူတန်းစား၏ ဆင်းရဲဒုက္ခကိုလည်းကောင်း၊ ထုတ်လုပ်ရေးမင်းမဲ့မှုကိုလည်းကောင်း၊ ခနဥစ္စာခွဲဝေမှု၏ အလွန်အမင်း မညီမျှမှုကိုလည်းကောင်း၊ အမျိုးသားအချင်းချင်း ဖြစ်ပွားသော စက်မှုလုပ်ငန်း အမြစ်ဖြုတ်စစ်ပွဲကိုလည်းကောင်း၊ ကျင့်ဝတ်နှောင်ကြိုးဟောင်းများ၊ မိသားစု ဆက်ဆံရေးဟောင်းများ၊ လူမျိုးဟောင်းများ ကြေပြုန်းသွားခြင်းကိုလည်းကောင်း ညွှန်ပြလိုက်သည်။

မည်သို့ပင်ဖြစ်စေ ၎င်း၏ အပြုသဘော ရည်ရွယ်ချက်များအရ ဤဆိုရှယ်လစ်ဝါဒသဏ္ဍာန်သည် ထုတ်လုပ်ရေး ပရိဘောဂဟောင်းနှင့် ဖလှယ်ရေးနည်းလမ်းဟောင်းကို ပြန်လည်ပျိုးထောင်ရေး၊ ၎င်းနှင့်အတူ ပိုင်ဆိုင်မှုဆက်ဆံရေးဟောင်းများနှင့် လူ့အဖွဲ့ အ စည်း ဟောင်း ပြန်လည်ပျိုးထောင်ရန် ဖြစ်သည်။ သို့တည်းမဟုတ် ခေတ်သစ်ထုတ်လုပ်ရေးပရိဘောဂနှင့် ဖလှယ်ရေးနည်းလမ်းတို့က မုချဖျက်ဆီးပစ်မည်ဖြစ်သော ဖောက်ခွဲဖျက်ဆီးပစ်လိုက်ပြီဖြစ်သော ပိုင်ဆိုင်မှုဆက်ဆံရေးဟောင်းများအတွင်း ၎င်းတို့ကို ကန့်သတ်ထားရန် ရည်ရွယ်၏။ မည်သို့ပင်ဖြစ်ပါစေ ဤနည်းနှစ်မျိုးစလုံးသည် ဖောက်ပြန်သည့် စိတ်ကူးယဉ်မှုဖြစ်သည်။

စက်မှုလုပ်ငန်းတွင် ပူးပေါင်းထားသော လက်မှုအဖွဲ့ ဖွဲ့စည်းရေး၊ လယ်

ယာလုပ်ငန်းတွင် အဖကြီးစိုးသော ဆက်ဆံမှုထူထောင်ရေး၊ ဤကား ၎င်း၏ နိဂုံးချုပ်ချက်များ ပင်တည်း။

နောက်ဆုံးတွင် မိမိကိုယ်ကို လှည့်စားနေသော ယစ်မူးနေသည့် အကျိုးဆက် အားလုံးကို မချေပနိုင်သော သမိုင်းအချက်အလက်များက ဖယ်ရှား ပစ်လိုက်သောအခါ၌ ဤဆိုရှယ်လစ်ဝါဒသဏ္ဍာန်သည် သနားဖွယ်ရာ ဇာတ်သိမ်း သွားတော့၏။

## (ဂ) ဂျာမန် သို့မဟုတ် "စစ်မှန်သော" ဆိုရှယ်လစ်ဝါဒ

ပြင်သစ်ပြည်ရှိ ဆိုရှယ်လစ်နှင့် ကွန်မြူနစ်စာပေသည် အာဏာရဓနရှင် လူတန်းစား၏ ဖိအားအောက်တွင် ပေါ်ထွန်းလာပြီး ဓနရှင်အာဏာအား ဆန့်ကျင်သောတိုက်ပွဲကို ဖော်ပြလိုက်သည်။ ၎င်းစာပေသည် ဂျာမဏီပြည်တွင် ဓနရှင်လူတန်းစားနှင့် ပဒေသရာဇ်သက်ဦးဆံပိုင်တို့၏ ယှဉ်ပြိုင်မှု စတင်ကာစ အချိန်၌ ရောက်လာသည်။

ဂျာမန် အဘိဓမ္မာဆရာများ၊ အဘိဓမ္မာဆရာတပိုင်းများနှင့် **စကားလုံး လှလှကြိုက်သူများ**သည် ၎င်းစာပေကို အငမ်းမရ ဆုပ်ကိုင်ကြသည်။ ဤစာအရေးအသားများ ပြင်သစ်ပြည်မှ ဂျာမဏီပြည်သို့ ကူးပြောင်းဝင်ရောက်လာခြင်းနှင့်အတူ ပြင်သစ်လူမှုရေး အကြောင်းအချက်များ လိုက်ပါမလာခြင်းကိုကား သူတို့မေ့လျော့နေကြသည်။ ဤပြင်သစ်စာပေသည် ဂျာမန် လူမှုရေးအခြေအနေများနှင့် ထိတွေ့လိုက်သောအခါ၌ လတ်တလော လက်တွေ့ အဓိပ္ပာယ်အားလုံး ပျောက်ကွယ်သွားကာ စာပေသဏ္ဍာန်သက်သက် ဖြစ်သွား၏[၅၅]။ ဤသို့အားဖြင့် ပထမအကြိမ် ပြင်သစ်တော်လှန်ရေး၏ တောင်းဆိုချက်များသည် ၁၈ ရာစုနှစ် ဂျာမန်အဘိဓမ္မာဆရာများအတွက်ဆိုရသော် ယေဘုယျအားဖြင့် "လက်တွေ့ကျိုးကြောင်းဆီလျော်မှု" တောင်းဆိုချက်များထက် မပိုပေ။ သူတို့မျက်စိထဲတွင် တော်လှန်သော ပြင်သစ်ဓနရှင်လူတန်းစား၏ ဆန္ဒကိုဖော်ပြလိုက်ခြင်းသည် ဆန္ဒသက်သက်တရားများ၊ ယေဘု ယျအားဖြင့် စစ်မှန်သည့် လူသားဆန္ဒ ဖြစ်ရမည့် ဆန္ဒတရားများသာ ဖြစ်ပေ၏။

ဂျာမန်**စာပေသမားများ**၏ လုပ်ငန်းဆောင်တာမှာ သစ်လွင်သော

ပြင်သစ်အတွေးအခေါ်များကို မိမိတို့၏ ခေတ်ဟောင်းအဘိဓမ္မာ ယုံကြည်ချက်ဖြင့် စည်းဝါးကိုက်အောင် လုပ်ရေးသာဖြစ်သည်။ သို့မဟုတ်လျှင်လည်း မိမိတို့၏ ကိုယ်ပိုင်အဘိဓမ္မာအမြင်ကို မစွန့်ပယ်ဘဲ ပြင်သစ်အတွေးအခေါ်များကို ရယူရေးဖြစ်သည်။

ဤရယူရေးသည် တိုင်းတပါးဘာသာကို ဘာသာပြန်သည့်နည်းဖြင့် အပိုင်စီးလိုက်ခြင်း ဖြစ်သည်။

ခရစ်ယာန်ဘုန်းကြီးများသည် ကက်သလစ်ရဟန္တာများ၏ အချည်းနှီးဘဝ အကြောင်းများကို ရှေးမိစ္ဆာဒိဋ္ဌိနိုင်ငံ၏ ရှေးဟောင်းကျမ်းဂန်များ **အပေါ်တွင်** မည်သို့ရေးသားခဲ့သည်ကို အများသိကြသည်။ ဂျာမန်**စာပေသမားများ** သည် ဤဖြစ်စဉ်ကို ပြင်သစ်လောကီစာပေနှင့်ပတ်သက်၍ ကပြောင်းကပြန် လုပ်လိုက်သည်။ သူတို့သည် ပြင်သစ်စာမူရင်းအောက်တွင် သူတို့၏ အဘိဓမ္မာဆိုင်ရာ မဟုတ်မဟတ်များကို ရေးထည့်ပေးသည်။ ဥပမာ အသပြာ၏ စီးပွားရေး လုပ်ဆောင်ချက်များဆိုင်ရာ ပြင်သစ်ဝေဖန်ချက်အောက် တွင် "လူသားချင်းသွေးကွဲမှု" ဟုလည်းကောင်း၊ ခေရှင်နိုင်ငံတော်အပေါ် ပြင်သစ်ဝေဖန်ချက်အောက်တွင် "ယေဘုယျခွဲခြားချက်ကို ဖြိုချလိုက်ခြင်း" ဟုလည်းကောင်း အတောမသတ် ရေးသားခဲ့ကြသည်။

သမိုင်းဆိုင်ရာ ပြင်သစ်ဝေဖန်ချက်များထဲတွင် ဤအဘိဓမ္မာ စာပိုဒ်များကို မိတ်ဆက်ပေးရင်း "လှုပ်ရှားမှုအဘိဓမ္မာ"၊ "စစ်မှန်သောဆိုရှယ်လစ်ဝါဒ"၊ "ဂျာမန်ဆိုရှယ်လစ်ဝါဒ ဝိဇ္ဇာပညာ"၊ "ဆိုရှယ်လစ်ဝါဒ၏ အဘိဓမ္မာ အခြေခံ" စသည်ဖြင့် သူတို့ နာမည်ပေးလိုက်ကြသည်။

သို့ဖြင့် ပြင်သစ်ဆိုရှယ်လစ်နှင့် ကွန်မြူနစ်စာပေသည် လုံးဝရုပ်ပျက်ဆင်းပျက် ဖြစ်သွားသည်။ ဂျာမန်များလက်တွင်းတွင် လူတန်းစားတရပ်က အခြားလူတန်းစားတရပ်နှင့် တိုက်ပွဲဆင်ရေးကို ဖော်ထုတ်ခြင်း ရပ်ဆိုင်းသွားကတည်းက ဂျာမန်တို့သည် "ပြင်သစ် တဖက်သတ်ကျမှု" အပေါ် အောင်နိုင်လိုက်ပြီဟု ယုံကြည်ခဲ့၏။ စစ်မှန်သော လိုအပ်ချက်များကို ကိုယ်စားမပြုဘဲ အမှန်တရား၏ လိုအပ်ချက်များကို ကိုယ်စားပြုသည်ဟု ယုံကြည်ခဲ့သည်။ ပစ္စည်းမဲ့လူတန်းစား၏ အကျိုးစီးပွားအတွက်မဟုတ်ဘဲ လူ့သဘာဝအကျိုးစီးပွား၊ မည်သည့်လူတန်းစားနှင့်မှ မသက်ဆိုင်သော၊ တကယ်တမ်းမရှိသော၊ မသဲမကွဲ

တည်ရှိနေသော၊ အဘိဓမ္မာ စိတ်ကူးယဉ်နယ်ပယ်တွင်သာရှိသော ယေဘုယျ လူသား၏ အကျိုးစီးပွားအတွက် ဖြစ်သည်ဟု ယုံကြည်ခဲ့သည်။

သူတို့၏ ကျောင်းသားငယ်လေ့ကျင့်ခန်းကိုပင် လေးနက်တည်ကြည်စွာ သဘောထားကာ ဤကလိမ်ချုံနည်းဖြင့် အညံ့စားကုန်ပစ္စည်းကို ချီးကျူးထောမနာပြုသော ဤဂျာမန်ဆိုရှယ်လစ်ဝါဒသည် မိမိ၏ ပညာရှိယောင်ယောင် မသိနားမလည်မှုကို တဖြည်းဖြည်းဆုံးရှုံးသွားတော့သည်။

ဂျာမန် အထူးသဖြင့် ပရပ်ရှားဓနရှင်လူတန်းစား၏ ပဒေသရာဇ်မင်းညီမင်းသားနှင့် သက်ဦးဆံပိုင်ဘုရင်စနစ်ကို ဆန့်ကျင်သောတိုက်ပွဲ တနည်းဆိုသော် လစ်ဘရယ်လှုပ်ရှားမှုသည် ပိုမိုသည်းသန်လာခဲ့၏။

ဤသို့အားဖြင့် "စစ်မှန်သော" ဆိုရှယ်လစ်ဝါဒသည် နိုင်ငံရေးလှုပ်ရှားမှုများကို ဆိုရှယ်လစ်တောင်းဆိုချက်များဖြင့် ထိပ်တိုက်ရင်ဆိုင်ရန်ဟူသော ကာလရှည်ကြာစွာ တောင့်တနေရသည့် အခွင့်အလမ်းကို ရရှိလိုက်၏။ လစ်ဘရယ်ဝါဒ၊ ကိုယ်စားလှယ်စနစ်အစိုးရ၊ ဓနရှင်ပြိုင်ဆိုင်မှု၊ ဓနရှင်စာနယ်ဇင်းလွတ်လပ်မှု၊ ဓနရှင်ဥပဒေပြုမှု၊ ဓနရှင်လွတ်လပ်မှုနှင့် တန်းတူရေးတို့ကို ဆန့်ကျင်ပြီး အစဉ်အလာအတိုင်း ကျိန်ဆဲရန်နှင့် ဤဓနရှင် လှုပ်ရှားမှုအားဖြင့် ဘာကိုမှ အမြတ်ရကြမည် မဟုတ်ဘဲ အားလုံးဆုံးရှုံးဖို့သာရှိသည်ဟု လူထုများအား ဟောပြောရန်အခွင့်အလမ်းကို ရရှိသွားသည်။ ပြင်သစ်ဝေဖန်ရေးသည် ခေတ်သစ်ဓနရှင် လူ့အဖွဲ့အစည်း၏တည်ရှိမှု၊ ၎င်းနှင့်လျော်ညီသော စီးပွားရေးအကြောင်းအချက်များနှင့် နိုင်ငံရေးဖွဲ့စည်းပုံစည်းမျဉ်းတို့ကို ကြိုတင်တွက်ဆခဲ့ကြောင်း၊ ဖော်ပြပါ အချက်များ ရရှိရေးသည် ဂျာမဏီပြည်ရှိ မပြီးပြတ်သေးသောတိုက်ပွဲ၏ ရည်ရွယ်ချက်ဖြစ်ကြောင်းတို့ကို ပြင်သစ်ဝေဖန်ရေး၏ မိုက်မဲသောပဲ့တင်သံဖြစ်သည့် ဂျာမန်ဆိုရှယ်လစ်ဝါဒသည် တကယ့်အချိန်ကောင်းတွင်မှ မေ့လျော့ထားခဲ့ကြသည်။

ဂျာမန်သက်ဦးဆံပိုင်အစိုးရများနှင့် ၎င်းတို့၏ နောက်လိုက်ဘုန်းကြီးများ၊ ပါမောက္ခများ၊ ကျေးလက်မြေရှင်ကြီးများနှင့် ဗျူရိုကရက်များကို ခြိမ်းခြောက်နေသည့် ဓနရှင်လူတန်းစားအား ဆန့်ကျင်သော စာခြောက်ရုပ်အဖြစ် ဂျာမန်ဆိုရှယ်လစ်ဝါဒက အသုံးတော်ခံလိုက်သည်။

ဂျာမန်ဆိုရှယ်လစ်ဝါဒဆိုသည်မှာ ထိုစဉ်က ဂျာမန်အလုပ်သမား

ထကြွမှုများကို အထက်ပါအစိုးရများက ကြာပွတ်၊ ကျည်ဆန်များဖြင့် နှိပ်ကွပ်ခြင်းဟူသော ဆေးခါးနောက် တွင် တိုက်ကျွေးသည့် သကာရည်ဖြစ်သည်။

ဤ "စစ်မှန်သော" ဆိုရှယ်လစ်ဝါဒသည် ဂျာမန်ဓနရှင်လူတန်းစားကို တိုက်ခိုက်ရန် လက်နက်အဖြစ် အစိုးရများကို အလုပ်အကျွေးပြုသည့် တချိန်တည်းမှာပင် ဖောက်ပြန်သော အကျိုးစီးပွားဖြစ်သည့် ဂျာမန် နလပိန်းတုံးများ၏ အကျိုးစီးပွားကိုလည်း တိုက်ရိုက်ကိုယ်စားပြု၏။ ဂျာမဏီပြည်တွင် ၁၆ ရာစုနှစ်၏ အမွေအနှစ်ဖြစ်သော ထိုမှစ၍ သဏ္ဍာန်အမျိုးမျိုးဖြင့် ထပ်မံအဆက်မပြတ် ပေါ်ထွက်လာသော **ဓနရှင်ပေါက်စ** လူတန်းစားသည် တည်ရှိနေသော အရာများ၏ တကယ့်လူမှုရေးအခြေခံ ဖြစ်ပေသည်။

ဤလူတန်းစားကို ထိန်းသိမ်းခြင်းသည် ဂျာမဏီပြည်တွင် တည်ရှိနေသော အရာများကို ထိန်းသိမ်းထားခြင်းပင် ဖြစ်သည်။ ဓနရှင်လူတန်းစား၏ စက်မှုလုပ်ငန်းစိုးမိုးမှုနှင့် နိုင်ငံရေးစိုးမိုးမှုသည် တဖက်တွင် အရင်းအနှီး စုစည်းလာခြင်း၊ အခြားတဖက်တွင် တော်လှန်သော ပစ္စည်းမဲ့လူတန်းစား ပေါ်ထွက်လာခြင်းဖြင့် ဤဓနရှင်ပေါက်စလူတန်းစားအား မုချဖျက်ဆီးပစ်ရန် ခြိမ်းခြောက်လျက်ရှိသည်။ "စစ်မှန်သော" ဆိုရှယ်လစ်ဝါဒသည် ငှက်နှစ်ကောင်ကို ခဲတလုံးတည်းဖြင့် ပစ်လိုက်ပေသည်။ ၎င်းသည် ရောဂါကပ်ဆိုးပမာ ပျံ့နှံ့သွား လေပြီ။

စကားလှပန်းပွင့်များ ထိုးထားသော၊ ချည့်နဲ့သောစိတ်ခံစားမှု နှင်းပေါက်များဖြင့် ပြည့်လျှံနေသော၊ အကောင်အထည်မဲ့သော၊ တွေးတောမှု ပင့်ကူမျှင်ဝတ်ရုံနှင့် ဂျာမန်ဆိုရှယ်လစ်များသည် သူတို့၏ သနားစရာ အရိုးပေါ် အရေတင် "ထာဝရအမှန်တရားများ" အပေါ် လွှမ်းခြုံလိုက်ခြင်းဖြင့် သူတို့၏ ကုန်ပစ္စည်းများကို ဤသို့သော ပရိသတ်အတွင်း အံ့သြလောက်အောင် အရောင်းသွက်လှစေသည်။

ဂျာမန်ဆိုရှယ်လစ်ဝါဒ အတွက်ဆိုသော် သူတို့သည် ဓနရှင်ပေါက်စ နလပိန်းတုံးတို့၏ လေလုံးထွားသော ကိုယ်စားလှယ်ဖြစ်နေပုံကို ပို၍ပို၍ အသိအမှတ်ပြုလာသည်။

၎င်းက ဂျာမန်အမျိုးသားသည် စံထားလောက်သောအမျိုးသား ဂျာမန်တတ်ယောင်ကားကလေးသည် စံပြလူဖြစ်သည်ဟု ကြေညာလိုက်သည်။ ဤစံပြလူ၏ ဆိုးသွမ်းယုတ်ညံ့မှုအားလုံးကို ၎င်း၏ ကွယ်ဝှက်ထားသော မြင့်

မားသည့် ဆိုရှယ်လစ်အဓိပ္ပာယ် ဖွင့်ဆိုပေးလိုက်ခြင်းဖြင့် ၎င်း၏ တကယ့် လက္ခဏာနှင့် ဆန့်ကျင်ဘက် ဖြစ်သွားစေသည်။ ၎င်းသည် ကွန်မြူနစ်ဝါဒ၏ "ကြမ်းကြုတ်သောဖျက်ဆီးရေး" တိမ်းညွတ်မှုကို တိုက်ရိုက်ဆန့်ကျင်သည်အထိ လူတန်းစားတိုက်ပွဲအားလုံးအထက်တွင်ရှိကြောင်း၊ ဘက်မလိုက်ကြောင်း ကြေညာသည်အထိ တဖက်စွန်းသို့ ရောက်သွားခဲ့သည်။ ချွင်းချက်တချို့မှအပ ဂျာမဏီပြည် တွင် (၁၈၄၇ ခုနှစ်) က ဖြန့်ဝေသော အမည်ခံဆိုရှယ်လစ်နှင့် ကွန်မြူနစ်စာအုပ်စာတမ်းအားလုံးသည် ဤယုတ်ညံ့အားနည်းသောစာပေ* နယ်ပယ်တွင် ပါဝင် လေသည်။

## ၂။ သမားရိုးကျ သို့မဟုတ် ဓနရှင်ဆိုရှယ်လစ်ဝါဒ

ဓနရှင်လူတန်းစား တစိတ်တပိုင်းကဆိုလျှင် ဓနရှင်လူ့အဖွဲ့အစည်း ဆက်လက် တည်ရှိရန်အတွက် လူမှုရေးနစ်နာချက်များကို ကုစားလိုကြသည်။

ဘောဂဗေဒသမားများ၊ ကရုဏာရှင်များ၊ လူလူချင်းစာနာသူများ၊ အလုပ်သမားလူတန်းစား၏ အခြေအနေကို ပြုပြင်လိုသူများ၊ သဒ္ဓါကြေးစည်းရုံးသူများ၊ တိရစ္ဆာန်ညှဉ်းပန်းမှု ကာကွယ်ရေးအသင်းဝင်များ၊ မူးယစ်သောက်စားမှုဆန့်ကျင်သူများနှင့်အသေးစားပြုပြင်ရေးသမားမျိုးစုံသည် ဤအပိုင်းထဲတွင် ပါဝင်သည်။ ထို့ပြင် ဤဆိုရှယ်လစ်ဝါဒသဏ္ဍာန်သည် ပြည့်စုံသောစနစ်များအဖြစ် ပြုလုပ်ပြီးဖြစ်သည်။

ကျွန်တော်တို့သည် ပရောက်ဒွန်း၏ **ဆင်းရဲခြင်းအဘိဓမ္မာ**ကို ၎င်းသဏ္ဍာန်၏ ဥပမာတခုအဖြစ် ပေးရပေမည်။

ဓနရှင်ဆိုရှယ်လစ်များသည် ခေတ်သစ်လူမှုရေး အကြောင်းအချက်၏ သာလွန်ချက်အားလုံးကို အလိုရှိကြသော်လည်း ၎င်းမှ မလွဲမသွေ ပေါ်ထွက်

---

* ၁၈၄၈ ခုနှစ် တော်လှန်ရေးမုန်တိုင်းသည် ဤသိမ်ဖျင်းသော တိမ်းညွတ်မှုတခုလုံးကို တိုက်ထုတ်ပစ်လိုက်သည်။ ဆိုရှယ်လစ်ဝါဒကို ဆက်လက်ပြီး မတောက်တခေါက်လုပ်လိုသော ၎င်း၏ ဇာတ်ဆောင်သူများ၏ အလိုဆန္ဒကို ကုစားပစ်လိုက်သည်။ ဤတိမ်းညွတ်မှု၏ အဓိက ကိုယ်စားလှယ်နှင့်စံတင်လောက်သော လူစားမျိုးမှာ ဟား– ကားလ်– ဂရွန် ဖြစ်သည်။ (၁၈၉၀ ခုနှစ် ဂျာမန်ဘာသာပုံနှိပ်ခြင်းအတွက် အိန်ဂယ်၏ မှတ်ချက်)

လာသည့်တိုက်ပွဲများနှင့် အန္တရာယ်များကိုကား အလိုမရှိပေ။ တော်လှန်သော အစိတ်အပိုင်းနှင့် ကြေပြုန်းနေသည့် အစိတ်အပိုင်းများ မပါရှိသော လူ့အဖွဲ့အစည်း၏ တည်ရှိနေဆဲ အခြေအနေကို အလိုရှိကြသည်။ သူတို့သည် ပစ္စည်းမဲ့လူတန်းစားမရှိဘဲ ဓနရှင်လူတန်းစားကို အလိုရှိသည်။ ဓနရှင်လူတန်းစားသည် ၎င်းစိုးမိုးသော ကမ္ဘာမျိုးကို အကောင်းဆုံးကမ္ဘာအဖြစ် ဓမ္မတာအတိုင်း ထင်မှတ်ကြသည်။ ဓနရှင်ဆိုရှယ်လစ်ဝါဒသည် ဤနှစ်လိုဖွယ်ရာ အယူအဆကို အနည်းနှင့် အများပြည့်စုံသော စနစ်အမျိုးမျိုးအဖြစ်သို့ ဖြစ်ပေါ်တိုးပွားပေးလိုက်သည်။ ဤသို့သော စနစ်ကိုလုပ်ဆောင်ရန်အတွက် ပစ္စည်းမဲ့လူတန်းစားကို အလိုရှိကြသည်။ ဤသို့အားဖြင့် လူမှုရေး ဂျေရုစလင်မြို့တော်သစ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ချီတက်သွားရန်ဖြစ်၏။ တကယ်တမ်း သူတို့ အလိုရှိသည်မှာ ပစ္စည်းမဲ့လူတန်းစားသည် ဓနရှင်လူတန်းစားအပေါ် မုန်းတီးသည့် အတွေးအခေါ်အားလုံးကို စွန့်ပယ်ပစ်၍ တည်ရှိနေသော လူ့အဖွဲ့အစည်းဘောင်အတွင်းတွင် ဆက်လက်နေရန်သာ ဖြစ်သည်။

ဤဆိုရှယ်လစ်ဝါဒ၏ စနစ်ကျမှုနည်းပါးသော်လည်း ပိုမိုလက်တွေ့ကျသော အခြားသဏ္ဌာန်သည် နိုင်ငံရေးပြုပြင်မှု သက်သက်မဟုတ်ဘဲ ဘဝတည်ရှိရေး ရုပ်ဝတ္ထု အကြောင်းအချက်များ စီးပွားရေးဆက်ဆံမှုများတွင် ပြောင်းလဲမှုကသာလျှင် အလုပ်သမားလူတန်းစားအတွက် တစုံတရာ အကျိုးရှိလိမ့်မည်ဟု ပြသသည်။ ဤသို့အားဖြင့် အလုပ်သမားလူတန်းစားအား တော်လှန်ရေးလှုပ်ရှားမှုတိုင်းကို အထင်အမြင်သေးလာအောင် ကြိုးစားသည်။ သို့စေကာမူ ဤဆိုရှယ်လစ်ဝါဒ သဏ္ဌာန်က ဘဝတည်ရှိရေး ရုပ်ဝတ္ထုအကြောင်း အချက်များ ပြောင်းလဲမှုသည် တော်လှန်ရေးတခုဖြင့် ဓနရှင်ထုတ်လုပ်ရေး ဆက်ဆံမှုများကို ဖျက်သိမ်းခြင်း အလျဉ်းမဟုတ်ဘဲ ဤဆက်ဆံရေးများ ဆက်လက်တည်ရှိမှုအပေါ် အခြေခံသည့် အုပ်ချုပ်ရေးပြုပြင်မှုများအဖြစ်သာ နားလည်ကြသည်။ ထို့ကြောင့် အရင်းအနှီးနှင့် အလုပ်[၄၆] အကြားရှိ ဆက်ဆံရေးများကို မည်သို့မျှ မထိခိုက်စေသော ဓနရှင်အစိုးရအတွက် အကုန် အကျသက်သာရန်နှင့် အုပ်ချုပ်မှုလုပ်ငန်း လွယ်ကူရန် ပြုပြင်မှုများသာ အများဆုံး ဖြစ်နိုင်ပေသည်။

ဓနရှင်ဆိုရှယ်လစ်ဝါဒ၏ ပြည့်စုံသော ဖော်ပြချက်မှာ မိန့်ခွန်းခြွေရာတွင် ပေါ်လွင်လျက်ရှိသည်။

အလုပ်သမားလူတန်းစား အကျိုးအတွက် လွတ်လပ်စွာ ကုန်သွယ်ရေး၊ အလုပ်သမားလူတန်းစား အကျိုးအတွက် ကာကွယ်မှု အကောက်အခွန်များ၊ အလုပ်သမားလူတန်းစား အကျိုးအတွက် အကျဉ်းထောင်ပြုပြင်ရေး[၅၇]၊ ဤသည်တို့ကား ဓနရှင်ဆိုရှယ်လစ်ဝါဒ၏ နောက်ဆုံးစကားနှင့် တခုတည်းသော လေးနက်သည့် အဓိပ္ပာယ်ဖွင့်ချက်ဖြစ်၏။

ဓနရှင်သည် ဓနရှင်ဖြစ်ရသည်မှာ အလုပ်သမားလူတန်းစား အကျိုးအတွက်ဖြစ်သည်ဟူသော စာပိုဒ်ဖြင့် ဓနရှင်ဆိုရှယ်လစ်ဝါဒကို နိဂုံးချုပ်လိုက်ပေသတည်း။

## ၃။ ဝေဖန်ရေး စိတ်ကူးယဉ်ဆိုရှယ်လစ်ဝါဒနှင့် ကွန်မြူနစ်ဝါဒ

ကြီးမားသော ခေတ်သစ်တော်လှန်ရေးတိုင်းတွင် ဘာဘက်ဖ်နှင့် အခြားစာရေးဆရာများ၏ ရေးသားချက်များကဲ့သို့သော ပစ္စည်းမဲ့လူတန်းစား၏ တောင်းဆိုချက်များကို ဖော်ထုတ်သည့် စာပေများအား ဤနေရာတွင် ကျွန်တော်တို့ မကိုးကားတော့ပါ။

ပဒေသရာဇ်လူ့အဖွဲ့အစည်းကို ဖြိုချလိုက်၍ တလောကလုံး လှုပ်လှုပ်ရွရွဖြစ်နေချိန်တွင် ထိုစဉ်က ပစ္စည်းမဲ့လူတန်းစား၏ မဖွံ့ဖြိုးသေးသော အခြေအနေကြောင့်လည်းကောင်း၊ ကျရောက်အံ့ဆဲဆဲ ဓနရှင်ခေတ်ကာလ တခုတည်းကသာလျှင် ထုတ်လုပ်ပေးနိုင်သော၊ ထုတ်လုပ်ရန်လိုသေးသော၊ ပစ္စည်းမဲ့လူတန်းစားလွတ်မြောက်ရေးအတွက် စီးပွားရေး အကြောင်းအချက်များ မရှိသေးသောကြောင့်လည်းကောင်း ပစ္စည်းမဲ့လူတန်းစားက မိမိရည်မှန်းချက်များအတွက် ပထမအကြိမ် တိုက်ရိုက်ကြိုးပမ်းမှုများသည် မလွဲမရှောင်သာဘဲ ဆုံးရှုံးသွားခဲ့ရသည်။ ပစ္စည်းမဲ့လူတန်းစား၏ ဤအစောပိုင်းလှုပ်ရှားမှုများနှင့် တွဲလျက်ပါလာသော တော်လှန်ရေးစာပေသည် မလွဲမသွေဖောက်ပြန်သော လက္ခဏာဆောင်ပေသည်။ ၎င်းစာပေက အကျယ်အပြန့် ချုပ်တည်းရေးဝါဒနှင့် လူမှုတန်းတူရေးပုံကြမ်းကို သွတ်သွင်းပေးသည်။

စိန့်–ဆိုင်မွန်၊ ဖိုးရီးယား၊ အိုဝင်နှင့် အခြားသူများ၏ ဆိုရှယ်လစ်နှင့် ကွန်မြူနစ်စနစ်များဟူ၍ လျော်ကန်စွာ မှည့်ခေါ်ထားသည့် စနစ်များသည်

အထက်တွင် ဖော်ပြခဲ့သည့် ပစ္စည်း မဲ့လူတန်းစားနှင့် ခေရှင်လူတန်းစားအကြား တိုက်ပွဲ မဖွံ့ဖြိုးသေးသော အစောပိုင်းကာလက ပေါ်ထွက်လာခဲ့သည်။ (အခန်း ၁၊ ခေရှင်များနှင့် ပစ္စည်းမဲ့များတွင် ကြည့်ပါ။)

ဤစနစ်များကို စတင်တွေ့ရှိသူများသည် အမှန်ပင် လူတန်းစား ရန်ဘက်ဖြစ်မှုနှင့်တကွ လွှမ်းမိုးနေသော လူ့အဖွဲ့အစည်း သဏ္ဍာန်အတွင်းရှိ ပြိုကျနေသော အစိတ်အပိုင်းများ၏ ပြုမူလှုပ်ရှားမှုကို တွေ့မြင်ကြသည်။ သို့ သော်  နုနယ်သေးသော ပစ္စည်းမဲ့လူတန်းစားသည် မည်သည့်သမိုင်းဆိုင်ရာ စွမ်းဆောင်မှု၊ သို့မဟုတ် မည်သည့် အမှီအခိုကင်းသော နိုင်ငံရေးလှုပ်ရှားမှုမှ မရှိသောလူတန်းစား ဖြစ်သည်ဟု သူတို့မြင်ကြသည်။

လူတန်းစားရန်ဘက်ဖြစ်မှု တိုးပွားခြင်းသည် စက်မှုလုပ်ငန်းတိုးပွားမှု နှင့်အတူ လိုက်ပါလာသည့်အတိုင်း မျက်မှောက်စီးပွားရေး အခြေအနေတွင် ပစ္စည်းမဲ့လူတန်းစား လွတ်မြောက်ရေးအတွက် ရုပ်ဝတ္ထုအကြောင်းအချက်များကို သူတို့မတွေ့ရှိနိုင်သေးပေ။ ထို့ကြောင့် သူတို့သည် ဤအကြောင်းအချက်များကို ဖန်တီးလာနိုင်စရာရှိသည့် သစ်လွင်သော လူမှုရေးဝိဇ္ဇာပညာ၊ သစ်လွင်သော လူမှုရေးတရားများကို လိုက်လံရှာဖွေ ကြတော့သည်။

သမိုင်းဆိုင်ရာ ပြုမူလှုပ်ရှားမှုကို တဦးချင်းတီထွင်သော ပြုမူလှုပ်ရှား မှုဖြင့်လည်းကောင်း၊ သမိုင်းကဖန်တီးသော လွတ်မြောက်ရေးအကြောင်းအချက် များကို စိတ်ကူးယဉ် အကြောင်းအချက်များဖြင့်လည်းကောင်း၊ တစတစ အားဖြင့် အလိုအလျောက်ဖြစ်ပေါ်လာသော ပစ္စည်းမဲ့များ၏ လူတန်းစားအဖွဲ့ အစည်းနေရာတွင် ဤတီထွင်သူများက အထူးကြံဆထားသော လူမှုအစည်း အရုံးတခုဖြင့်လည်းကောင်း အစားထိုးရန်ဖြစ်သည်။ သူတို့ အမြင်အရဆိုပါမူ အနာဂတ်သမိုင်းသည် သူတို့၏ လူမှုရေးစီမံကိန်းများကို ဝါဒဖြန့်ချိရန်နှင့် လက်တွေ့လုပ်ဆောင်ရန်သာ ဖြစ်ပေသည်။

သူတို့၏ စီမံကိန်းများရေးဆွဲရာတွင် အဓိကအားဖြင့် ဒုက္ခအခံ စားရဆုံးသော လူတန်းစားဖြစ်သည့် အလုပ်သမားလူတန်းစား၏ အကျိုးစီးပွား ကို ဂရုပြုကြသည်။ သူတို့ အမြင်အရ ပစ္စည်းမဲ့လူတန်းစားသည် ဒုက္ခအခံစား ရဆုံးသော လူတန်းစားတရပ်မျှသာ ဖြစ် ၏။

လူတန်းစားတိုက်ပွဲ မဖွံ့ဖြိုးသော အခြေအနေနှင့်တကွ သူတို့၏

ကိုယ်ပိုင်ပတ်ဝန်းကျင်များက ဤသို့သော ဆိုရှယ်လစ်များအား သူတို့ကိုယ်သူတို့ လူတန်းစားရန်ဘက်ဖြစ်မှု အားလုံး၏ အထက်တွင် ကင်းကင်းရှင်းရှင်း ရပ်တည်လျက်ရှိသည်ဟု ယူဆစေသည်။ သူတို့သည် အကောင်းဆုံးသော အခြေအနေတွင် ရောက်ရှိနေသူများ အပါအဝင် လူ့အဖွဲ့အစည်းဝင်တိုင်း၏ အခြေအနေကိုပင် ကောင်းအောင်ပြုပြင်လိုကြသည်။ ထို့ကြောင့် သူတို့သည် လူတန်းစားခွဲခြားခြင်းမရှိဘဲ လူ့အဖွဲ့အစည်းတခုလုံးကို မေတ္တာရပ်ခံလေ့ရှိကြသည်။ ထိုမျှမက အုပ်စိုးသူလူတန်းစားကို ဦးစားပေးပြီး မေတ္တာရပ်ခံလေ့ရှိကြသည်။ သူတို့၏ စနစ်ကို နားလည်သည်နှင့်တပြိုင်နက် အကောင်းဆုံးဖြစ်နိုင်သော လူ့အဖွဲ့အစည်း အခြေအနေတွင် အကောင်းဆုံးဖြစ်နိုင်သည့် စီမံကိန်းများ ဖြစ်သည်ကို လူအများက နားမလည်ဘဲ ရှိနိုင်ပါမည်လော?

ထို့ကြောင့် သူတို့သည် နိုင်ငံရေးပြုမှုလှုပ်ရှားမှုမှန်သမျှ အထူးသဖြင့် တော်လှန်ရေး ပြုမှုလှုပ်ရှားမှုမှန်သမျှကို ပယ်ချကြသည်။ သူတို့၏ ရည်မှန်းချက်ကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် ရရှိလိုကြ၏။ မုချဆုံးရှုံးရမည်ဖြစ်သော လက်တွေ့စမ်းသပ်မှုကလေးများဖြင့်လည်းကောင်း၊ စံပြလုပ်ပြခြင်းအားဖြင့်လည်းကောင်း လူမှုရေးဘာသာတရားသစ်ကို လမ်းဖွင့်ပေးရန် ကြိုးစားကြသည်။

ပစ္စည်းမဲ့လူတန်းစား အလွန်မဖွံ့ဖြိုးသေးသော အခြေအနေနှင့် မိမိအဆင့်နေရာအပေါ် စိတ်ကူးယဉ်ယူဆနေစဉ်တွင် လူ့အဖွဲ့အစည်း အထွေထွေပြန်လည်တည်ဆောက်ရေးအတွက် ဦးစွာတောင့်တချက်နှင့် လိုက်လျောသည့် ဤသို့သော အနာဂတ် လူ့အဖွဲ့အစည်း၏ စိတ်ကူးယဉ်ပုံကားချပ်ကို ရေးခြယ်ခဲ့ကြပေသည်။

သို့စေကာမူ ဤဆိုရှယ်လစ်နှင့် ကွန်မြူနစ်အရေးအသားများတွင် ဝေဖန်သည့် အစိတ်အပိုင်းလည်း ပါရှိပေသည်။ ၎င်းတို့သည် တည်ရှိနေသော လူ့အဖွဲ့အစည်း၏ မူမှန်သမျှကို ထိုးနှက်တိုက်ခိုက်ကြသည်။ ထို့ကြောင့် ဤအရေးအသားများတွင် အလုပ်သမားလူတန်းစား၏ အသိဉာဏ်ပွင့်လင်းရေးအတွက် အဖိုးထိုက်တန်ဆုံးသော အချက်အလက်များဖြင့် ပြည့်လျှံနေသည်။ မြို့နှင့်တောအကြားခြားနားမှု[၆၈] မိသားစုစနစ်၊ ပုဂ္ဂလိက တဦးချင်းများအတွက် စက်မှုလုပ်ငန်းများ လုပ်ကိုင်ခြင်းနှင့် အခစားအလုပ်စနစ်တို့ကို ဖျက်သိမ်းပစ်ရေး၊ လူမှုသင့်မြတ်မှုကို ကြေညာရေး၊ နိုင်ငံတော်လုပ်ငန်း ဆောင်တာများကို

ထုတ်လုပ်ရေးစီမံခန့်ခွဲမှု သက်သက်အဖြစ် ပြောင်းလဲပစ်ရေး၊ ဤလက်တွေ့ ဆောင်ရွက်ရန် တင်ပြချက်[၄၆] အားလုံးသည် ထိုအချိန်က ပေါ်ထွက်လာခါစ ဖြစ်သော လူတန်းစားရန်ဘက်ဖြစ်မှု ကွယ်ပျောက်ရေးကိုသာလျှင် ညွှန်ပြသည်။ ယင်းလူတန်းစား ရန်ဘက်ဖြစ်မှုများကို သူတို့၏ စာအုပ်စာတမ်းများတွင် အစောဆုံးသော၊ မပြတ်သားသော၊ မတိကျသော သဏ္ဍာန်များဖြင့်သာ အသိအမှတ်ပြုထားသည်။ ထို့ကြောင့်ဤတင်ပြချက်များသည် စိတ်ကူးယဉ်သက်သက် လက္ခဏာသာ ဆောင်ပေသည်။

ဝေဖန်ရေး စိတ်ကူးယဉ်ဆိုရှယ်လစ်ဝါဒနှင့် ကွန်မြူနစ်ဝါဒ၏ အဓိပ္ပာယ်သည် သမိုင်းဖြစ်ပေါ်တိုးပွားမှုနှင့် ဗီလာဖြစ်နေသည်။ ခေတ်သစ်လူတန်းစားတိုက်ပွဲ ဖြစ်ပေါ်တိုးပွားလာကာ တိကျသော သဏ္ဍာန်ဆောင်လာသည်နှင့်အမျှ လူတန်းစားတိုက်ပွဲမှ ကင်းကွာသော လူတန်းစားတိုက်ပွဲကို ထိုးနှက်သော ဤစိတ်ကူးယဉ်ရပ်တည်ချက်သည် ၎င်း၏ လက်တွေ့အဓိပ္ပာယ်နှင့် သဘောတရားခိုင်လုံမှု အားလုံး ဆုံးပါးသွားတော့သည်။ ထို့ကြောင့် ဤစနစ်များကို စတင်သူများသည် ဘက်ပေါင်းများစွာတွင် တော်လှန်ရေးဆန်စေကာမူ သူတို့၏ တပည့်တပန်းများသည် အစဉ်အမြဲပင် ဖောက်ပြန်သော ဂိုဏ်းဂဏများ ဖွဲ့လေ့ရှိကြသည်။ သူတို့သည် ပစ္စည်းမဲ့လူတန်းစား၏ တိုးတက်နေသော သမိုင်းဖြစ်ထွန်းမှုကို ဆန့်ကျင်ဘက်ပြုကာ မိမိတို့ဆရာများ၏ မူလအမြင်များကို အသေဆုပ်ကိုင်ထားကြသည်။ ထို့ကြောင့် သူတို့သည် လူတန်းစားတိုက်ပွဲကို ဆုတ်ဆိုင်းသွားအောင်၊ လူတန်းစားရန်ဘက်ဖြစ်မှုကို ပြေငြိမ်းသွားအောင် အစဉ်တစိုက် ကြိုးစားကြသည်။ သူတို့သည် လက်တွေ့စမ်းသပ်မှုမှတဆင့် မိမိတို့၏ စိတ်ကူးယဉ်လူ့အဖွဲ့အစည်း ထူထောင်ရေး၊ သီးခြား **“ဖာလန်စတာရိစ်”** များ၊ “ပြည်တွင်းကိုလိုနီများ” တည်ထောင်ရေး၊ ဂျေရုစလင် မြို့တော်သစ်ကလေး “အငယ်စားအီကာရီယာ”* တည်ထောင်ရေးကို အိပ်မက်မက် နေကြဆဲဖြစ်၏။

* ဖာလန်စတာရိစ်။ ချားလ် ဖိုးရီးယား၏စီမံကိန်းတွင်ပါရှိသောဆိုရှယ်လစ်ကိုလိုနီများဖြစ် သည်။ **အီကာရီယာ**မှာ ကာဘက်က သူ၏စိတ်ကူးယဉ် ဒေသကို ပေးထားသောနာမည်ဖြစ်သည်၊ နောက်ပိုင်း၌ သူ၏ အမေရိကန်ကွန်မြူနစ် ကိုလိုနီကို ဤနာမည်ပေးခဲ့သည်။ (၁၈၈၈ ခုနှစ် အင်္ဂလိပ်ဘာသာ ပုံနှိပ်ခြင်းအတွက် အိန်ဂယ်၏မှတ်ချက်)

ပြည်တွင်းကိုလိုနီများမှာ အိုဝင် က သူ၏စံပြကွန်မြူနစ်အဖွဲ့များကို ခေါ်ဝေါ်ခြင်း

ဤသို့ လေထဲတွင် တိုက်အိမ်များဆောက်ရေးအတွက် ဓနရှင်လူတန်းစား၏ နှလုံးသားနှင့် ငွေအိတ်ကို မလှဲမရှောင်သာ အသနားခံလာရပေ၏။ သူတို့သည် အထက်တွင် ဖော်ပြထားသည့် ဖောက်ပြန်သော သမားရိုးကျဆိုရှယ်လစ်ဝါဒီများ အဖြစ်သို့ တဖြည်းဖြည်း လျှောကျ သွားတော့သည်။ ၎င်းတို့နှင့် မတူသည်မှာကား ပိုမိုစနစ်တကျပညာရှိဆန်မှုနှင့် မိမိတို့၏ လူမှုရေးဝိဇ္ဇာပညာ၏ တန်ခိုးအရှိန် အဝါအပေါ် အယူသည်းမှုနှင့် စွဲလမ်းကြီးစွာ ယုံကြည်မှုသာဖြစ်၏။

ထို့ကြောင့်ပင်လျှင် သူတို့သည် အလုပ်သမားလူတန်းစား၏ နိုင်ငံရေး လှုပ်ရှားမှုမှန်သမျှကို ခါးခါးသီးသီး ဆန့်ကျင်နေကြခြင်း ဖြစ်သည်။ ထိုသို့သော လှုပ်ရှားမှုမှာ ဘာသာတရားသစ်အပေါ် မျက်ကန်းလို မယုံကြည်မှု ရှိမှသာလျှင် ဖြစ်နိုင်သည်ဟု သူတို့က ယူဆကြသည်။

အင်္ဂလန်ပြည်ရှိ အိုဝင်ဝါဒီများသည် ချာ့တစ်စ်လှုပ်ရှားမှု[၅၀] ကို ဆန့်ကျင်ကာ ပြင်သစ်ပြည်ရှိ ဖိုးရီးယားဝါဒီများသည် **ပြုပြင်ရေးဝါဒီများ**** ကို ဆန့်ကျင်ကြသည်။

ဖြစ်သည်။ **ဖာလန်စတာရိစ်**မှာ ဖိုရီးယား စီမံထားသည့် ပြည်သူ့နန်းတော်များ၏ အမည်ဖြစ်သည်။ **အီကာရီယာ**မှာ ကာဘက်သရုပ်ဖော်ထားသော ကွန်မြူနစ်အဆောက် အအုံများရှိသည့် စိတ်ကူးယဉ် ဆန်းကျယ်သော နယ်မြေအမည် ဖြစ်သည်။ (၁၈၉၀ ခုနှစ် ဂျာမန်ဘာသာ ပုံနှိပ်ခြင်း အတွက် အိန်ဂယ်၏ မှတ်ချက်)

** ၁၈၄၃ ခုနှစ်မှ ၁၈၅၀ ခုနှစ်အထိ ပဲရစ်မြို့တွင် ထုတ်ဝေခဲ့သော **ရီဖော်မီ** သတင်းစာ၏ ဘက်တော်သားများကို ဆိုလိုသည်။ (အယ်ဒီတာ)

# အခန်း (၄)
# တည်ရှိနေသော ဆန့်ကျင်ဘက်ပါတီ အသီးသီးအပေါ် ကွန်မြူနစ်များ၏ သဘောထား

အင်္ဂလန်ပြည်ရှိ ချားတစ်စ်ဝါဒီများနှင့် မြောက်အမေရိကတိုက်ရှိ မြေယာပြုပြင်ရေးသမားများကဲ့သို့သော တည်ရှိနေသော အလုပ်သမား လူတန်းစားပါတီများ[၅၁]နှင့် ကွန်မြူနစ်တို့၏ ဆက်ဆံရေးများကို အခန်း (၂) တွင် ရှင်းပြခဲ့ပြီးဖြစ်သည်။

ကွန်မြူနစ်များသည် လောလောဆယ် ရည်ရွယ်ချက်ရရှိရေးနှင့် အလုပ်သမားလူတန်းစား၏ လတ်တလော အကျိုးစီးပွား အကောင်အထည်ဖော်ရေးအတွက် တိုက်ပွဲဝင်ကြသည်။ သို့သော် မျက်မှောက်လှုပ်ရှားမှုတွင် သူတို့သည် ထိုလှုပ်ရှားမှု၏ အနာဂတ်ကိုလည်း ကိုယ်စားပြုကာ ဂရုစိုက်ကြသည်။ ပြင်သစ်ပြည်တွင် သမားရိုးကျနှင့် ရယ်ဒီကယ် ခေနရှင်လူတန်းစားကို ဆန့်ကျင်ရာ၌ ကွန်မြူနစ်များသည် ဆိုရှယ်လစ် ဒီမိုကရက်များ* နှင့် ပူးပေါင်းကြသည်။

---

* ၎င်းပါတီကို ပါလီမန်လွှတ်တော်တွင် လီဒရူးရိုလင်၊ စာပေရေးရာတွင် လူဝီဘလန့်၊ နေ့စဉ်သတင်းစာ နယ်ပယ်တွင် **ရီဖော်မီ**တို့က ကိုယ်စားပြုသည်။ ဆိုရှယ်လစ်ဒီမိုကရေစီ နာမည်နှင့်တကွ ၎င်းကို တီထွင်သူများဆိုသည်မှာ ဒီမိုကရက်တစ် သို့မဟုတ် ရီပတ်ပလစ်ကင်ပါတီထဲမှ အနည်းနှင့်အများ ဆိုရှယ်လစ် အသွေးအရောင်ပါရှိသော အစိတ်အပိုင်းတခုကို ဆိုလိုသည်။ (၁၈၈၈ ခုနှစ် အင်္ဂလိပ်ဘာသာ ပုံနှိပ်ခြင်းအတွက် အိန်ဂယ်၏မှတ်ချက်။)

ပြင်သစ်ပြည်တွင် ထိုအချိန်က ဆိုရှယ်လစ်ဒီမိုကရက်တစ်ပါတီဟု မိမိဘာသာခေါ်တွင်သော ပါတီကို နိုင်ငံရေးဘဝတွင် လီဒရူးရိုလင်က ကိုယ်စားပြုသည်။ စာပေရေးရာတွင် လူဝီဘလန့်က ကိုယ်စားပြုသည်။ ဤသို့အားဖြင့် ယနေ့ ဂျာမန်ဆိုရှယ်ဒီမိုကရေစီနှင့် မိုးနှင့်မြေကြီးပမာ ကွာခြားလှ၏။ (၁၈၉၀ ခုနှစ် ဂျာမန်ဘာသာ ပုံနှိပ်ခြင်းအတွက် အိန်ဂယ်၏မှတ်ချက်)

သို့စေကာမူ တော်လှန်ရေးကြီးမှ အစဉ်အလာ ဆင်းသက်လာသော စာပိုဒ်များ၊ စိတ်ကူးယဉ် မှုများနှင့်ပတ်သက်၍ ဝေဖန်ရန် အခွင့်အရေးကို မစွန့်လွှတ်ပေ။

ဆွစ်ဇာလန်ပြည်တွင် သူတို့သည် ရယ်ဒီကယ်များကို ထောက်ခံကြသည်။ ၎င်းပါတီတွင် ပြင်သစ်ပုံစံ ဒီမိုကရေစီဆိုရှယ်လစ်များက တစိတ်တပိုင်း၊ ရယ်ဒီကယ် ဓနရှင်များက တစိတ်တပိုင်း ရန်ဘက်ဖြစ်နေသော အပိုင်းများ ပါဝင်နေသည်ကို မျက်ခြည် မပြတ်ပေ။

ပိုလန်ပြည်တွင် မြေယာတော်လှန်ရေးကို အမျိုးသား လွတ်မြောက်ရေးအတွက် အဓိကအကြောင်းအချက်အဖြစ် တောင်းဆိုသော ၁၈၄၆ ခုနှစ် ကရာကောမြို့ပုန်ကန်ထကြွမှုကို လှုံ့ဆော်ခဲ့သော ပါတီအား ကွန်မြူနစ်များက ထောက်ခံကြသည်။

ဂျာမဏီပြည်တွင် ဓနရှင်လူတန်းစားက တော်လှန်ရေးလမ်းကြောင်းအတိုင်း ပြုမူသည်နှင့်အမျှ ကွန်မြူနစ်ပါတီသည် ၎င်းတို့နှင့်အတူတကွ သက်ဦးဆံပိုင်ဘုရင်၊ ပဒေသ ရာဇ်မြေယာပိုင်ဆိုင်မှုနှင့် ဓနရှင်ပေါက်စလူတန်းစား* တို့ကို ဆန့်ကျင်တိုက်ပွဲဝင်ကြသည်။

သို့သော် ဓနရှင်လူတန်းစားနှင့် ပစ္စည်းမဲ့လူတန်းစားအကြား ရန်ဘက်အတိုက်အခံဖြစ်မှုနှင့် ပတ်သက်၍ ဖြစ်နိုင်သည့် ရှင်းလင်းပြတ်သားသောအသိကို အလုပ်သမား လူတန်းစားအတွင်းသို့ သွတ်သွင်းပေးရန် ကွန်မြူနစ်များသည် ခဏာတာမျှပင် မရပ်နားခဲ့ပေ။ ဤသို့အားဖြင့် ဓနရှင်လူတန်းစားစိုးမိုးမှုက မလွဲမသွေဆောင်ကြဉ်းလာမည့် လူမှုရေးနှင့် နိုင်ငံရေးအကြောင်းအချက်များကို ၎င်းအား ဆန့်ကျင်သည့်လက်နက်အဖြစ် ဂျာမန်အလုပ်သမားများက ချက်ချင်းအသုံးချနိုင်စေရန်ဖြစ်၏။ ဂျာမဏီပြည်တွင် ဖောက်ပြန်သော လူတန်းစားများကို ဖြိုချပြီးသည့်နောက် ဓနရှင်လူတန်းစားအား ဆန့်ကျင်သည့် တိုက်ပွဲကို ချက်ချင်းစတင်နိုင်ရေး ဖြစ်ပေ၏။

ကွန်မြူနစ်များသည် အဓိကအားဖြင့် ဂျာမဏီပြည်ကို အာရုံစိုက်ကြ

* ဂျာမန်ဘာသာမူရင်းတွင် **ကလိန်းဘာဂျယ်ရီ**ဆိုသော စကားလုံးဖြစ်သည်။ မာ့က်စ်နှင့် အိန်ဂယ်တို့သည် မြို့နေဓနရှင်ပေါက်စလူတန်းစား၏ ဖောက်ပြန်သော အစိတ်အပိုင်း များကို ဖော်ပြရာတွင် ဤစကားလုံးကို အသုံးပြုသည်။ (အယ်ဒီတာ)

သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတိုင်းပြည်သည် ဥရောပယဉ်ကျေးမှု၏ ပိုမိုရှေ့တန်းရောက်သော အကြောင်းအချက်များအောက်တွင် ၁၇ ရာစု အင်္ဂလန်ပြည်နှင့် ၁၈ ရာစု ပြင်သစ်ပြည် ပစ္စည်းမဲ့လူတန်းစားတို့ထက် ပိုမိုဖြစ်ပေါ် တိုးပွားလာသည့် ပစ္စည်းမဲ့လူတန်းစားဖြင့် ဆင်နွဲရမည့် ဓနရှင်တော်လှန်ရေး အကြိုကာလသို့ ရောက်ရှိနေသောကြောင့် ဖြစ်သည်။ ထို့ပြင် ဂျာမဏီပြည် ဓနရှင်တော်လှန်ရေးသည် ချက်ချင်းလိုက်ပါလာမည့် ပစ္စည်းမဲ့တော်လှန်ရေး၏ ရှေ့တော်ပြေး ဖြစ်သောကြောင့်တည်း။

အတိုချုပ်လိုက်ပါမူ ကွန်မြူနစ်များသည် တည်ရှိနေသော လူမှုရေးနှင့် နိုင်ငံရေးစနစ်ကို ဦးတည်ဆန့်ကျင်သည့် တော်လှန်ရေး လှုပ်ရှားမှုမှန်သမျှကို နေရာတိုင်း၌ ထောက်ခံကြပေသည်။

ထိုအချိန်က လှုပ်ရှားမှု၏ ဖြစ်ပေါ်တိုးပွားမှုအဆင့် မည်သို့ပင်ရှိစေ လှုပ်ရှားမှု အားလုံးတွင် ကွန်မြူနစ်များသည် ပိုင်ဆိုင်မှုပြဿနာကို ထိပ်တန်း ပြဿနာအဖြစ် ရှေ့တန်းတင်ထားပေသည်။

နိဂုံးချုပ်အားဖြင့် ကွန်မြူနစ်များသည် တိုင်းပြည်အားလုံးရှိ ဒီမိုကရေစီ ပါတီများနှင့် ညီညွတ်ရေး၊ သဘောတူညီချက်ရယူရေးကို နေရာတကာ၌ ကြိုးပမ်းကြ၏။

ကွန်မြူနစ်များသည် မိမိတို့၏အမြင်နှင့် ရည်ရွယ်ချက်များကို ဖုံးကွယ် ထိမ်ဝှက်ထားရန် မုန်းတီးရွံရှာကြသည်။ တည်ရှိနေသော လူမှုရေးအခြေ အနေ အားလုံးကို အကြမ်းဖက်သောနည်းဖြင့် ဖြိုချဖျက်ဆီးပစ်နိုင်မှသာ မိမိတို့၏ ရည်မှန်းချက်ကို ရရှိနိုင်လိမ့်မည်ဟု ပြောင်အတိအလင်း ကြေညာသည်။ ကွန်မြူနစ်တော်လှန်ရေးကို အုပ်စိုးသောလူတန်းစားများက ထိတ်လန့်ပြီး ကြောက် ဒူးတုန်နေကြပါစေ၊ ပစ္စည်းမဲ့များအတွက်ကား သူတို့ကို တုပ်နှောင်ထားသော နှောင်ကြိုးများမှအပ ဆုံးရှုံးစရာဟူ၍မရှိ။ သူတို့စိုးပိုင်ရမည်ကား တကမ္ဘာလုံး ပင်တည်း။ ။

## **တိုင်းပြည်အားလုံးရှိ အလုပ်သမားများ သွေးစည်းကြလော့!**[၃၃]

# နောက်ဆက်တွဲ

## ဘာသာပြန်အဖွဲ့၏ မှတ်ချက်

ဤစာအုပ်မှာ ၁၉၄၉ ခုနှစ် နိုင်ငံခြားဘာသာ ထုတ်ဝေရေးဌာန မော်စကိုမှ ထုတ်ဝေခဲ့သော အင်္ဂလိပ်ဘာသာပြန်စာမူကို အခြေခံထားကာ အသစ်တဖန် ဘာသာပြန်ထားခြင်း ဖြစ်သည်။ ၎င်းစာမူမှာ ၁၈၈၈ ခုနှစ်တွင် ဆယ်မြူရယ်မိုး၏ ဘာသာပြန်ဆိုချက်ကို ဖရက်ဒရစ်– အိန်ဂယ်ကိုယ်တိုင် တည်းဖြတ်ထားသော အင်္ဂလိပ်ဘာသာ စာမူဖြစ်၏။

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဝါဒဖြန့်ချိရေးဌာန ဘာသာပြန်အဖွဲ့သည် ဘာသာပြန်စာမူကို တည်းဖြတ်ရာတွင် ဂျာမန်ဘာသာစာမူရင်းမှ တိုက်ရိုက်ဘာသာပြန်ထားသည့် ရုရှားဘာသာပုံနှိပ်ခြင်း (မာ့က်စ်၊ အိန်ဂယ် ကျမ်းပေါင်းစုံ၊ ဒုတိယပုံနှိပ်ခြင်း၊ အတွဲ ၄၊ မော်စကို ၁၉၅၅ ခုနှစ်) နှင့် တရုတ်ဘာသာပုံနှိပ်ခြင်း (မာ့က်စ်၊ အိန်ဂယ် လက်ရွေးစင်ကျမ်း အတွဲ ၁၊ ပီကင်း ၁၉၇၅ ခုနှစ်) တို့ကို အထောက်အကူအဖြစ် ကိုးကားညှိနှိုင်းခဲ့ပါသည်။

ဤစာအုပ်တွင် ဖော်ပြထားသော စာမျက်နှာအောက်ခြေရှိ အယ်ဒီတာ၏ မှတ်ချက်များမှာ ၁၉၄၉ ခုနှစ်ထုတ် အင်္ဂလိပ်ဘာသာပြန်စာအုပ် အယ်ဒီတာ၏ မှတ်ချက်များဖြစ်သည်။ စာအုပ်နောက်ဆက်တွဲတွင် ဖော်ပြထားသည့် ဂျာမန်ဘာသာ စာမူရင်း နှင့်မတူသော စကားလုံးများနှင့် စာပိုဒ်များ၊ သမိုင်းဆိုင်ရာ အချက်အလက်များနှင့် အမည်အညွှန်းများမှာ ဘာသာပြန်အဖွဲ့မှ ရေးသားထားချက်များ ဖြစ်သည်။

**"ကွန်မြူနစ်ပါတီကြေညာစာတမ်း**သည် ဝိဇ္ဇာနည်းကျ ကွန်မြူနစ်

ဝါဒ၏ ကြီးမားသောလုပ်ငန်းစဉ် စာတမ်းဖြစ်ပေ၏။ ဗီ အိုင် လီနင်က ‘ဤစာအုပ်ငယ်သည် ကျမ်း ပေါင်းစုံတခုလုံးတမျှ တန်ဖိုးရှိပေသည်။ ယဉ်ကျေးသောကမ္ဘာရှိ စည်းရုံးမှုရှိသည့် တိုက်ပွဲ ဝင်ပစ္စည်းမဲ့လူတန်းစား တရပ်လုံးသည် ယနေ့တိုင် ၎င်း၏စိတ်ဓာတ်ပေါ်တွင် ရှင်သန် လှုပ်ရှားနေပေသည်’ ဟု ရေးသားခဲ့သည်။

“ကားလ်မာ့က်စ်နှင့် ဖရက်ဒရစ်အိန်ဂယ်တို့က ကွန်မြူနစ်အဖွဲ့ချုပ်၏ လုပ်ငန်းစဉ်အဖြစ် **ကွန်မြူနစ်ပါတီကြေညာစာတမ်း** ကို ရေးသားခဲ့ကြပြီး ၁၈၄၈ ခုနှစ် ဖေဖော်ဝါရီလတွင် စာမျက်နှာ ၂၃ မျက်နှာပါရှိသော စာအုပ်ငယ်အဖြစ် အင်္ဂလန်ပြည် လန်ဒန်မြို့တွင် ပုံနှိပ်ထုတ်ဝေလိုက်သည်။ ၁၈၄၈ ခုနှစ် မတ်လမှ ဇူလိုင်လအတွင်း ဂျာမန်အမျိုးသား နိုင်ငံရေးခိုလှုံသူများ၏ နိုင်ငံရေးကြွေးကြော်သံဖြစ်သော **ဂျာမန်– လန်ဒန် သတင်းစာ**တွင် ထည့်သွင်းဖော်ပြခဲ့၏။ ၎င်းနှစ်မှာပင် စာမျက်နှာ ၃၀ ပါရှိသော စာအုပ်ငယ်အဖြစ် ထပ်မံထုတ်ဝေခဲ့သည်။ ပထမအကြိမ်ထုတ်ဝေရာတွင် ပါရှိနေသည့် ပုံနှိပ်စာလုံး အမှားအချို့နှင့် စာအဖြတ်အတောက်များကို ပြင်ဆင်ခဲ့သည်။ ၎င်းစာမူကို နောင်တွင် မာ့က်စ်နှင့် အိန်ဂယ်တို့၏ သဘောတူခွင့်ပြုချက်ဖြင့် ထုတ်ဝေမည့် ပုံနှိပ်ခြင်းများအတွက် အခြေခံအဖြစ်ထားရှိသည်။ ၁၈၄၈ ခုနှစ်တွင် ကြေညာစာတမ်းကို ဥရောပဘာသာများ (ပြင်သစ်၊ ပိုလန်၊ အီတလီ၊ ဒတ်ချ်၊ ဖလမ်းမစ်နှင့် ဆွီဒင်ဘာသာ) ဖြင့် ဘာသာပြန်ဆိုကြသည်။ ၁၈၄၈ ခုနှစ် ပုံနှိပ်ခြင်းများတွင် **ကြေညာစာတမ်း** ရေးသားသူ၏ အမည်များကို ဖော်ပြမထားပေ။ သူတို့၏အမည်ကို ၁၈၅၀ ခုနှစ်တွင် ပထမဆုံးဖော်ပြခဲ့သည်မှာ အင်္ဂလန်ပြည် ချားတစ်စ်လှုပ်ရှားမှု၏ ကြွေးကြော်သံ **ရက်ဒ်ရီပတ်ပလစ်ကင်** ဂျာနယ်တွင် ပါရှိသည့် အင်္ဂလိပ်ဘာသာပြန်တွင် ဖြစ်သည်။ နိဒါန်းကို ၎င်းဂျာနယ်၏ အယ်ဒီတာ ဂျော့– ဂျူလီယန်ဟာနေ က ရေးသားခဲ့သည်။

“၁၈၇၂ ခုနှစ်တွင် မာ့က်စ်နှင့် အိန်ဂယ်တို့က အနည်းငယ်ပြင်ဆင်ကာ သူတို့ နှစ်ဦးရေးသားထားသော နိဒါန်းများနှင့်အတူ **ကြေညာစာတမ်း**ကို ဂျာမန်ဘာသာဖြင့် အသစ်တဖန် ပုံနှိပ်ထုတ်ဝေခဲ့ပေသည်။ ၎င်းသည် ၁၈၈၃ ခုနှစ်မှ ၁၈၉၀ ခုနှစ်အထိ ထုတ် ဝေခဲ့သော ဂျာမန်ဘာသာ ပုံနှိပ်ခြင်းများအတိုင်း **ကွန်မြူနစ်ကြေညာစာတမ်း**ဟူ သော ခေါင်းစဉ်ဖြင့် ပေါ်ထွက်လာခဲ့၏။

“၁၈၈၃ ခုနှစ် ကားလ် မာ့က်စ် ကွယ်လွန်ပြီးသည့်နောက် အိန်ဂယ်၏

စစ်ဆေးတည်းဖြတ်မှုဖြင့် အကြိမ်များစွာ ထုတ်ဝေခဲ့သည်။ ၁၈၈၈ ခုနှစ်တွင် ဆယ်မြူရယ်မိုး ဘာသာပြန်သော အင်္ဂလိပ်ဘာသာ ပုံနှိပ်ခြင်းကို အိန်ဂယ်က စစ်ဆေးကာ နိဒါန်းနှင့် မှတ်ချက်များ ရေးသားခဲ့သည်။ ၁၈၉၀ ခုနှစ်တွင် အိန်ဂယ်၏ နိဒါန်းအသစ်ဖြင့် ဂျာမန်ဘာသာပုံနှိပ်ခြင်း ထွက်ပေါ်လာခဲ့သည်။ နောက်ဆုံး ပုံနှိပ်ခြင်းတွင်လည်း အိန်ဂယ်က မှတ်ချက်အချို့ရေးသားသည်။ ၁၈၈၅ ခုနှစ်တွင် **ဆိုရှယ်လစ်** ဂျာနယ်၌ မာ့က်စ်၏သမီးဖြစ်သူ လော်ရာ– လာဖတ်က ဘာသာပြန်သော ပြင်သစ်ဘာသာဖြင့် ကြေညာစာတမ်းကို ပုံနှိပ်ထုတ်ဝေခဲ့ရာ ၎င်းဘာသာပြန်ကို အိန်ဂယ်က စစ်ဆေးခဲ့၏။ အိန်ဂယ်သည် ၁၈၉၂ ခုနှစ်တွင် ထုတ်ဝေခဲ့သော ပိုလန်ဘာသာပုံနှိပ်ခြင်းနှင့် ၁၈၉၃ ခုနှစ်တွင် ထုတ်ဝေခဲ့သော အီတလီဘာသာ ပုံနှိပ်ခြင်းများအတွက် နိဒါန်းများ ရေးသားထားခဲ့ပေသည်”။ (မာ့က်စ်၊ အိန်ဂယ် ကျမ်းပေါင်းစုံ၊ ဒုတိယပုံနှိပ်ခြင်း၊ အတွဲ– ၄၊ မော်စကို၊ ၁၉၅၅ ခုနှစ်၊ ရုရှားဘာသာ စာမျက်နှာ ၅၇၃)

ယခုထုတ်ဝေသော “ကွန်မြူနစ်ပါတီ ကြေညာစာတမ်း” ဗမာဘာသာပြန်တွင် ဘာသာစကားချင်း ကွဲပြားခြားနားမှု၊ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ကျော်က သမိုင်းကြောင်းအခြေအနေများအပေါ် နားလည်ချက် မပြည့်စုံမှုတို့ကြောင့် အခက်အခဲများ ရှိနေပါသည်။ ထို့ကြောင့် စာဖတ်သူ ရဲဘော်များက ဝေဖန်ချက်နှင့် ထင်မြင်ချက်များ ပေးကြစေလိုပေသည်။

# ရှင်းလင်းချက်

၁။ **ရက်ရီပတ်ပလစ်ကင်** (အနီရောင် သမ္မတဂိုဏ်းသား) သည် ချား တစ်စ် လှုပ်ရှားမှုတွင် ပါဝင်သူများ၏ အပတ်စဉ်ဂျာနယ် ဖြစ်သည်။ ၎င်းဂျာနယ်ကို ဂျော့ ဟာနေ က ၁၈၅၀ ခုနှစ်၊ ဇွန်လမှ နိုဝင်ဘာလ အထိ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ၁၈၅၀ ခုနှစ်၊ နိုဝင်ဘာလထုတ် ဂျာနယ် အမှတ် ၂၁ မှ ၂၄ တွင် **ကွန်မြူနစ်ပါတီ ကြေညာစာတမ်း** ပထမ ဆုံးသော အင်္ဂလိပ်ဘာသာပြန်ဆိုချက်ကို **ဂျာမဏီပြည်ကွန်မြူ နစ်ပါတီ၏ ကြေညာစာတမ်း** ဟူသော အမည်ဖြင့်ထုတ်ဝေခဲ့၏။ (နှာ– ၁၈)

၂။ **ဆိုရှယ်လစ်ဂျာနယ်**သည် အင်တာနေရှင်နယ် ပြင်သစ်ဌာနစိတ်၏ ကြွေးကြော်သံ အပတ်စဉ်ဂျာနယ် ဖြစ်သည်။ နယူးယောက်မြို့၌ ၁၈၇၁ ခုနှစ်၊ အောက်တိုဘာလမှ ၁၈၇၃ ခုနှစ်၊ မေလအထိ ပြင်သစ် ဘာသာဖြင့် ထုတ်ဝေခဲ့သည်။ ၎င်းဂျာနယ်သည် အင်တာနေရှင်နယ်၏ မြောက်အမေရိကတိုက် ဖက်ဒရေးရှင်း အတွင်းရှိ ခနရှင်နှင့် ခနရှင် ပေါက်စ အစိတ်အပိုင်းများကို ထောက်ခံခဲ့၏။ ၁၈၇၂ ခုနှစ်၊ စက်တင် ဘာလ ဟိတ်ဂ်မြို့တွင် ကျင်းပသော ကွန်ဂရက်နောက်ပိုင်းတွင် အင် တာနေရှင်နယ်နှင့် အဆက်အသွယ် ဖြတ်ခဲ့သည်။ **ကွန်မြူနစ် ပါတီကြေညာစာတမ်း**ကို ၎င်းဂျာနယ်တွင် ၁၈၇၂ ခုနှစ်၊ ဇန်နဝါရီ လနှင့် ဖေဖော်ဝါရီလတွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ (နှာ– ၁၈)

၃။ **ကိုလိုကော** (ခေါင်းလောင်း) ရုရှား ပြည်ပဟောင်းတွင် အလုပ်သမား လူတန်းစား တပ်ဦးပါတီ မပေါ်ပေါက်မီအချိန်က ဒီမိုကရေစီတော်လှန်ရေးသမားများ၏ ကြွေးကြော်သံ သတင်းစာ၏ အမည်ဖြစ်သည်။ ၁၈၅၇ ခုနှစ်၊ ဇူလိုင်လ မှစပြီး လန်ဒန်မြို့နှင့်ဂျီနီဗာမြို့များတွင် ထုတ်ဝေကာ ရုရှားပြည်ထဲသို့ ဖြန့်ချိခဲ့သည်။ ထင်ရှားသော ခေတ်ဟောင်း ရုရှားစာရေးဆရာ ဟာဇင်သည် ၎င်းသတင်းစာထုတ်ဝေသော 'လွတ်လပ်သည့် ရုရှားစာပုံနှိပ်တိုက်'ကို စတင် တည်ထောင် သူတဦးဖြစ်ခဲ့သည်။ (နှာ– ၂၁)

၄။ **ဂတ်ချီးနား**သည် ယခုဆိုဗီယက်ယူနီယံ လီနင်ဂရက်မြို့ (ခေတ်ဟောင်း ပီထရိုဂရက်မြို့) အနောက်တောင်ဘက်ရှိ အရပ်ဒေသအမည် ဖြစ်၏။ ၁၈၈၁ ခုနှစ်၊ မတ်လ ၁၃ ရက် နေ့တွင် ဒုတိယမြောက် အလက်ဇင်းဒါး ဇာဘုရင် လုပ်ကြံသတ်ဖြတ်ခံရပြီးနောက် တတိယမြောက် အလက်ဇင်းဒါး ဇာဘုရင်မှာ လုပ်ကြံ သတ်ဖြတ်ခံရမည်ကို ကြောက်ရွံ့သဖြင့် ပုန်းအောင်းနေသောနေရာကို ရည်ညွှန်းခြင်းဖြစ်သည်။ (နှာ– ၂၂)

၅။ **အော့ဗ်ရှီနား**သည် လူထုကိုယ်ပိုင်အုပ်ချုပ်သော ကျေးလက်အဖွဲ့ အစည်းဟု အဓိပ္ပာယ်ရ၏။ ရှေးဦးဘုံအဖွဲ့ လူ့အဖွဲ့အစည်း၏ အစောပိုင်းကာလ အဆင့်များတွင် ရှိသည့် လယ်သမား မြေယာ ဘုံပိုင်ဆိုင်မှု စနစ်ဖြစ်သည်။ ဤစနစ်သည် မတူသောသဏ္ဌာန် အမျိုးမျိုးဖြင့် ရုရှားပြည်ဟောင်းအပါအဝင် အချို့တိုင်းပြည်များတွင် နှစ်ဆယ်ရာစုနှစ်အထိ ရှိခဲ့သည်။ (နှာ– ၂၃)

၆။ **ကိုလုံးမြို့ ကွန်မြူနစ်အမှုစစ်ဆေးခြင်း** (၁၈၅၂ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့မှ နိုဝင်ဘာလ ၁၂ ရက်နေ့ထိ) မှာ ပရပ်ရှားအစိုးရက လုပ်ကြံဖန်တီးခဲ့သော အမှုတခုဖြစ်သည်။ ၎င်းအစိုးရသည် မာ့က်စ်၊ အိန်ဂယ်တို့က ခေါင်းဆောင်ကာ **ကွန်မြူနစ်ပါတီ ကြေညာ စာ**

**တမ်း** ကို မိမိလုပ်ငန်း စဉ် အဖြစ်ထားရှိသော ပစ္စည်းမဲ့ လူတန်းစား၏ ပထမ နိုင်ငံတကာ့ကွန်မြူနစ် အဖွဲ့အစည်းဖြစ်သည့် ကွန်မြူနစ် အသင်းချုပ် (၁၈၄၇– ၅၂) အဖွဲ့ဝင် ၁၁ ယောက်ကို ဖမ်း ဆီးခဲ့သည်။ သူတို့အား 'နိုင်ငံတော် သစ္စာဖောက်မှု' ဟူသော စွဲချက်ဖြင့် တရား ခွင်တင် စစ်ဆေးခဲ့သည်။ အတုအယောင် စာရွက် စာတမ်း သက်သေ များဖြင့် တရားရုံးက ကွန်မြူနစ်အသင်းချုပ် အဖွဲ့ဝင် ၇ ဦးကို ၃ နှစ်မှ ၆ နှစ်အထိ ထောင်ဒဏ်ပေးခဲ့၏။ မာ့က်စ်နှင့် အိန်ဂယ်တို့သည် ဤ အမှုစစ်ဆေးခြင်းနှင့် ပရပ်ရှားပုလိပ်များက နိုင်ငံတကာ့ အလုပ် သမားလှုပ်ရှားမှုကို ဆန့်ကျင်သော ကောက်ကျစ်မှုများကို အကုန် အစင်ဖွင့်ချတိုက်ခိုက်ခဲ့သည်။ (နှာ– ၂၇)

၇။ ၁၈၈၇ ခုနှစ်၊ ဆွမ်ဆီးမြို့တွင် ကျင်းပသော အလုပ်သမားသမဂ္ဂ ကွန် ဂရက်၌ဥက္ကဋ္ဌဖြစ်သူ ဒဗလျူ ဗီဗင် ပြောကြားခဲ့သော မိန့်ခွန်းကို ကိုးကား ထားခြင်း ဖြစ်သည်။ ဗီဗင်၏ မိန့်ခွန်းကို ၁၈၈၇ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့ထုတ် **ကွန်မွန်းဝီးလ်** ဂျာနယ်တွင် ထည့် သွင်းဖော်ပြခဲ့သည်။ (နှာ– ၂၉)

၈။ **ဝူးဒ်ဟားလ်နှင့် ကလာဖလင်**သည် နယူးယောက်မြို့တွင် ၁၈၇၀ ခုနှစ် မှ ၁၈၇၆ ခုနှစ်အထိ ခေရှင်လူတန်းစား အမျိုးသမီးအခွင့်အရေး တောင်းဆိုသူများက ထုတ်ဝေသော အမေရိကန်ဂျာနယ် အမည်ဖြစ် သည်။ ၁၈၇၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့ထုတ် ၎င်းဂျာနယ်တွင် **ကွန်မြူနစ်ပါတီကြေညာစာတမ်း**ကို ဖြတ်တောက်၍ ဖော်ပြခဲ့သည်။ (နှာ– ၂၉)

၉။ **ကွန်ဂရက်ပိုလန်** မှာ ၁၈၁၄– ၁၈၁၅ ခုနှစ် ဗီယာနာကွန်ဂရက် ဆုံးဖြတ်ချက်များအရ ပိုလန်ဘုရင့်နိုင်ငံဟူသော တရားဝင်အမည်ဖြင့် ရုရှားပြည်ပောင်းသို့ ပေးထားရသော ပိုလန်ပြည်၏ တစိတ်တပိုင်း ဖြစ်သည်။ (နှာ– ၄၄)

၁၀။ ဂျာမန်ဘာသာ စာမူရင်းတွင် "ပိုလန်ကိုချုပ်ထိန်းသော ကာကွယ်မှု အကောက်ခွန်စနစ် ကျင့်သုံးရန် တောင်းဆိုလိုက်ခြင်း" ဟု ပါရှိသည်။ (နှာ– ၄၅)

၁၁။ အလယ်ခေတ်ဆိုသည်မှာ ရှေးခေတ်၊ အလယ်ခေတ်၊ ခေတ်သစ်တို့ အနက် တခုကိုဆိုလိုပေသည်။ အလယ်ခေတ်သည် ခရစ်သက္ကရာဇ် ၁၀၀၀ ခုနှစ်မှ ၁၄၀၀ ခုနှစ်အတွင်း ကာလပိုင်းဖြစ်၏။ ခေတ်သစ် ဆိုသည်မှာ ခေတ်ကာလပိုင်းခြားမှု၏ အဓိပ္ပာယ်ကို ဆိုလိုခြင်းဖြစ်ပြီး ၁၄ ရာစုနောက်ပိုင်း ဥရောပတိုက်တွင် ပဒေသရာဇ်လယ်ကျွန်စနစ်ကို တွန်းလှန်သော တော်လှန်ရေးများနှင့်အတူ အရင်းရှင်စီးပွားရေးစနစ် ပေါ်ထွန်းလာသောကာလမှ ယနေ့ထိ ကာလပိုင်းတခုလုံးကို ဆိုလို သည်။ (နှာ– ၅၃)

၁၂။ ပဒေသရာဇ် စက်မှုလုပ်ငန်းဆိုသည်မှာ ဖွံ့ဖြိုးသောအရင်းရှင်စနစ် စက်မှုလုပ်ငန်း မဟုတ်၊ လက်မှုအများပိုင်းနှင့် စက်ကိရိယာ တစိတ် တပိုင်း ပါဝင်သော ထုတ်လုပ်ရေးကို ဆိုလိုသည်။ (နှာ– ၅၄)

၁၃။ ဂျာမန်ဘာသာ စာမူရင်းတွင် "ဆက်ဆံရေးများ" ဟု ပါရှိသည်။ နောက်ပိုင်း စာမျက်နှာများတွင်လည်း ဤအတိုင်းတွေ့ရှိရသည်။ (နှာ– ၆၂)

၁၄။ ဂျာမန်ဘာသာ စာမူရင်းတွင် "အမျိုးသမီးများနှင့် ကလေးများ" ဟု ပါရှိသည်။ (နှာ– ၆၄)

၁၅။ ဂျာမန်ဘာသာ စာမူရင်းတွင် "ငွေချေးစားသူကလေးများ" ဟု ပါရှိသည်။ (နှာ– ၆၅)

၁၆။ ဂျာမန်ဘာသာစာမူရင်းတွင်"အလုပ်သမားများသည် ခနရှင်ထုတ်

လုပ်ရေး အကြောင်းအချက်များကိုသာမက ထုတ်လုပ်ရေးကိရိယာ များကိုလည်း ထိုးနှက်တိုက်ခိုက်ကြသည်” ဟု ပါရှိသည်။

(နှာ– ၆၅)

၁၇။ ဂျာမန်ဘာသာ စာမူရင်းတွင် “အလုပ်သမားသမဂ္ဂများ” ဟူသော စကားလုံး မပါရှိပေ။ (နှာ– ၆၇)

၁၈။ ဂျာမန်ဘာသာ စာမူရင်းတွင် “အတိအလင်းပုန်ကန်မှုများ” ဟု ပါရှိသည်။ (နှာ– ၆၇)

၁၉။ ဂျာမန်ဘာသာ စာမူရင်းတွင် “သူတို့ကိုယ်ပိုင်ပညာရေး” ဟု ပါရှိသည်။ (နှာ– ၆၈)

၂၀။ ဂျာမန်ဘာသာ စာမူရင်းတွင် “များပြားလှသော ပညာရေး အစိတ်အပိုင်းများ” ဟု ပါရှိသည်။ (နှာ– ၆၈)

၂၁။ ဂျာမန်ဘာသာ စာမူရင်းတွင် “အလယ်အလတ်အလွှာ” ဟု ပါရှိသည်။ (နှာ– ၆၉)

၂၂။ ဂျာမန်ဘာသာ စာမူရင်းတွင်“လေလွင့်နေသော ပစ္စည်းမဲ့များ” ဟုပါရှိသည်။ (နှာ– ၆၉)

၂၃။ ဂျာမန်ဘာသာ စာမူရင်းတွင် “ကိုယ်ပိုင်အသိရှိသော” ဟူသော စကားလုံး မပါရှိပေ။ (နှာ– ၇၀)

၂၄။ ဂျာမန်ဘာသာ စာမူရင်းတွင် “တဦးချင်းပုဂ္ဂိုလ်များလက်တွင် ဥစ္စာဓနစုပုံနေခြင်း၊ အရင်းအနှီး ဖြစ်တည်လာခြင်းနှင့် တိုးပွား လာခြင်း” ဟု ပါရှိသည်။ (နှာ– ၇၂)

၂၅။ ဂျာမန်ဘာသာ စာမူရင်းတွင် "ထူးခြားသော" ဟု ပါရှိသည်။
(နှာ– ၇၃)

၂၆။ ဂျာမန်ဘာသာ စာမူရင်းတွင် "ပစ္စည်းမဲ့ပါတီများ" ဟု ပါရှိသည်။
(နှာ– ၇၃)

၂၇။ **ပြင်သစ်တော်လှန်ရေး** ဆိုသည်မှာ ၁၇၈၉ ခုနှစ် ၁၇၉၄ ခုနှစ်အထိ ဖြစ်ပွားသော ပြင်သစ် ဓနရှင်တော်လှန်ရေးကို ဆိုလိုသည်။ ၎င်း တော်လှန်ရေးသည် ပဒေသရာဇ်သက်ဦးဆံပိုင်စနစ်ကို ချေမှုန်းပစ်ကာ ပြင်သစ်ပြည်တွင် အရင်းရှင်စနစ် တိုးပွားရေးအတွက် လမ်းဖွင့်ပေးခဲ့၏။ သို့သော် ပြင်သစ်ဓနရှင်ကြီးများသည် တော်လှန်ရေး၏ အသီးအပွင့် များကို အပိုင်စီးပြီး အာဏာ သိမ်းယူ လိုက်ကြသည်။
(နှာ– ၇၄)

၂၈။ ဂျာမန်ဘာသာ စာမူရင်းတွင် "တဦးကတဦးကို သွေးစုပ်မှု အပေါ် တွင်" ဟု ပါရှိသည်။ (နှာ– ၇၄)

၂၉။ ဂျာမန်ဘာသာ စာမူရင်းတွင် "ပစ္စည်းမဲ့များ၏ အလုပ်" ပါ ထပ်မံ ဖြည့်စွက် ဖော်ပြထားသည်။ (နှာ– ၇၅)

၃၀။ ဂျာမန်ဘာသာ စာမူရင်းတွင် "အလယ်အလတ်လူတန်းစား" ဆိုသော စကားလုံး မပါရှိပေ။ (နှာ– ၇၈)

၃၁။ ဂျာမန်ဘာသာ စာမူရင်းတွင် "ပညာရေး" ဟု ပါရှိသည်။
(နှာ– ၇၉)

၃၂။ ဂျာမန်ဘာသာ စာမူရင်းတွင် "ပိုင်ဆိုင်မှုဆက်ဆံရေး" ဟု ပါရှိသည်။
(နှာ– ၇၉)

၃၃။ ဂျာမန်ဘာသာ စာမူရင်းတွင် "အလုပ်သမားများတွင် အဖတိုင်းပြည်မရှိ" ဟု ပါရှိသည်။ (နှာ– ၈၂)

၃၄။ ဂျာမန်ဘာသာ စာမူရင်းတွင် "အမျိုးသား၏ ခေါင်းဆောင်လူတန်းစား" ဆိုသော စကားလုံးအစား "အမျိုးသားဆိုင်ရာ လူတန်းစား" ဟု ပါရှိသည်။ (နှာ– ၈၂)

၃၅။ ဂျာမန်ဘာသာ စာမူရင်းတွင် "အဘိဓမ္မာ" စကားလုံးအပြင် "နိုင်ငံရေး" ဟူသော စကား လုံးပါရှိသည်။ (နှာ– ၈၃)

၃၆။ ဂျာမန်ဘာသာ စာမူရင်းတွင် "လူမှုရေးအာဏာဟောင်းကို ဆက်လက်တိုက်ခိုက်ရန် လိုအပ်လာပေသည်" ဟူသော စာပိုဒ် မပါရှိပေ။ ဤနေရာတွင် လူမှုရေးမှာ လူ့အဖွဲ့အစည်း ဟုလည်း အဓိပ္ပာယ်ရပေသည်။ (နှာ– ၈၅)

၃၇။ ဂျာမန်ဘာသာ စာမူရင်းတွင် "မြေယာပိုင်ဆိုင်မှုကို အပိုင်စီးခြင်းနှင့် မြေဆီခများကို နိုင်ငံတော် အသုံးစရိတ်သို့အပ်နှံခြင်း" ဟု ပါရှိသည်။ (နှာ– ၈၅)

၃၈။ ဂျာမန်ဘာသာ စာမူရင်းတွင် "တပြည်လုံးတွင် လူဦးရေပိုမိုမျှတစွာ ဖြန့်ခွဲခြင်းအားဖြင့်" ဟူသော စာပိုဒ်မပါရှိပေ။ (နှာ– ၈၆)

၃၉။ ဂျာမန်ဘာသာ စာမူရင်းတွင် "ကလေးသူငယ်အားလုံးကို လူ့အဖွဲ့အစည်းက ပညာသင်ကြားရေးနှင့် အခမဲ့ပညာသင်ကြားမှု" ဟု ပါရှိသည်။ (နှာ– ၈၆)

၄၀။ ဂျာမန်ဘာသာ စာမူရင်းတွင် "ရုပ်ဝတ္ထုထုတ်လုပ်ရေး" ဟု ပါရှိသည်။ (နှာ– ၈၆)

၄၁။ ဂျာမန်ဘာသာစာမူရင်းတွင်"အကြမ်းဖက်မှု"ဟု ပါရှိသည်။(နှာ– ၈၆)

၄၂။ **ပြင်သစ်လက်ဂျီတမစ်** (တရားဝင်) **ဝါဒီများ**သည် ၁၇၉၂ ခုနှစ်တွင် ဖြိုချခံလိုက်ရသော မြေရှင်ကြီးများနှင့် အထက်တန်းစား ဘုန်းကြီးများ၏ အကျိုးစီးပွားကို ကိုယ်စားပြုသည့် ဘော်ဘွန် မင်းဆက်ကို ထောက်ခံကြသူများ ဖြစ်ကြသည်။ ၁၈၃၀ ခုနှစ်တွင် ၎င်း မင်းဆက်ကို ဒုတိယအကြိမ် တွန်းလှန်ပြီးသည့်နောက်တွင် သူတို့သည် ပါတီဖွဲ့ စည်းခဲ့၏။ ဘဏ္ဍာရှင် မင်းညီမင်းသားနှင့် ဓနရှင်ကြီးလူတန်းစားကို ဒေါက်တိုင်အဖြစ် ထားရှိသော အော်လီယွန်မင်းဆက်ကို ဆန့်ကျင်ရာတွင် ၎င်းဝါဒီ တစိတ်တပိုင်းသည် လူမှုရေးပြဿနာများတွင် မကြာခဏလိမ်လည် ဝါဒဖြန့်ကြသည်။ သူတို့သည် ဓနရှင်လူတန်းစားသွေးစုပ်မှုမှ လုပ်သား များကို ကာကွယ်သူများ ဖြစ်လေဟန် ဆောင်ကြသည်။ (နှာ– ၈၉)

၄၃။ **ယန်းအင်္ဂလန်** (နုပျိုသောအင်္ဂလန်ပြည်) သည် အင်္ဂလန်ပြည် တိုရီပါတီ (ယခု ကွန်ဆာဗေးတစ်ပါတီ) နှင့် ပတ်သက်သော နိုင်ငံရေးသမား၊ စာပေသမား အုပ်စုဖြစ်ပြီး ၁၈၄၀ ခုနှစ် အစောပိုင်းတွင် ဖွဲ့စည်းခဲ့သည်။ ဓနရှင်လူတန်းစား၏ စီးပွားရေး၊ နိုင်ငံရေးအင်အား ကြီးထွားလာမှုတို့ အပေါ် မြေယာ မင်းညီမင်းသားများ၏ မကျေမချမ်းဖြစ်မှုကို ၎င်းတို့က ထင်ဟပ်ပြကြသည်။ ၎င်းအစုသည် အလုပ်သမားလူတန်းစားအပေါ် ဩဇာရှိရန်နှင့် ဓနရှင်ဆန့်ကျင်ရေးတိုက်ပွဲတွင် အလုပ်သမားလူတန်းစားကို အသုံးချရန်အတွက် လိမ်လည်လှည့်ဖြားသော နည်းများကို ကျင့်သုံးကြသည်။ (နှာ– ၈၉)

၄၄။ ဂျာမန်ဘာသာ စာမူရင်းတွင် "စက်မှုလုပ်ငန်းတည်းဟူသော သစ်ပင်မှ ကြွေကျလာသော" ဟူသည့်စာပိုဒ် မပါရှိပေ။ (နှာ–၉၀)

၄၅။ ဂျာမန်ဘာသာ စာမူရင်းတွင် ၎င်းစာကြောင်းနှင့်ဆက်လျက် "စစ်မှန်သော လူ့အဖွဲ့အစည်းနှင့် ပတ်သက်၍လည်းကောင်း၊ လူသားတို့၏ အနှစ်သာရကို အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍လည်း ကောင်း အဓိပ္ပာယ်မရှိသော တွေးတောမှုများအဖြစ် မလွှဲမသွေ ပေါ်

လာရ တော့သည်” ဟူသော စာကြောင်းပါရှိသည်။ ၁၈၇၂ ခုနှစ်၊ ၁၈၈၃ နှင့် ၁၈၉၀ ခုနှစ် ပုံနှိပ်ခြင်းများတွင် ဤစာကြောင်းကို “လူသားတို့၏ အနှစ်သာရကို အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ အဓိပ္ပာယ်မရှိသော တွေးတောမှုများအဖြစ် မလွဲမသွေ ပေါ်လာရ တော့သည်” ဟု ရေးသားထားသည်။ (နှာ– ၉၃)

၄၆။ ဂျာမန်ဘာသာ စာမူရင်းတွင် “အခစားအလုပ်” ဟု ပါရှိသည်။ (နှာ– ၉၈)

၄၇။ ဂျာမန်ဘာသာ စာမူရင်းတွင် “ပြုပြင်ရေး” ဟူသော စကားလုံး မပါရှိပေ။ (နှာ– ၉၉)

၄၈။ ဂျာမန်ဘာသာ စာမူရင်းတွင် “တောနှင့် မြို့၏ဆန့်ကျင်ဘက်ဖြစ်မှု” ဟု ပါရှိသည်။ (နှာ– ၁၀၁)

၄၉။ ဂျာမန်ဘာသာ စာမူရင်းတွင် “အနာဂတ် လူ့အဖွဲ့အစည်းနှင့် ပတ်သက်သော သူတို့၏ အပြုသဘော တင်ပြချက်များ” ဟု ပါရှိသည်။ (နှာ– ၁၀၂)

၅၀။ **ချားတစ်စ်လှုပ်ရှားမှု** (အင်္ဂလိပ်စကားလုံး ချာတာမှလာသည်။ အုပ်ချုပ်ရေးအာဏာပိုင်များက စာဖြင့် ရေးသားကာ ပေးအပ်လိုက်သည့် အခွင့်အရေးများဟု အဓိပ္ပာယ်ရသည်။ ၁၈၃၇ ခုနှစ်မှ ၁၈၄၇ ခုနှစ်အတွင်းတွင် ဥပဒေပြုပြင်ရန် တောင်းဆိုသော လှုပ်ရှားမှုတွင် ပါဝင်သူများ၏ တောင်းဆိုချက်ဖြစ်သည့် “ပြည်သူ့ချာတာ” စကားလုံးမှ ဆင်းသက်လာသည်။ ဤလှုပ်ရှားမှုတွင် ပါဝင်သူများကို ချားတစ်စ် ဟုလည်းကောင်း၊ ၎င်းဝါဒကို ချားတစ်စ်ဝါဒဟုလည်းကောင်း ခေါ်ဝေါ်သည်) မှာ နိုင်ငံတကာ့ အလုပ် သမားလှုပ်ရှားမှုသမိုင်းတွင် ပထမဆုံးအကြိမ် ပစ္စည်းမဲ့လူတန်းစား၏ လူထုလက္ခဏာ ဆောင်သော

တော်လှန်သည့် နိုင်ငံရေးလှုပ်ရှားမှု ဖြစ်သည်။ ၎င်းလှုပ်ရှားမှုသည် ၁၈၃၀ ခုနှစ် အလယ်ပိုင်းနှင့် ၁၈၄၀ ခုနှစ် အကုန်ကာလအတွင်း အင်္ဂလန်ပြည်တွင် ဖြစ်ပေါ်ခဲ့သည်။ အလုပ်သမားများ၏ ဆိုးဝါးလှသော စီးပွားရေးအခြေအနေနှင့် ၁၈၃၂ ခုနှစ် ပါလီမန်စနစ် ပြုပြင်ရေးအပေါ် မကျေနပ်မှု (၎င်းပါလီမန် ပြုပြင်ရေးသည် ဓနရှင် လူတန်းစားကိုသာ အခွင့်အရေး ပိုမိုပေးခဲ့သည်) ကြောင့် ဖြစ် လာသည်။ ချား တစ်စ်လှုပ်ရှားမှု၏ ပထမ ကွန်ဂရက်ကို ၁၈၃၉ ခုနှစ် ဖေဖော်ဝါရီလတွင် ပြုလုပ်ခဲ့၏။ မာ့က်စ်နှင့် အိန်ဂယ်တို့သည် ချားတစ်စ်လှုပ်ရှားမှု၏ လက်ဝဲဂိုဏ်း ခေါင်းဆောင်များကို ဒီမိုကရေစီ တောင်းဆိုချက်များနှင့် ဆိုရှယ်လစ်ဝါဒအရေး တိုက်ပွဲကို ပေါင်းစပ်ပေးရန် ညွှန်ပြခဲ့ပေသည်။ ချားတစ်စ်လှုပ်ရှားမှုသည် အင်္ဂလန်ပြည် လူ့အဖွဲ့အစည်း ဖြစ်ပေါ်တိုးပွားမှုအပေါ် အတော်အတန် ဂယက်ရိုက်မှုကို ဖြစ်စေသည်။ အုပ်စိုးသူလူတန်းစားသည် မတတ်သာသဖြင့် အမျိုးသမီးနှင့် လူငယ်များ၏ အလုပ်ချိန်ကို ၁၀ နာရီသို့ လျှော့ချသည့် ဥပဒေကို ၁၈၄၇ ခုနှစ်တွင် ပြဋ္ဌာန်းပေးခဲ့ရသည်။ ဤစာအုပ် စာမျက်နှာ ၇၈ ပထမအပိုဒ်တွင် ၎င်းအချက်ကို ဖော်ပြထားသည်။

(နှာ– ၁၀၃)

၅၁။ ဂျာမန်ဘာသာ စာမူရင်းတွင် "လူတန်းစား" ဆိုသော စကားလုံး မပါဘဲ "အလုပ်သမားပါတီများ" ဟု ရေးသားထားသည်။

(နှာ– ၁၀၄)

၅၂။ ဂျာမန်ဘာသာ စာမူရင်းတွင် "တည်ရှိနေသော လူ့အဖွဲ့အစည်း စနစ်တခုလုံး" ဟု ပါရှိသည်။ (နှာ– ၁၀၆)

၅၃။ ဂျာမန်ဘာသာ စာမူရင်းတွင် "တိုင်းပြည်အားလုံးရှိ ပစ္စည်းမဲ့များ သွေးစည်း ကြလော့!" ဟု ပါရှိသည်။ (နှာ– ၁၀၆)

# အမည်အညွှန်း

**ကာဘက်** (အက်တိန်နီ ကာဘက်၊ ၁၇၈၈– ၁၈၅၆) ပြင်သစ် စိတ်ကူးယဉ်ကွန်မြူနစ်ဝါဒီ တဦးဖြစ်သည်။ "အီကာရီယာခရီးစဉ်" အမည်ရှိ စာအုပ်ကို ရေးသားခဲ့ သူဖြစ်သည်။

(နှာ– ၃၁)

**ဂရွန်** (ကားလ်–သီယိုဒို ဂရွန်၊ ၁၈၁၇– ၁၈၈၇) ဂျာမန်ဓနရှင်ပေါက်စ စာရေးဆရာဖြစ်သည်။ ၁၈၄၀ ခုနှစ် အလယ်ပိုင်းတွင် "စစ်မှန်သော" ဆိုရှယ်လစ်ဝါဒကို အဓိကကိုယ်စားပြုသူ တဦး ဖြစ်သည်။ (နှာ– ၉၇)

**စိန့်–ဆိုင်မွန်** (ဟင်နရီကလော့ဒ် စိန့်– ဆိုင်မွန်၊ ၁၇၆၀– ၁၈၂၅) ပြင်သစ်ပြည် စိတ်ကူးယဉ် ဆိုရှယ်လစ်ဝါဒကို ရှေ့ဆောင်သူ တဦးဖြစ်သည်။ မာ့က်စ်ဝါဒ မပေါ်ပေါက်မီ ကာလ၌ ၎င်းသည် ဓနရှင်အဘိဓမ္မာ၊ ဓနရှင်လူမှုရေးနှင့် အရင်းရှင် စနစ်ကို ဝေဖန်ကာ ကမ္ဘာတွင် အရင်းရှင်ဆိုရှယ်လစ်စနစ် ထူထောင်ရေးကို အိပ်မက်,မက်ခဲ့သည်။ ၎င်းသည် အရင်းရှင်စနစ်၏ အနှစ်သာရကိုနားမလည်၊ ဆိုရှယ်လစ်ဝါဒ လမ်းကြောင်းကိုလည်း မတွေ့မြင်ခဲ့ပေ။ (နှာ– ၉၉)

**ဆစ်စ်မွန်ဒီ** (ဂျင်– ချားလ် ဆိုင်မွန်ဒီ ဒီ ဆစ်စ်မွန်ဒီ၊ ၁၇၇၃– ၁၈၄၂) ဆွစ်ဇာလန်ပြည်မှ ဘောဂဗေဒပညာရှင် တဦးဖြစ်သည်။ ဓနရှင်ပေါက်စအမြင်ဖြင့် အရင်း ရှင်စနစ်ကို ဝေဖန်ခဲ့သူ ဖြစ်သည်။ (နှာ– ၉၂)

**ဇဆူးလစ်ချ်** (ဘဲရာအီဗန်နော့ဗ်နား ဇဆူးလစ်ချ်၊ ၁၈၄၉– ၁၉၁၉)

ရုရှားပြည်တွင် ပစ္စည်းမဲ့လူတန်းစား တပ်ဦးပါတီ မရှိသေးမီကာလ၌ ပေါ်ပေါက်လာသော နရော့ဒ်နစ် (ပြည်သူ့) လှုပ်ရှားမှုတွင် ထင်ရှားသော အမျိုးသမီးတဦးဖြစ်၏။ ၁၈၈၃ ခုနှစ် ဆိုရှယ်ဒီမိုကရေစီ လှုပ်ရှားမှုအတွင်းတွင် မာ့က်စ်ဝါဒ လေ့လာပြန့်ပွားရေး "အလုပ်သမား လွတ်မြောက်ရေး" အမည်ရှိသော ပါတီအစုကို တည်ထောင်ရာ၌ ပါဝင်ဆောင်ရွက်ခဲ့သည်။ မာ့က်စ်နှင့် အိန်ဂယ်တို့က သူမထံသို့ သဘောတရားရေးရာ ပြဿနာနှင့် ပတ်သက်သော စာများရေးပို့ခဲ့သည်။ ၎င်းသည် အိန်ဂယ်ရေးသားသော စိတ်ကူးယဉ်နှင့် ဝိဇ္ဇာနည်းကျ ဆိုရှယ်လစ်ဝါဒကို ရုရှားဘာသာ ပြန်ဆို ခဲ့သည်။ ၁၉၀၀ ခုနှစ် ပါတီမှလျှို့ဝှက်ထုတ်ဝေသော သဘောတရားရေး သတင်းစာ "အစ်ကရား" (မီးပွား) နှင့် "ဇားရား" (အရုဏ်ဦး) တို့၏ အယ်ဒီတာအဖွဲ့ဝင် တဦးဖြစ်ခဲ့သည်။ ရုရှားပြည်ဆိုရှယ်ဒီမိုကရက်တစ် အလုပ်သမားပါတီ ဒုတိယကွန်ဂရက်တွင် လီနင်ခေါင်းဆောင်သော ဗော်ရှီဗစ်နှင့် လီနင်ဝါဒ၏ ဆန့်ကျင်ဘက်ဖြစ်သော မင်ရှီဗစ်ဟူ၍ သဘောတရားရေးရာ ကွဲလွဲရာ၌ ဇဆူးလစ်ချ်သည် မင်ရှီဗစ်အစု၏ ခေါင်းဆောင်တဦးဖြစ်သည်။ ပထမ ကမ္ဘာစစ်ပွဲ ကာလ၌ ဆိုရှယ်ရှော်ဗင်ဝါဒ (ခနေရှင်အမျိုးသားရေးဝါဒ) ဘက်တွင် ရပ်တည်ခဲ့ကာ မဟာအောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေးကို မထောက်ခံသူဖြစ်သွားသည်။ (နှာ– ၂၉)

**ဒါဝင်** (ချားလ် ရောဘတ် ဒါဝင်၊ ၁၈၀၉– ၁၈၈၂) ဇီဝဗေဒဆိုင်ရာ ပေါက်ပွားမှုနှင့် တိုးပွားမှုသဏ္ဍာန်များကို စတင်တွေ့ရှိသူ အင်္ဂလိပ်ခနေရှင်လူတန်းစား ဝိဇ္ဇာပညာရှင်ကြီး ဖြစ်သည်။ ၎င်းက သက်ရှိသတ္တဝါနှင့် သစ်ပင်များသည် အဆက်မပြတ်ဖြစ်ပေါ် တိုးပွားပြောင်းလဲနေကြောင်း၊ သဏ္ဍာန်သစ်များ

ဖြစ်ပေါ်နေကြောင်း၊ လူများသည် လူဝံမှ တစတစ ပြောင်းလဲ သက်ဆင်းလာကြောင်းများကို မချေပနိုင်သော အထောက် အထားများဖြင့် ရှင်းလင်း ပြသခဲ့သည်။ ကမ္ဘာလောကနှင့် လူသားများကို မည်သည့်နတ်ဘုရားကမှ မဖန်ဆင်းကြောင်း ဖော်ပြကာ ဘာသာရေးသင်ကြားချက် အားလုံးကို ချေပခဲ့၏။ သို့သော် ဒါဝင်သည် မိမိ၏ဝိဇ္ဇာပညာကို သဘာဝနယ် ပယ်တွင်သာ ကန့်သတ်ထားရှိပြီး လူ့အဖွဲ့အစည်းဖြစ်ပေါ် တိုးပွားလာမှုကို အပြည့်အဝရှင်းလင်းမပြနိုင်ခဲ့ပေ။ မာ့က်စ်၊ အိန်ဂယ်တို့သည် ဒါဝင်၏ သဘောတရားကို အနု ပဋိလော မ သမိုင်းရုပ်ဝါဒအမြင်ဖြင့် ပြည့်စုံအောင် ဖြစ်ပေါ် တိုးပွား လိုက်သည်။ (နှာ– ၃၂)

**ဒန်တေ** (အယ်လီဂယ်ရီ ဒန်တေ၊ ၁၂၆၅– ၁၃၂၁) အီတလီလူမျိုး ကဗျာဆရာနှင့် အီတလီစာပေ၏ ကဏ္ဍသစ်ကို စတင်ဖွင့် လှစ်လိုက်သူ ဖြစ်သည်။ လယ် ကျွန် စနစ်ကုန်ဆုံးတော့မည့် ခေတ်ကာလ၌ ပြောင်မြောက်သော အရေးအသားဖြင့် ကဗျာရှည်ကြီးများကို သီကုံးရေးသားခဲ့သည်။ ဒန်တေ၏ ကဗျာများသည် ကမ္ဘာ့ စာပေသမိုင်းတွင် ဂန္ထဝင်စာပေများ ဖြစ်လာခဲ့သည်။ (နှာ– ၄၉)

**ပလက်ကနော့ဗ်** (ဂရီဂို ရီဗလန်တီနိုးဗစ် ပလက်ကနော့ဗ်၊ ၁၈၅၆– ၁၉၁၈) ရုရှားပြည်တွင် မာ့က်စ်ဝါဒကို စတင်ဖြန့်ဖြူးသူ၊ ဝါဒဖြန့်ချိသူနှင့် ရုပ်ဝါဒအဘိဓမ္မာပညာရှင် တဦးဖြစ်သည်။ ၁၉၀၃ ခုနှစ် ရုရှားပြည် ဆိုရှယ်ဒီမိုကရက်တစ် အလုပ်သမားပါတီ၏ ဒုတိယ ကွန်ဂရက် ပြီးသည့်နောက်မှစ၍ လီနင်ဝါဒနှင့် ဆန့်ကျင် ဘက်ဖြစ်သော မင်ရှီဗစ်အချောင်ဝါဒကို ရပ်တည်သူ ဖြစ် သွားသည်။ (နှာ– ၂၉)

**ပရောက်ဒွန်း** (ပီရာ ဂျိုးဇက် ပရောက်ဒွန်း၊ ၁၈၀၉– ၁၈၆၅) ပြင်သစ် စာရေးဆရာ သိမ်ဖျင်းသောဘောဂဗေဒ၊ လူမှုရေးပညာ ရှင်နှင့် ခနရှင်ပေါက်စ သဘောတရားရေးဆရာ တဦးဖြစ် သည်။ မာ့က်စ်ဝါဒနှင့် ဆန့်ကျင်ဘက် မင်းမဲ့ဝါဒကို စတင်တီ ထွင်သူ တဦးဖြစ်သည်။ (နှာ– ၉၇)

**ဖိုးရီးယား** (ချားလ် ဖိုးရီးယား၊ ၁၇၇၂– ၁၈၃၇) ပြင်သစ်ပြည် စိတ်ကူး ယဉ်ဆိုရှယ်လစ်ဝါဒကို ရှေ့ဆောင်သူ တဦးဖြစ်သည်။ ၎င်းသည် အကြမ်းဖက်တော်လှန်ရေးကို ဆန့်ကျင်ကာ မိမိ၏ အတွေး အခေါ်များကို ငြိမ်းချမ်းစွာ ဝါဒဖြန့်ချိခြင်းဖြင့် အနာဂတ်ဆို ရှယ်လစ် လူ့အဖွဲ့အစည်းကို စည်းရုံးနိုင်သည်ဟု စိတ်ကူး ယဉ် ယူဆသည်။ (နှာ– ၉၉)

**မိုး** (ဆယ်မြူရယ် မိုး၊ ၁၈၃၀– ၁၉၁၂) မာ့က်စ်ရေးသားသော အရင်းကျမ်းနှင့် ကွန်မြူ နစ်ပါတီကြေညာစာတမ်းကို အင်္ဂ လိပ်ဘာသာသို့ ဘာသာပြန်ဆိုခဲ့သူ ဖြစ်သည်။ မာ့က်စ်၊ အိန်ဂယ်တို့၏ မိတ်ဆွေတဦးဖြစ်သည်။ (နှာ– ၃၄ )

**လာဆေး** (ဖာဒီနန် လာဆေး၊ ၁၈၂၅– ၁၈၆၄) ဂျာမန်ခနရှင်ပေါက်စ ဆိုရှယ်လစ်ဝါဒီနှင့် နိုင်ငံတကာ့အလုပ်သမား လှုပ်ရှားမှု အတွင်းရှိ လက်ယာအချောင်ဝါဒ တမျိုးဖြစ်သော “လာ ဆေးဝါဒ” ကို တီထွင်ခဲ့သူဖြစ်၏။ ၎င်းသည် ဂျာမဏီပြည်လုံး ဆိုင်ရာ အလုပ်သမားအဖွဲ့၏ ဥက္ကဋ္ဌဖြစ်ခဲ့သည်။ ၎င်းသည် အလုပ်သမား လူတန်းစား လှုပ်ရှားမှုကို ငြိမ်းချမ်းသော ပါလီ မန် လွှတ်တော်၌သာ ကန့်သတ်ထားရှိသည်။ ဥပဒေတွင်း စည်းရုံးရေး၊ ပြည်လုံးကျွတ် ရွေးကောက်တင်မြှောက်ခွင့်၊ အလုပ်သမား ထုတ်လုပ်ရေးအဖွဲ့များ ဖွဲ့စည်းသောလမ်း ကြောင်းဖြင့် ထောက်ပံ့ကြေး ငွေများပေးသော နိုင်ငံ တော်

တည်ထောင်ရေး၊ ဤသို့အားဖြင့် “လွတ်လပ်သော ပြည်သူအားလုံး၏ နိုင်ငံတော်” ဟူသော လူ့အဖွဲ့အစည်း သစ် ဖြစ်နိုင်သည်ဟု လာဆေး ဝါဒီများက ယူဆကြသည်။ ၎င်းတို့က လယ်သမား လူတန်းစားကို ဖောက် ပြန်သူများဟု သဘောထားသည်။ လာဆေး၏ နိုင်ငံရေးနှင့် သဘောတရား ရေးရာ အမှားများကို မာ့က်စ်၏ **ဂိုသာလုပ်ငန်းစဉ် ဝေဖန် ချက်** နှင့် လီနင်၏ **နိုင်ငံတော်နှင့် တော်လှန်ရေး** ကျမ်းများတွင် ချေပတိုက်ခိုက်ထားသည်။ (နှာ– ၂၈ )

**ဝက်တလင်း** (ဝီလ်ဟမ် ဝက်တလင်း၊ ၁၈ဝ၈– ၁၈၇၁) ဂျာမန်လက် မှုပညာသည် ဖြစ်သည်။ ဂျာမန်စိတ်ကူးယဉ် တန်းတူရေး ဝါဒဖြစ်သော ကွန်မြူနစ်ဝါဒ၏ ပေါ်လွင်ထင်ရှားဆုံးသော ကိုယ်စားလှယ်ဖြစ်သည်။ ၎င်းသည် ဖိုးရီးယား (အထက်တွင် ဖော်ပြပြီး) ၏သြဇာအရှိန်သက်ရောက်မှုကို ခံခဲ့ရသည်။
( နှာ – ၃၁)

**ဟာဇင်** (အလက်ဇင်းဒါး အီဗန်နိုးဗစ် ဟာဇင်၊ ၁၈၁၂– ၁၈၇ဝ) ခေတ် ဟောင်း ရုရှားပြည်တွင် ထင်ရှားသော ဒီမိုကရေစီတော် လှန်ရေးသမား၊ ရုပ်ဝါဒအဘိဓမ္မာဆရာ၊ စာရေးဆရာနှင့် သတင်းစာဆရာဖြစ်သည်။ တိုးတက်သော အယူအဆများ ကို စွဲကိုင်ကာ ဇာဘုရင်စနစ်ကို ဆန့်ကျင်သဖြင့် အဖမ်းခံ နယ်နှင်ခံခဲ့ရသည်။ ရုရှား ပြည်တွင် ရုပ်ဝါဒကျမ်းများကို ရေးသားပြုစုခဲ့သည်။ ရုရှားပြည် ဒီမိုကရေစီ တော်လှန်ရေး သမားများ၏ ကြွေးကြော်သံဖြစ်သော **ကိုလိုကော** (ခေါင်း လောင်း) သတင်းစာကိုပုံနှိပ်သည့် စာပုံနှိပ်တိုက်ကို ပြည်ပ တွင် တည်ထောင်ခဲ့သူ တဦးဖြစ်သည်။ ဟာဇင်သည် ဒီမို ကရေစီဝါဒမှ ခွဲခွာကာ လစ်ဘရယ်ဝါဒဘက်သို့ ယိမ်းယိုင် သွားခဲ့ရာမှ ၁၈၆ဝ ခုနှစ်များတွင် တော်လှန်သော ဒီမို

ကရေစီဝါဒအတွက် ရပ်တည် သူဖြစ်လာကြောင်း လီနင်၏ **ဟာဇင်အားသတိရခြင်း** ဆောင်းပါးတွင် ရေးသားထား သည်။ (နှာ– ၂၉)

**အိုဝင်**

(ရောဘတ် အိုဝင်၊ ၁၇၇၁– ၁၈၅၈) စိတ်ကူးယဉ် ဆိုရှယ် လစ်ဝါဒကို ရှေ့ဆောင်သူ အင်္ဂလန်ပြည် စကော့တလန်ပြည် နယ်မှ စက်မှုလုပ်ငန်းရှင်ကြီး တဦးဖြစ်သည်။ ၎င်းပိုင် စက်ရုံ တွင် အလုပ်ချိန်လျှော့ချပေးခြင်း၊ ကလေးများအတွက် ကျောင်းများ ဖွင့်ပေးခြင်း၊ ကလေးထိန်းဌာန ဖွင့်လှစ်ပေးခြင်း များ ပြုခဲ့သည်။ ထို့ပြင် ဤအတွေ့ အကြုံမှ စိတ်ကူးယဉ် ကွန် မြူနစ်စနစ် ပုံစံကို ရေးသားပြုစုခဲ့၏။ ၎င်းက လူ့အဖွဲ့ အစည်း၏ ဆင်းရဲဒုက္ခများသည် အရင်းရှင်စနစ်ကြောင့်ဟု မမြင်ဘဲ လူများ၏ မသိနားမလည်မှုကြောင့် ဖြစ်သည်ဆိုကာ လူ့ အဖွဲ့အစည်း၏ ပဋိပက္ခများကို အသိပညာဖြန့်ဖြူးပေးခြင်း အားဖြင့် ကွယ်ပျောက်သွားမည်ဟု ယူဆခဲ့၏။ အကြမ်းဖက် တော်လှန်ရေးကို မယုံကြည်သူနှင့် အလုပ်သမားလူတန်းစား ၏ သမိုင်းဆိုင်ရာအခန်းကို နားမလည်သူ ဖြစ်သည်။ ၎င်း၏ သဘောတရားများသည် စိန့်–ဆိုင်မွန်၊ ဖိုးရီးယားတို့ကဲ့ သို့ပင် ဝိဇ္ဇာနည်းကျဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒ မပေါ် ပေါက်မီကာလ၏ သမိုင်းဆိုင်ရာဖြစ်စဉ်တွင် ပါဝင်ခဲ့ပေ၏။ (နှာ– ၉၉)

၁၉၇၃ ခုနှစ် မတ်လ ၅ ရက်နေ့တွင် စတင် ဘာသာပြန်၍ ၁၉၇၆ ခုနှစ် ဒီဇင်ဘာလတွင် တည်းဖြတ်သည်။

၁၉၇၇ ခုနှစ် စက်တင်ဘာလ ၂၀ ရက် နေ့တွင် ဒုတိယအကြိမ် စတင် ပုံနှိပ်ကာ ဒီဇင်ဘာလတွင် ပုံနှိပ်ပြီးစီးသည်။

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကွန်မြူနစ်ပါတီ ကြေညာစာတမ်း နှစ် ၁၆၀ မြောက် အထိမ်းအမှတ်အဖြစ် ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုဝါဒဖြန့်ချိရေးဌာနမှ တတိယအကြိမ် ပုံနှိပ်ထုတ်ဝေသည်။